# ကြေးမုံ

The Mirror

Established in 1957

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်၊ အင်္ဂါနေ့၊ (11-11-2014) (၈၀၂၁)


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အင်္ဂလန်နိုင်ငံသို့ သဝဏ်လွှာပေးပို့

**နေပြည်တော် နိုဝင်ဘာ ၁၁**

၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် ကျရောက်သော အင်္ဂလန်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အင်္ဂလန်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟိုဆေး အက်ဒွာဒို ဒိုစ် ဆန်တိုစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## တရုတ်ဝန်ကြီးချုပ် မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်မည်

**နေပြည်တော် နိုဝင်ဘာ ၁၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ လီခဲချန်းသည် မြန်မာနိုင်ငံတွင်ကျင်းပပြုလုပ်မည့် (၂၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် (၉) ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးသို့ တက်ရောက်ပြီးနောက် တစ်ဆက်တည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး လည်ပတ်မည်ဖြစ်သည်။ **(သတင်းစဉ်)**

# ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် ဂျပန်နိုင်ငံ တိုကျို-မစ်ဆူဘီရှီဘဏ် ယူအက်ဖ်ဂျေလီမိတက် ဒုတိယဥက္ကဋ္ဌ မစ္စတာ တာကရှိ မိုရိမိုရ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော်သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ ဒေါက်တာမောင်မောင်သိမ်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်တို့ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးကဏ္ဍတွင် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည့်ကိစ္စရပ်များအပေါ် ရင်းနှီးစွာဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**



**ဒုတိယသမ္မတ ဦးဉာဏ်ထွန်း ဂျပန်နိုင်ငံ တိုကျို-မစ်ဆူဘီရှီဘဏ် ယူအက်ဖ်ဂျေလီမိတက် ဒုတိယဥက္ကဋ္ဌအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)

## (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးသို့ ပြည်တွင်း ပြည်ပ မီဒီယာ ၁၃၀၀ ကျော် လာရောက် သတင်းရယူမည်

သတင်း စာမျက်နှာ » ၉

## လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်

**နေပြည်တော် နိုဝင်ဘာ ၁၀**

ယနေ့နံနက် ၁၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နေသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်သည်။ **(ကြေးမုံ)**

# မြန်မာကွန်ဗင်းရှင်းဗဟိုဌာနမှ ကြိုတင်ပြင်ဆင်မှု စကားသံများ

တွေ့ဆုံမေးမြန်း – မိုးသူဇာစိုး၊ ဟန်နီဝင်း
ဓာတ်ပုံ – ကျော်ဇေယျ၊ ကိုကိုလေး

(၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများကို မကြာမီရက်ပိုင်းအတွင်း ကျင်းပတော့မည်ဖြစ်ရာ အစည်းအဝေးများ ကျင်းပမည့် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ အဆောက်အအုံကြီးတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ မြန်မာ့သတင်းစဉ်မှ သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**ဦးထွန်းလင်း**
**(အဖွဲ့ဝင်၊ အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ)**

MICC-1 မှာ ၂၀၁၄ ဇန်နဝါရီလကတည်းက အာဆီယံထိပ်သီးအစည်းအဝေးကြီးအတွက် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီနဲ့အခြားပုဂ္ဂလိကအဖွဲ့အစည်းတွေ ပူးပေါင်းပြီး ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းတွေ ဆောင်ရွက်ခဲ့ပါတယ်။ အစည်းအဝေးကြီး အောင်မြင်စွာ ကျင်းပနိုင်ဖို့ အဓိကကျတဲ့အဆောက်အအုံဖြစ်တဲ့ MICC-1 မှာ အစည်းအဝေးဖွင့်ပွဲ၊ ပိတ်ပွဲနဲ့ညစာစားပွဲတွေ ကျင်းပလို့ရတဲ့ ခန်းမကြီး ခြောက်ခု ရှိပါတယ်။ ဒီလိုခန်းမကြီးတွေအပါအဝင် အဆောက်အအုံတစ်ခုလုံးအတွက် လိုအပ်တဲ့ ရေလိုင်း၊ မီးလိုင်း၊ အိုင်စီတီ၊ သန့်ရှင်းရေးနဲ့ သစ်ပင်ပန်းမန်စိုက်ပျိုးရေး၊ မိလ္လာစနစ်ထိန်းသိမ်းမှုတွေကို စနစ်တကျဆောင်ရွက်ထားပါတယ်။ လျှပ်စစ်ဓာတ်အားလိုင်းအနေနဲ့ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းက ပေးဝေတဲ့ဓာတ်အားလိုင်းအပြင် အရန်ဓာတ်အားပေးဝေနိုင်အောင် ၅၀၀ ကေဗွီအေမီးစက်ကြီး ငါးလုံးတစ်ပြိုင်တည်း တပ်ဆင်ထားပါတယ်။ ဒီ့အပြင် အလိုအလျောက်ဓာတ်အားပေးနိုင်တဲ့ ယူပီစက်စနစ်သုံး ၃၆၉ ကေဗွီအေရှိတဲ့ ဓာတ်အားလိုင်းတွေက အဆောက်အအုံကြီးတစ်ခုလုံးရဲ့ ၈၀ ရာခိုင်နှုန်းကို တစ်နာရီကြာပေးထားနိုင်တဲ့စနစ်တွေ တပ်ဆင်ထားပါတယ်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❐



**မီဒီယာများအတွက် MICC - 1 အဆောက်အအုံအတွင်းရှိ MEDIA Center(1)ကို တွေ့ရစဉ်။**




ကြေးမုံစာတည်းရှုထောင့် ၁၁-၁၁-၂၀၁၄၊ အင်္ဂါနေ့

# အခါမဲ့မိုးလေကို အစဉ်သတိပြု

မုန်တိုင်းအရှိန်ကြောင့်ဖြစ်ပေါ်လာသော လေပြင်းများကြောင့် ပင်လယ်ပြင်သို့မျောပါသွားခဲ့ရသည့် ကျားဖောင်လုပ်သား ၂၅၀ ကျော်ကို တပ်မတော်(ရေ)မှ ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့သည်။ လေပြင်းတိုက်ခတ်မှုကြောင့် ကျားဖောင်များပျက်စီးကာ ပင်လယ်ပြင်တွင်မျောပါနေစဉ် တပ်မတော်(ရေ)မှ ရှာဖွေကယ်ဆယ်၍ ရန်ကုန်မြို့သို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဖျာပုံမြို့တောင်ဘက် မိုင် ၂၀ ခန့်အကွာရှိ ချောင်းဝ၊ ဘုန်းကြီးသောင်၊ ရွှေလှေကျင်း၊ ခါးဖြတ်ကျေးရွာများမှ ရေလုပ်သားများ လုပ်ငန်းခွင်ဝင်နေစဉ်သဘာဝဘေးဒဏ်ကို ခံလိုက်ရခြင်းဖြစ်သည်။ ထို့အတူ ဘိုကလေးမြို့နယ် နောက်မီးကျေးရွာမှ ရေလုပ်သားများလည်း ပါဝင်သည်ဟုသိရသည်။

မကြာသေးမီက မြန်မာနိုင်ငံအောက်ပိုင်းတွင် ကြုံတွေ့ခဲ့ရသော လေပြင်းတိုက်ခတ်မှုများသည် ဘင်္ဂလားပင်လယ်အော်တွင်ဖြစ်ပေါ်ခဲ့သည့် မုန်တိုင်း အရှိန်ကြောင့်ဖြစ်သည်ဟု ယေဘုယျဆိုနိုင်သည်။ သို့သော် ရာသီပြောင်းစ စပ်ကူးမပ်ကူးကာလ မြောက်ပြန်လေနှင့် အရှေ့ဘက်မှဝင်ရောက်လာသော လေပြင်းများပူးပေါင်းအားနှင့် သဘာဝဘေးဒဏ်ကို အချို့နေရာများ၌ ခံလိုက်ရခြင်းဖြစ်သည်။

ကျားဖောင်လုပ်ငန်းသည် ပင်လယ်ပြင်တွင် လုပ်ရသည်ဆိုငြားလည်း ရေနက်ပိုင်းတွင် မဟုတ်၊ ကမ်းဦးရေတိမ်ပိုင်း ကမ်းခြေနှင့်မနီးမဝေး လက်လှမ်းမီရာ ပင်လယ်ပြင်တွင် လုပ်ကိုင်ရမြဲဖြစ်သည်။ မုန်တိုင်းအရှိန် သဘောအရ ကျားဖောင်များမှာ လေသင့်ရာကမ်းပေါ်သို့သာ ရောက်နိုင်ပါသော်လည်း ကမ်းနှင့်ဝေးရာ ပင်လယ်ပြင်သို့ ရောက်သွားခဲ့သည်။

ယခုလိုရာသီမျိုးတွင် ဤကဲ့သို့သော ဖြစ်စဉ်မျိုးဖြစ်ခဲ့ဖူးသည်။ ယခုနှစ်တွင်မူ ကုန်းတွင်းမှ မြောက်ပြန်လေ၊ အရှေ့လေနှင့် ဖြစ်ပေါ်ခဲ့သော မုန်တိုင်းရောမွှေသွားခဲ့၍ ထိုသို့ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ တပ်မတော်(ရေ)မှ စစ်ရေယာဉ်ငါးစင်းဖြင့် အပူတပြင်းရှာဖွေကယ်ဆယ်လိုက်ရသည်။ ယခုနှစ်တွင် မုန်တိုင်းအရှိန်ကြောင့် ရေလုပ်သားများ အခက်အခဲဖြစ်ကြရသလို အခါလွန်မိုးရွာသွန်းသောကြောင့် ရိတ်သိမ်းဆဲစပါးများ အပျက်အစီးများနှင့်လည်း ကြုံတွေ့ကြရသည်။

ဤအခြေအနေတွင် နောက်ထပ်ကြုံတွေ့လာနိုင်သည်တို့ကို သတိပြုကြရမည်။ ဘင်္ဂလားပင်လယ်အော်မှ မုန်တိုင်းငယ် အားပျော့ပျက်ပြယ်သွားချိန်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခုက ထိုင်းပင်လယ်ကွေ့နှင့် မြန်မာ့ကမ်းရိုးတန်းနှင့်ထိစပ်နေသည့် ကပ္ပလီပင်လယ်ပြင်အတွင်းသို့ ရွေ့လျားလာနေကြောင်း သိရသည်။ ဤလေဖိအားနည်းရပ်ဝန်း၏အရှိန်ကို နိုဝင်ဘာ ၁၀ ရက် နောက်ပိုင်း ကြုံတွေ့ရဖွယ်ရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အသိပေးထားသည်။

လက်ရှိအချိန်တွင် မုန်တိုင်းပြီးနောက် လေဖိအားနည်းရပ်ဝန်းတို့ တစ်လှည့်စီဝင်ရောက်နေသောကြောင့် အကျိုးဆက်မှာ ကမ်းရိုးတန်းဒေသနှင့် ပင်လယ်ပြင်အတွင်း လေပြင်းအန္တရာယ်များရှိနေသေးကြောင်း သတိပေးချက်များ ဆက်လက်ထုတ်ပြန်ထားဆဲဖြစ်သည်ကို သတိပြုရမည်ဖြစ်သည်။ လေရောမိုးပါ ဆက်လက်ကောင်းနေသေးသည့် သဘောကိုပြသည်။

ထို့ကြောင့် မြစ်ဝကျွန်းပေါ်နှင့် ကမ်းရိုးတန်းဒေသနေပြည်သူများ ဆက်လက်သတိပြုနေရဦးမည်ဖြစ်သည်။ သက်ဆိုင်ရာတို့၏ သတိပေးချက်များကို ရေလုပ်သားများ အထူးသတိထားကြရမည်ဖြစ်သကဲ့သို့ စားနပ်ရိက္ခာ ရှာဖွေပေးနေကြသော တောင်သူလယ်သမားများလည်း သတိပြုကြရမည်။ မိုးစပါးရိတ်သိမ်းချိန် လိုက်နာရမည့်အချက်များအား စဉ်ဆက်မပြတ်အသိပေးနေရမည်ဖြစ်သည်။

သို့ပါ၍ မိုးစပါးရိတ်သိမ်းချိန်တွင် လေလွင့်ဆုံးရှုံးမှုမရှိစေရန်အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက် ကျေးရွာအုပ်စုများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများကလည်း ပူးပေါင်းကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

# အား/ကာသိပ္ပံ ကျောင်းပေါင်းစုံအားကစားပြိုင်ပွဲ ကျင်းပမည်



**နေပြည်တော် နိုဝင်ဘာ ၁၀**


**"ပြင်းပြင်းထန်ထန် နည်းစနစ်မှန်မှန်လေ့ကျင့်ခြင်းဖြင့် ပြိုင်ပွဲမှသည် အောင်ပွဲဆီသို့"** ဟူသော ဆောင်ပုဒ်နှင့်အညီ လေ့ကျင့်ကြပြီး ပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်ကြခြင်းဖြင့် လူငယ်မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေပြီး စံချိန်စံညွှန်းများ ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ဟူသော ရည်ရွယ်ချက်များဖြင့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် အားကစားနှင့် ကာယပညာသိပ္ပံ ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲများကို နိုဝင်ဘာ ၂၀ ရက်မှ ၂၅ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများကို ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီးမြို့တို့တွင် ဖွင့်လှစ်ထားရှိပြီးဖြစ်ပါကြောင်း၊ အဆိုပါကျောင်းများတွင် လေ့ကျင့်ပညာသင်ကြားနေသော ကျောင်းသားကျောင်းသူများအနေဖြင့် ယခုကျင်းပမည်ဖြစ်သော အားကစားနှင့် ကာယပညာသိပ္ပံ ကျောင်းပေါင်းစုံပြိုင်ပွဲများတွင်ရရှိလာသော စံချိန်စံညွှန်းများကို မှတ်သားထားပြီး လူငယ်စံချိန်၊ မြန်မာနိုင်ငံ စံချိန်၊ အရှေ့တောင်အာရှစံချိန်များနှင့် ကိုက်ညီလာအောင် ကြိုးစားကြစေလိုကြောင်း၊ လူငယ်မျိုးဆက်သစ်များအနေဖြင့် စံချိန်ကောင်းများရရှိလာစေရန် ပြိုင်ပွဲများကို စဉ်ဆက်မပြတ် ကျင်းပပေးရန်လိုကြောင်း၊ ယခုကဲ့သို့သော ပြိုင်ပွဲများ ပီပီပြင်ပြင်ထွက်ပေါ်လာစေရန်အတွက်ဆိုပါက ပြိုင်ပွဲကွင်းများ အဆင်ပြေစေရန်၊ တည်းခို နေထိုင်ရေးများမှအစ လုံခြုံရေး၊ ကျန်းမာရေးအစရှိသည်တို့ကို အဆင်ပြေ လွယ်ကူချောမွေ့အောင် လုပ်ဆောင်ပေးထားရန်လိုကြောင်း အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က နိုဝင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီက နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန ရုံးအမှတ်(၃၁)တွင် ကျင်းပသည့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်) အားကစားပြိုင်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ပေါင်းစပ်ညှိနှိုင်းအစည်းအဝေး၌ အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယခုလိုပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ရခြင်းကြောင့် ပါဝင်ယှဉ်ပြိုင်ကြသော မျိုးဆက်သစ်လူငယ်အားကစားသမားများ၏ စိတ်သန္တာန်တွင်လည်း ယုံကြည်မှုများ တိုးပွားလာပြီး နောင်တစ်ချိန်တွင် မိမိတို့နိုင်ငံအတွက် ရွှေတံဆိပ်များဆွတ်ခူးပေးနိုင်သည့် အားကစားသမားကောင်းများအဖြစ် ကြိုးစားလိုစိတ်များ ထက်သန်လာနိုင်ခြင်းကြောင့် နိုင်ငံ၏ အားကစားကဏ္ဍအတွက် အလားအလာကောင်းများ ဖြစ်ပေါ်လာစေပါကြောင်း၊ ထို့ပြင် ယခုပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်သည့်အားကစားသမားများအနေဖြင့်လည်း ကောင်းမွန်သော စိတ်ဓာတ်ကောင်းများဖြင့် ပါဝင်ယှဉ်ပြိုင်ပြီး အချင်းချင်းစည်းလုံးညီညွတ်မှုရှိကြရန် လိုအပ်ကြောင်း၊ မိမိတို့ တတ်စွမ်းသမျှ အကောင်းဆုံးကြိုးစားယှဉ်ပြိုင်ကြရန်လိုကြောင်း၊ ထို့ပြင် အဆိုပါပြိုင်ပွဲများတွင်ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများအနေဖြင့် မိမိတို့ ကိုယ်စားပြုလာရောက်ယှဉ်ပြိုင်သည့် ဒေသထွက်အထိမ်းအမှတ် ပစ္စည်းများအား အပြန်အလှန်လဲလှယ်ခြင်းအလေ့အထများ ပြုလုပ်သွားစေလိုကြောင်း၊ ယင်းသည် အချင်းချင်းယုံကြည်မှု၊ စည်းလုံးချစ်ကြည်မှုကို ပိုမိုတိုးပွားစေနိုင်ကြောင်း ဖြင့်လည်း ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများအရေးနှင့် ပတ်သက်၍ ဒုတိယဝန်ကြီးက မှာကြားခဲ့သည်။

အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်) အားကစားပြိုင်ပွဲများကို အားကစားနည်း(၂၅)မျိုးဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ရန်ကုန် အား/ကာ သိပ္ပံမှ အားကစားသမား ၇၈၇ ဦး၊ မန္တလေး အား/ကာ သိပ္ပံမှ အားကစားသမား ၇၁၅ ဦး၊ မော်လမြိုင် အား/ကာ သိပ္ပံမှ အားကစားသမား ၁၅၀ စုစုပေါင်း အားကစားသမား ၁၆၅၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**



# ပဲခူး၌ မီးပုံးပျံလွှတ်တင်ပွဲ ကျင်းပ

**ပဲခူး နိုဝင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စတုတ္ထအကြိမ်မြောက် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲနှင့် စတုဒိသာကျွေးပွဲတော်ကြီးကို ပဲခူးမြို့ ရွှေမော်ဓောစေတီတော်မြတ်ကြီး အနောက်ဘက်မုခ်ရှိ သာသနာ့ဗိမာန်တော်ကြီးကွင်းပြင်နှင့် ယာဉ်ရပ်နားကွင်းတို့၌ နိုဝင်ဘာ ၉ ရက်က ကျင်းပသည်။ နံနက် ၇ နာရီမှ စတင်၍ ပရိသတ်များအား စတုဒိသာစားဖွယ်များဖြင့် ဧည့်ခံကျွေးမွေးကြသည်။ ညနေ ၆ နာရီတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မီးပုံးပျံလွှတ်တင် ပူဇော်ပွဲကြီးကို မီးထွန်းညှိဖွင့်လှစ်ပေးခဲ့ပြီး ပွဲတော်ကြီးနှင့်အတူ OCEAN တေးဂီတအဖွဲ့ကလည်း နိုင်ငံကျော်အဆိုတော်များဖြင့် ဧည့်ခံသီဆိုဖျော်ဖြေခဲ့ကြသည်။

အဆိုပါပွဲတော်ကြီးအား နှစ်စဉ်တန်ဆောင်မုန်းလပြည့်နေ့တိုင်း ကျင်းပခဲ့သည်မှာ ယခုဆိုလျှင် လေးကြိမ်တိတိရှိခဲ့ပြီး ပွဲတော်ကျင်းပမည့်ရက်၌ သုံးရက်ဆက်တိုက် မိုးအဆက်မပြတ်ရွာသွန်းခဲ့သဖြင့် လပြည့်ကျော်သုံးရက်သို့ ရွှေ့ပြောင်းလိုက်ရသော်လည်း ယခင်နှစ်များနှင့်မတူ ပွဲတော်ကြီးတစ်ခုလုံး ကြက်ပျံမကျစည်ကားခဲ့ပြီး အဆိုပါပွဲသို့ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်တာဝန်ရှိသူများ ပါဝင်ဆင်နွှဲခဲ့ကြကာ ပဲခူးမြို့ ဟံသာဝတီတိုင်း သတင်းဂျာနယ်၊ ကြယ်နီဆေးပေါ့လိပ်(အုတ်တွင်း)နှင့် ကုမ္ပဏီများ၊ အဖွဲ့အစည်းများမှ မီးပုံးပျံ ၁၁ လုံး လွှတ်တင်ပူဇော်ခဲ့ကြကြောင်း သိရသည်။

**ကိုလတ်(ပဲခူး)**




## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် နိုဝင်ဘာ ၁၀**

| | | | |
|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၄၀၀၀၀ - ၆၄၁၀၀၀ | |
| မန္တလေး | ရွှေဈေး | ၆၃၉၆၀၀ - ၆၄၀၆၀၀ | |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၁၈၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၉၄၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၀၁၆.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၂၆၅.၅ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၆၅.၉၄ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၁.၀၂၃ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၅.၀၁ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၆.၅၅၁ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၈၈၈.၁၉ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၉၃.၇၇၃ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၈၇၈.၇၄ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၇၈၈.၀၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ပြည်တွင်းရေးရာ

# ကျေးလက်လူငယ်စွမ်းဆောင်ရည်မြှင့်တင်ရေး (နည်းပြ)သင်တန်းဖွင့်

**နေပြည်တော် နိုဝင်ဘာ ၁၀**

ကျေးလက်လူငယ် စွမ်းဆောင်ရည်မြှင့်တင်ရေး (နည်းပြ)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် သမ္မတရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာမှာ အမှန်တကယ် လက်တွေ့အကောင်အထည်ဖော်သူ အများအပြားရှိဖို့ လိုအပ်ပါကြောင်း၊ သင်တန်းတက်ရောက်လာကြသူများ အနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ကြရမည့်သူများ ဖြစ်ပါကြောင်း၊ သင်တန်းသားများအနေဖြင့် နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သည့် အေးချမ်းတည်ငြိမ်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးနှင့်အညီ လက်တွေ့မြေပြင်တွင် အကောင်အထည်ဖော်သွားနိုင်ရေး ကြိုးပမ်းသွားကြရန်နှင့် မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆန်းသစ်တီထွင်သည့် နည်းလမ်းများဖြင့် အကောင်အထည်ဖော်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က နိုင်ငံတော်အစိုးရအနေဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အားသွန်ခွန်စိုက် အကောင်အထည်ဖော်လျက်ရှိရာ ကျေးလက်လူငယ်စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများကို နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖွင့်လှစ်သွားရန် စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအောက်ရှိ အရာထမ်းများကို နည်းပြသင်တန်းတက်ရောက်စေပြီး သက်ဆိုင်ရာဒေသများတွင် ခရိုင်အလိုက် နည်းပြ(ဆင့်ပွား) သင်တန်းများ ပြန်လည်ပို့ချစေမည်ဖြစ်ပါကြောင်း၊ သင်တန်းတက်ရောက်ပြီးသူများအနေဖြင့် သက်ဆိုင်ရာဒေသများတွင် ကျေးရွာအရောက် ကွင်းဆင်းပြီး ဖွဲ့စည်းထားသည့် ကျေးလက်လူငယ်များကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ရမည့် အစီအစဉ်၊ ပြုစုကောက်ခံပေးရမည့် စာရင်းဇယားများကို အချိန်တိုကာလအတွင်း ဆက်လက်သင်ကြားပေးရမည်ဖြစ်ပါကြောင်း၊



သင်တန်းများ ဖွင့်လှစ်ပေးခြင်းကြောင့် ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားလာပြီး ကျေးလက်လူငယ်များကို သင်တန်းများ ဆက်လက်ပေးခြင်းဖြင့် ကျေးလက်ဒေသများတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုထိရောက် အောင်မြင်စွာ ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၂၀ တက်ရောက်ကြကြောင်း သိရသည်။ **(ကြေးမုံ)**

# အာဆီယံအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၀**

(၂၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်မှုအဖြစ် အာဆီယံအဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကို နိုဝင်ဘာ ၁၀ ရက်က နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁)၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်လင်းက သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး အာဆီယံ ၁၀ နိုင်ငံမှ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



အစည်းအဝေးတွင် (၂၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၏ အစီအစဉ်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းမှုများ ပြုလုပ်ခဲ့ကြပြီး အာဆီယံအသိုက်အဝန်း ထူထောင်ရေး၊ အာဆီယံ၏ အချက်အချာကျမှုမြှင့်တင်ရေးနှင့် မိတ်ဖက်နိုင်ငံများ ဆက်ဆံမှုဆိုင်ရာတို့ကို ဆွေးနွေးခဲ့ကြသည်။ ထို့အပြင် (၂၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် ထုတ်ပြန်မည့်ကြေညာချက်အား စာရွက်စာတမ်းများနှင့်ပတ်သက်၍ အပြီးသတ်ညှိနှိုင်းကြသည်။

ညပိုင်းတွင် ညွှန်ကြားရေးမှူးချုပ် ဦးအောင်လင်းသည် အာဆီယံအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့ တက်ရောက်လာကြသည့် အာဆီယံအဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံဆိုင်ရာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီးများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ကိုယ်စားလှယ်များအား နေပြည်တော် လိတ်ဂါးဒင်းဟိုတယ်၌ ညစာဖြင့်တည်ခင်းဧည့်ခံကြောင်း သိရသည်။ **(ကြေးမုံ)**

# အင်ဂိုလာနိုင်ငံသို့ သဝဏ်လွှာပေးပို့

**နေပြည်တော် နိုဝင်ဘာ ၁၁**

၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် ကျရောက်သော အင်ဂိုလာသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အင်ဂိုလာသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂျော့ချ် ရီဘီလို ချီကိုတီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# ကာတာနိုင်ငံသို့ အလုပ်သမားများ တရားမဝင်စေလွှတ်သည့်အေဂျင်စီအား အရေးယူ

**ရန်ကုန် နိုဝင်ဘာ ၁၀**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေယာဉ်ခရီးစဉ်အမှတ် QR. 919 ဖြင့် ကာတာနိုင်ငံသို့ နိုဝင်ဘာ ၆ ရက် နံနက် ၆ နာရီတွင် ထွက်ခွာမည့် အလုပ်သမား ၄၂ ဦးတို့အား မြန်မာ့ရွှေ့ပြောင်းအလုပ်သမားများ သတင်းပို့ရာနေရာရှိ တာဝန်ခံအရာရှိက စိစစ်ခဲ့ရာ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ တရားမဝင် ထွက်ခွာရန် ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိခဲ့ရသည်။

အလုပ်သမားများ၏ ထွက်ဆိုချက်အရ Virtue International Co.,Ltd. ၏ တာဝန်ယူဆောင်ရွက်ပေးမှုဖြင့် သွားရောက်မည်ဖြစ်ပြီး ဝန်ဆောင်ခအဖြစ် အလုပ်သမားတစ်ဦးလျှင် ငွေကျပ် လေးသိန်း ပေးထားပြီးဖြစ်ကြောင်း၊ ခတ်ဆီဆိုင်တွင် ကားရေဆေး၊ သန့်ရှင်းရေး အလုပ်လုပ်ကိုင်ရမည်ဖြစ်ကြောင်းနှင့် လစာမှာ တစ်လလျှင် ကာတာငွေ ၁၀၀၀ မှ ၁၁၅၀ အသီးသီးရရှိမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အလုပ်သမားများ ထွက်ခွာခွင့် စိစစ်ရာသို့ ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန တိုင်းဦးစီးမှူးနှင့်အဖွဲ့၊ ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ လာရောက်၍ အလုပ်သမားများအား နားလည်သဘောပေါက်အောင် ရှင်းလင်းဆွေးနွေးပြောကြားပေးခဲ့ပြီး နေရပ်အသီးသီးသို့ ပြန်လည်စေလွှတ်ပေးခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်နှင့် ပတ်သက်၍ အလုပ်သမားများအား တရားမဝင်ကာတာနိုင်ငံသို့ စေလွှတ်ရန်ဆောင်ရွက်ခဲ့သည့် Virtue International Co.,Ltd. မှ တာဝန်ရှိသူများအား တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ သိရသည်။

**(ကြေးမုံ)**

# တပ်မတော်(ရေ)မှ ပင်လယ်ပြင်တွင် မျောပါနေသော ရေလုပ်သား ၂၆ ဦးအား တတိယအကြိမ် ရှာဖွေပို့ဆောင်ခဲ့ပြီး စုစုပေါင်း ပင်လယ်ပြင်မျောပါရေလုပ်သား ၄၅၂ ဦး ရှာဖွေကယ်ဆယ်ထားနိုင်

**ရန်ကုန် နိုဝင်ဘာ ၁၀**

တပ်မတော်(ရေ)မှ ပင်လယ်ပြင်တွင် မျောပါနေသော ကျားဖောင်ရေလုပ်သား ၂၆ ဦးအား တတိယအကြိမ်အဖြစ် ရှာဖွေပေးနိုင်ခဲ့ပြီး ယနေ့ညနေတွင် သာကေတ ရေတပ်ဆိပ်ကမ်းသို့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

"ပင်လယ်ပြင်မျောပါ ကျားဖောင်ရေလုပ်သား ၂၆ ဦးကို တတိယအသုတ် ရှာဖွေပို့ဆောင်ပေးမယ်။ ဒီနေ့ညနေလောက်မှ တွဲဆွဲရေယာဉ် နဝရတ်နဲ့ ရောက်မှာဆိုတာက အပြင်မှာ ရာသီဥတု နည်းနည်းဆိုးနေလို့ပါ။ နောက်ပြီးရှာဖွေနေတဲ့ ရေယာဉ်ငါးစင်းကလည်း တစ်စင်းနဲ့တစ်စင်း ချိတ်ဆက်ဆောင်ရွက်နေရတယ်။ ပင်လယ်ပြင်မှာ စစ်ဆင်ရေးတာဝန်ထမ်းဆောင်နေတဲ့ တပ်မတော်(ရေ)က ရေယာဉ်တွေကတော့ ရေလုပ်သားတွေကို ဆက်လက်ကူညီရှာဖွေပေးသွားမှာပါ" ဟု တပ်မတော် ရေတပ်ဌာနချုပ်မှ ဗိုလ်မှူးရဲမာန်ဝင်းက ပြောသည်။



ပင်လယ်ပြင်မျောပါ ရေလုပ်သားများအား တပ်မတော်(ရေ)မှ ဆေးဝါးကုသမှုနှင့် အကူအညီများ ပေးနေစဉ်။

တတိယအကြိမ် ရှာဖွေကယ်ဆယ်လာသော ပင်လယ်ပြင်မျောပါ ရေလုပ်သား ၂၆ ဦးသည် ယနေ့ညနေ ၅ နာရီတွင် သာကေတရေတပ်ဆိပ်ကမ်းသို့ ရောက်ရှိလာသည်။

တပ်မတော်(ရေ)မှ စစ်ရေယာဉ်များဖြင့် ပင်လယ်ပြင်မျောပါ ကျားဖောင်ရေလုပ်သားများအား နိုဝင်ဘာ ၈ ရက်တွင် ပထမအကြိမ်အဖြစ် ပင်လယ်ပြင်မျောပါ ရေလုပ်သား ၂၅၂ ဦး၊ နိုဝင်ဘာ ၉ ရက်တွင် ဒုတိယအကြိမ်အဖြစ် ပင်လယ်ပြင်မျောပါ ရေလုပ်သား ၁၄၇ ဦးတို့ကို သာကေတရေတပ်စခန်းမှ လွှဲပြောင်းပေးအပ်ခဲ့ပြီး နိုဝင်ဘာ ၁၀ ရက်တွင်မူ ပင်လယ်ပြင်မျောပါ ရေလုပ်သား ၂၆ ဦးတို့ကို ကယ်ဆယ်ထားနိုင်ခဲ့သည်။

တပ်မတော်ရေမှ စစ်ရေယာဉ်များဖြင့် နိုဝင်ဘာ ၇ ရက်မှ စတင်၍ ပင်လယ်ပြင်တွင် မျောပါခဲ့သော ကျားဖောင်ရေလုပ်သားများအား ကယ်ဆယ်ရှာဖွေခဲ့ရာတွင် နိုဝင်ဘာ ၁၀ ရက်အထိ ပင်လယ်ပြင်မျောပါ ရေလုပ်သား စုစုပေါင်း ၄၅၂ ဦးအား ရှာဖွေကယ်ဆယ်ပေးခဲ့ပြီဖြစ်သည်။

**သတင်း-ရဲခေါင်ညွှန့်**
**ဓာတ်ပုံ-တပ်မတော်(ရေ)**

# အိန္ဒိယအစိုးရအဖွဲ့အား ဝန်ကြီးအဖွဲ့ဝင်သစ် ၂၁ ဦးဖြင့် တိုးချဲ့ဖွဲ့စည်း

နယူးဒေလီ နိုဝင်ဘာ ၁၀

**အိန္ဒိယအစိုးရအဖွဲ့အား ဝန်ကြီးအဖွဲ့ဝင်သစ် ၂၁ ဦး ထပ်မံတိုးချဲ့ ဖွဲ့စည်းခြင်းနှင့် ဝန်ကြီးအချို့အား ဝန်ကြီးဌာနပြောင်းလဲခြင်းများကို အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီက ပြုလုပ်ခဲ့ကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။**



*အသစ်တိုးချဲ့ခန့်အပ်လိုက်သည့် အိန္ဒိယအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဝန်ကြီးချုပ်နရိန္ဒြာမိုဒီအား တွေ့ရစဉ်။*

အသစ်ထပ်မံ တိုးချဲ့ခန့်အပ်မည့် ဝန်ကြီးအသစ် ၂၁ ဦး၏ ကျမ်းသစ္စာကျိန်ဆိုပွဲကို မြို့တော်ဒေလီရှိ ပါလီမန်အဆောက်အအုံတွင် နိုဝင်ဘာ ၉ ရက်က ကျင်းပခဲ့သည်။

၎င်းဝန်ကြီးဌာနအပြောင်းအလဲတွင် အရေးပါသော ပြောင်းလဲခန့်အပ်မှုမှာ ဂိုအာပြည်နယ်ဝန်ကြီးချုပ် မာနိုဟာပါရီကာအား ယင်းပြည်နယ်ဝန်ကြီးချုပ်အဖြစ်မှ နုတ်ထွက်စေကာ ကာကွယ်ရေးဝန်ကြီးသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အိန္ဒိယဝန်ကြီးချုပ် မိုဒီပြုလုပ်ခဲ့သော အစိုးရအဖွဲ့ဝင်သစ်ဝန်ကြီးများ ခန့်အပ်ခဲ့ခြင်းကြောင့် အိန္ဒိယအစိုးရအဖွဲ့၌ ဝန်ကြီးများကောင်စီဝင် ၆၆ ဦးရှိလာပြီဖြစ်သည်။

မေလအတွင်းက ဖွဲ့စည်းခဲ့သော အိန္ဒိယဝန်ကြီးချုပ်မိုဒီ၏ အစိုးရအဖွဲ့ဝင် ဝန်ကြီးဦးရေမှာ ၄၅ ဦးရှိပြီး ယင်းအရေအတွက်ရှိသော အစိုးရအဖွဲ့ဖြင့် ဦးဆောင်သွားမည်ဟု ကတိပြုခဲ့သည်။

သို့သော် မကြာသေးမီလများအတွင်းက ၎င်းအစိုးရအဖွဲ့တွင်း ဝန်ကြီးများစွာ ဖွဲ့စည်းခြင်းသည် အစိုးရ၏ စီးပွားရေးဆိုင်ရာ ပြုပြင်မှုပြုရေးအစီအစဉ်အပေါ် ဝန်ပိစေကြောင်း ဝေဖန်မှုများ ထွက်ပေါ်ခဲ့သည်။

ယခုနှစ်အစောပိုင်းက ကျင်းပခဲ့သော အိန္ဒိယနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲတွင် ဘနာတီယာဂျနာတာပါတီက ကွန်ဂရက်ပါတီ အပါအဝင် အခြားပါတီများကိုပါ နှစ် ၃၀ အတွင်း ပြတ်ပြတ်သားသား အနိုင်ရပြီး အိန္ဒိယနိုင်ငံ၏ လွှတ်တော်များအတွင်း၌ အများစုအနေအထားကို ရရှိခဲ့သည်။ **ပီတီအိုင်။**

# စစ်မဲ့ဇုန်အနီး ချဉ်းကပ်လာသည့် မြောက်ကိုရီးယားလှည့်ကင်းအဖွဲ့အား တောင်ကိုရီးယားက သတိပေးပစ်ခတ်

ဆိုးလ် နိုဝင်ဘာ ၁၀

နိုဝင်ဘာ ၁၀ ရက်က ပြိုင်ဘက်နှစ်နိုင်ငံအား ခွဲခြားထားသော စစ်မဲ့ဇုန်အနီးသို့ ချဉ်းကပ်လာသည့် မြောက်ကိုရီးယား လှည့်ကင်းအဖွဲ့အား တောင်ကိုရီးယားတပ်ဖွဲ့များက သတိပေးပစ်ခတ်မှုအချို့ ပြုလုပ်ကြောင်း ယနေ့ ဒေသခံသတင်းများ၌ ဖော်ပြသည်။

ယင်းဖြစ်ရပ်မှာ နှစ်ဖက်အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားခြင်းမရှိဘဲ တောင်ကိုရီးယားတပ်ဖွဲ့၏ သတိပေးပစ်ခတ်မှုများကြောင့် မြောက်ကိုရီးယား လှည့်ကင်းအဖွဲ့မှာ နှစ်နိုင်ငံ စစ်ဘက်လုပ်ငန်းပိုင်း သတ်မှတ်ခြင်းမျဉ်းအပြင်ဘက်သို့ အလျင်အမြန်ဆုတ်ခွာသွားကြောင်း တောင်ကိုရီးယား စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

နိုဝင်ဘာ ၁၀ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီ မိနစ် ၄၀ ခန့်တွင် အဆိုပါတပ်ဖွဲ့ဝင် ၁၀ ဦးပါ မြောက်ကိုရီးယားလှည့်ကင်းအဖွဲ့က နယ်စပ်မျဉ်းအနီးသို့ စူးစမ်းလေ့လာရန် ချဉ်းကပ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယား စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

တောင်ကိုရီးယားတပ်ဖွဲ့ဝင်များက သတိပေးပစ်ခတ်မှု အချက် ၂၀ နီးပါး ပစ်ခတ်ပြီးနောက် အဆိုပါအဖွဲ့မှာ ပြန်လည်ဆုတ်ခွာသွားသည်ဟု သတင်းတွင်ဖော်ပြသည်။

တောင်နှင့်မြောက်ကိုရီးယား နှစ်နိုင်ငံနယ်စပ်တွင် သတ်မှတ်ထားသည့် စစ်မဲ့ဇုန်သည် ကမ္ဘာပေါ်တွင် အစောင့်အကြပ် အထူထပ်ဆုံး ချမှတ်ထားသည့် နေရာဖြစ်ပြီး နှစ်ဖက်အကဲခတ်ကြည့်မျှော်စင်များနှင့် မြေမြှုပ်မိုင်းများ ထူထပ်စွာ ခင်းကျင်းထားသည့်ဒေသဖြစ်သည်။ **ပီတီအိုင်။**



*တောင်နှင့်မြောက်ကိုရီးယား နှစ်နိုင်ငံအကြား ခွဲခြားသတ်မှတ်ထားသည့် စစ်မဲ့ဇုန်၌ တောင်ကိုရီးယားတပ်ဖွဲ့ဝင်များအား တွေ့ရစဉ်။*

# နိုင်ဂျီးရီးယားအနောက်မြောက်ပိုင်းရှိ ကျောင်းတစ်ကျောင်း၌ ကျောင်းသားများစုဝေးနေချိန် ဗုံးပေါက်ကွဲမှုဖြစ်ပွား

လေဂို့စ် နိုဝင်ဘာ ၁၀

နိုင်ဂျီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်းမှ ပိုတစ်ကွမ်မြို့ရှိ ကျောင်းတစ်ကျောင်း၌ နံနက်ပိုင်းအချိန် ကျောင်းသားများစုဝေးနေချိန်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ကျောင်းသား ၂၀ ထက်မနည်း သေဆုံးကြောင်း ဘီဘီစီ သတင်းတွင် ဖော်ပြသည်။

ယင်းမြို့ရှိ ယောကျ်ားကလေးများသာ တက်ရောက်သည့် သိပ္ပံနှင့်နည်းပညာကျောင်း၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားခြင်းဖြစ်သည်။

အဆိုပါဗုံးပေါက်ကွဲမှုအတွက် ယင်းနိုင်ငံတွင်းရှိ စစ်သွေးကြွလက်နက်ကိုင်အဖွဲ့ဖြစ်သော ဘိုကိုဟာရမ်အဖွဲ့အား စွပ်စွဲပြစ်တင်ဖွယ်ရှိသည်။

ယင်းအဖွဲ့သည် လွန်ခဲ့သောငါးနှစ်အတွင်းကတည်းက အစ္စလာမ့်နိုင်ငံ ထူထောင်ရေးအတွက် လှုပ်ရှားဆောင်ရွက်နေပြီး ၎င်းအဖွဲ့၏ ပစ်မှတ်များထဲ၌ စာသင်ကျောင်းများလည်း မကြာခဏ ပါဝင်ခဲ့သည်။ ယင်းတို့၏ လှုပ်ရှားတိုက်ခိုက်မှုကြောင့် ထောင်နှင့်ချီသော နိုင်ဂျီးရီးယားပြည်သူများမှာ သေဆုံးခဲ့ရသည်။

ကျောင်းသားများသည် နံနက်ပိုင်းအချိန် စုဝေးမှုပြုလုပ်နေစဉ် ဒေသစံတော်ချိန် နံနက် ၇ နာရီမိနစ် ၅၀ ခန့်တွင် ၎င်းကျောင်းသားထုအလယ်မှ ပေါက်ကွဲမှုဖြစ်ပွားကြောင်း ဆရာတစ်ဦးက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

ဗုံးပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရသူများအား အနီးရှိဆေးရုံသို့ အလျင်အမြန်တင်ပို့ပေးခဲ့ကြောင်း ဆရာတစ်ဦးက ပြောကြားသော်လည်း အရေအတွက်ကိုမူ ပြောကြားခြင်းမရှိပေ။ **ဘီဘီစီ။**


# အီဘိုလာကူးစက်ဖြစ်ပွားသည့်နိုင်ငံများအား ကူညီရန် အရေးပေါ်ရန်ပုံငွေ ထူထောင်

အဒစ်အဘာဘာ နိုဝင်ဘာ ၁၀

အာဖရိကတိုက်မှ ထိပ်တန်းစီးပွားရေးလုပ်ငန်းခေါင်းဆောင်များက အရေးပေါ် ရန်ပုံငွေတစ်ရပ်ကို ထူထောင်လိုက် ပြီး အီဘိုလာရောဂါ ကူးစက်ဖြစ်ပွားသော နိုင်ငံများအား အဆိုပါရန်ပုံငွေက ထောက်ပံ့ကူညီမှုများ ပေးမည်ဖြစ်ကြောင်း ယနေ့ဒေသဆိုင်ရာ သတင်းများ၌ ဖော်ပြသည်။

အီသီယိုပီးယားနိုင်ငံ အဒစ်အဘာဘာမြို့၌ ကျင်းပသော အစည်းအဝေးတစ်ခုတွင် အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၅ သန်းရှိသော ရန်ပုံငွေ ထူထောင်ရန် ကတိပြုကြပြီး ဦးရေ ၁၀၀၀ ထက်မနည်းသော ကျန်းမာရေးလုပ်သားများအား ဂီနီ၊ ဆီရာလီယွန်နှင့် လိုက်ဘေးရီးယားနိုင်ငံများသို့ ဖြန့်ကြက်ပေးသွားမည်ဟုဆိုသည်။

လတ်တလောတွင် အဆိုပါသုံးနိုင်ငံ၌ အီဘိုလာရောဂါကူးစက်ဖြစ်ပွားမှုကြောင့် သေဆုံးသူ ၅၀၀၀ နီးပါးရှိပြီး ရောဂါကူးစက်ဖြစ်ပွားနေသူ ၁၄၀၀၀ ရှိကာ အများစုမှာ လိုက်ဘေးရီးယားနိုင်ငံမှဖြစ်ကြသည်။ **ဘီဘီစီ။**



# အာဖဂန်အရှေ့ပိုင်းဒေသ၌ ဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင် ၁၀ ဦးထက်မနည်း သေဆုံး

ကဘူးလ် နိုဝင်ဘာ ၁၀

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းဒေသတွင် ဗုံးဖောက်ခွဲတိုက်ခိုက်မှုများကြောင့် ရဲတပ်ဖွဲ့ ၁၀ ဦးထက်မနည်း သေဆုံးကြောင်း အာဖဂန်ရဲတပ်ဖွဲ့က နိုဝင်ဘာ ၁၀ ရက်တွင် ပြောကြားသည်။

လိုဂါပြည်နယ်ရဲတပ်ဖွဲ့ဌာနချုပ်တွင် အသေခံဗုံးခွဲတိုက်ခိုက်မှု တစ်ရပ်ဖြစ်ပွားခြင်းကြောင့် ရဲအရာရှိခုနစ်ဦးသေဆုံးကြောင်း၊ အသေခံဗုံးဖောက်ခွဲသူသည် ရဲတပ်ဖွဲ့ဝတ်စုံကို ဝတ်ဆင်ထားကြောင်း သတင်းများထွက်ပေါ်လာသည်။

အခြားဗုံးဖောက်ခွဲမှုတစ်ရပ်မှာ နမ်ဂါဟာပြည်နယ် ဂျလာလာဘတ်မြို့အနီး၌ ဖြစ်ပွားပြီး အဝေးထိန်းစနစ်ဗုံးဖောက်ခွဲခဲ့ရာ ရဲတပ်ဖွဲ့ဝင်သုံးဦး သေဆုံးသွားသည်။

ယင်းဗုံးခွဲတိုက်ခိုက်မှုနှစ်ရပ်ကို အာဖဂန်တာလီဘန်အဖွဲ့က လုပ်ဆောင်ခဲ့ကြောင်း ပြောကြားသော်လည်း ယနေ့နံနက်ပိုင်းက ကဘူးမြို့တော်တွင်ဖြစ်ပွားသည့် လူသုံးဦး ထိခိုက်ဒဏ်ရာရခဲ့သည့် တတိယမြောက် ဗုံးဖောက်ခွဲမှုနောက်ကွယ်တွင် မည်သူရှိသည်ကိုမူ ရှင်းလင်းသေချာစွာ မသိရှိရသေးပေ။

တတိယမြောက်ပေါက်ကွဲခဲ့သောဗုံးကို ကဘူးလ်မြို့တော်တွင်းရှိ တက္ကသိုလ်တစ်ခု၏ ပန်းစိုက်ဘောင်အတွင်း ကြိုတင်စီစဉ်တပ်ဆင်ခဲ့ခြင်းဖြစ်သည်။

အာဖဂန်နစ္စတန် အာဏာပိုင်များအနေဖြင့် နိုဝင်ဘာ ၉ ရက်က မြို့တော်ရှိ ရဲတပ်ဖွဲ့ဌာနချုပ်အတွင်းသို့ အသေခံဗုံးဖောက်ခွဲရေးသမား ဝင်ရောက်ဗုံးဖောက်ခွဲခဲ့ခြင်းကို စုံစမ်းစစ်ဆေးမှုများ ပြုနေကြသည်။ **ဘီဘီစီ။**



*နေတိုးနှင့် အမေရိကန်တပ်ဖွဲ့များ ရုပ်သိမ်းသွားပြီးနောက် အာဖဂန်၌ တာလီဘန်တို့တိုက်ခိုက်မှုများ မြင့်တက်လာခဲ့သည်။*

# အစိုးရအဖွဲ့သစ်ကာလအတွင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက်များ

| စဉ် | အကြောင်းအရာ | ဆောင်ရွက်ချက် |
|---|---|---|
| ၁။ | အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ နိုင်ငံတစ်ဝန်းကွင်းဆင်းဆောင်ရွက်ပေးခြင်းလုပ်ငန်း (မိုးပွင့်စီမံချက်များ) | ❖ ပြည်သူ့ဆန္ဒအားအစဉ်အလေးထားဖြည့်ဆည်းပေးရန်ဟူသော နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်အရလည်းကောင်း၊(၂၈-၃-၂၀၁၁)ရက် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် လွှတ်တော်ကိုယ်စားလှယ်မှ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများအားဖြေလျှော့နည်းဖြင့် သတ်မှတ်နှုန်းထားများအတိုင်း ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ ဆိုသော အဆိုသည် ပြည်သူ့ဆန္ဒဖြစ်သည်ဟု အလေးအနက်ခံယူ၍ လည်းကောင်း၊ နိုင်ငံတစ်ဝန်းမိုးပွင့်စီမံချက်များအား ရေးဆွဲဆောင်ရွက်ရခြင်းဖြစ်ပါသည်။<br>❖ မိုးပွင့်စီမံချက်အရ တိုင်းရင်းသား စစ်စစ်များအား လိုအပ်ချက်(၁၀)ချက်အနက် (၅)ချက်ဖြေလျှော့တောင်းခံ၍ တောင်ပေါ်၊ မြေပြန့်၊ ဝေးလံဒေသများပါမကျန် နိုင်ငံတစ်ဝန်းတွင် (၁-၇-၂၀၁၁)ရက်မှစ၍ (နှစ်)လ ကွင်းဆင်းထုတ်ပေး၊ (၁)လရှုံး၌ ထုတ်ပေးသည့်စနစ်အား မိုးပွင့်အဆင့်(၁)အဖြစ် စတင်ခဲ့ရာ မိုးပွင့်အဆင့်(၆)အထိ ပြီးဆုံးခဲ့ပြီဖြစ်ပါသည်။<br>❖ နိုင်ငံအတွင်းရှိ သွေးနှောများအတွက်ကိုမူ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသား ဥပဒေနှင့်အညီ မှတ်တမ်းမှတ်ရာများဖြင့် တိုက်ဆိုင်စစ်ဆေးရန်လိုအပ်ခြင်းကြောင့် ကွင်းဆင်းဆောင်ရွက်ခြင်းမပြုဘဲ ရုံးများတွင်သာ ဆောင်ရွက်ပေးလျက်ရှိပါသည်။<br>❖ နော်ဝေနိုင်ငံအခြေစိုက် NRC အဖွဲ့အစည်းမှ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းစသည်တို့မှ မြို့နယ်ပေါင်း ၄၆ မြို့နယ်တွင် သွေးစစ်ခြင်း၊ မိတ္တူကူးခြင်း၊ ဓာတ်ပုံရိုက်ခြင်းအပါအဝင် လုပ်ငန်းစဉ်တစ်ခုလုံးအား အခမဲ့ကူညီပေးနိုင်ရန် ဤဝန်ကြီးဌာနနှင့် (၁၅-၅-၂၀၁၃)နေ့မှစ၍ MoU ရေးထိုး၍ လည်းကောင်း၊ နိုင်ငံတကာအဖွဲ့အစည်းအချို့မှ စေတနာအလျောက် ပါဝင်ကူညီခြင်းများဖြင့် လည်းကောင်း မိုးပွင့်စီမံချက်များအား ပူးပေါင်းကူညီဆောင်ရွက်လျက်ရှိကြပါသည်။<br>❖ သက်ဆိုင်ရာ မြို့နယ်/ခရိုင်/တိုင်း/ပြည်နယ် ဒေသကြီးများအလိုက် လွှတ်တော်ကိုယ်စားလှယ်များနှင့်ပုဂ္ဂလိကအလှူရှင်များကလည်း ကွင်းဆင်းဒေသများသို့ ကိုယ်တိုင်လိုက်ပါ၍ ပြည်သူတစ်ဦးချင်းစီအတွက် ကုန်ကျစရိတ်များအား ကျခံလှူဒါန်းခြင်းနှင့် ပံ့ပိုးကူညီခြင်းများကို နေရာအနှံ့ဆောင်ရွက်လျက်ရှိပါသည်။<br>❖ မိုးပွင့်(၁)မှ (၆)ထိ အိမ်ထောင်စု လူဦးရေစာရင်းပေါင်း ၅၉၉၁၆၅ စုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေါင်း ၁၉၆၈၇၉၄ ကတ်အားထုတ်ပေးခဲ့ပြီးဖြစ်ပါသည်။ မိုးပွင့်အဆင့် (၇)အား(၁-၁၁-၂၀၁၄)ရက်မှစ၍ နိုင်ငံတစ်ဝန်းဆောင်ရွက်လျက်ရှိပြီး စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ |

| စဉ် | အကြောင်းအရာ | ဆောင်ရွက်ချက် |
|---|---|---|
| ၂။ | ဆိုက်ရောက်ဗီဇာ(Visa on Arrival) ပြည်ဝင်စနစ်ဆောင်ရွက်ပေးခြင်းလုပ်ငန်း | ❖ နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုနိုင်စေရန်အတွက် လည်းကောင်း၊ နိုင်ငံတော်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုနိုင်စေရန်အတွက် လည်းကောင်း၊ နိုင်ငံဝင်ငွေတိုးတက်ရရှိစေနိုင်ပြီး ပိုမိုလွယ်ကူသော ပြည်ဝင်စနစ်ဖြစ်စေရေးအတွက်လည်းကောင်း(၁-၆-၂၀၁၂) မှစ၍ ဆိုက်ရောက်ဗီဇာစနစ်အား နိုင်ငံတော်တွင် ပထမဦးဆုံးသော စနစ်သစ်တစ်ရပ်အဖြစ်စတင်ဆောင်ရွက်ခဲ့ပါသည်။<br>❖ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနိုင်ငံတကာလေဆိပ်များတွင် လုပ်ငန်းဗီဇာ (Business Visa)၊ ဖြတ်သန်းဗီဇာ (Transit Visa)၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ အစည်းအဝေးများအတွက် ပြည်ဝင်ဗီဇာ(EV) (Meeting/ Workshop)များအား နိုင်ငံပေါင်း (၆၇)နိုင်ငံသို့ ခွင့်ပြုထုတ်ပေးလျက်ရှိရာ ယခင်သာမန်လုပ်ငန်းစဉ်ထက်နိုင်ငံ့ဝင်ငွေ(၆)ဆခန့် တိုးတက်ရရှိလျက်ရှိပါသည်။ |
| ၃။ | Online Visa (ခေါ်) e-Visa ပြည်ဝင်စနစ် ဆောင်ရွက်ပေးခြင်းလုပ်ငန်း | ❖ လက်ရှိပြည်ဝင်ဗီဇာ (၆)မျိုးအနက် အများဆုံးဝင်ရောက်သည့် ကမ္ဘာလှည့်ဗီဇာ(Tourist Visa)အား ကမ္ဘာတစ်ဝန်းမှ Online မှတစ်ဆင့်လျှောက်ထား၍ ငွေပေးချေသည့်စနစ်ဖြစ်သော e-Visa စနစ်အား (၂)နှစ်ခန့်အချိန်ယူလေ့လာ၍ (၁-၉-၂၀၁၄)နေ့မှစ၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် စတင်ခဲ့ရာ ယခုအခါ နိုင်ငံပေါင်း (၆၇)နိုင်ငံအား ခွင့်ပြုထားပြီးဖြစ်ပါသည်။<br>❖ ၂၀၁၄ နိုဝင်ဘာလ ဒုတိယပတ်မှစ၍ နေပြည်တော်၊ မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ် (၂)ခုတို့အား တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ |
| ၄။ | နှစ်နိုင်ငံနယ်စပ် ဝင်/ထွက်ပေါက်များအား နိုင်ငံတကာ ဝင်/ထွက်ပေါက်များအဖြစ် တိုးမြှင့်ဆောင်ရွက်ပေးခြင်းလုပ်ငန်း | ❖ လက်ရှိအခြေအနေအရ မြန်မာနိုင်ငံနှင့် နယ်နမိတ်ထိစပ်လျက်ရှိသည့် နှစ်နိုင်ငံနယ်စပ်ဒေသများတွင် ယာယီနယ်စပ်ဖြတ်သန်းခွင့်လက်မှတ်များဖြင့် နယ်စပ်ဒေသမြို့များသို့သာ ဝင်/ထွက်သွားလာခွင့်ပြုလျက်ရှိပါသည်။ ယခုအခါ နိုင်ငံတော်ပြည်တွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် အကျိုးရလဒ်များအပေါ် အခြေခံ၍ ထိုင်းနိုင်ငံနှင့် ထိစပ်နေသော တာချီလိတ်-မယ်ဆိုင်၊ မြဝတီ-မဲဆောက်၊ ကော့သောင်း-ရနောင်းတို့အပြင် ထီးခီး-ဖူနာရွန် နယ်စပ်ဝင်/ထွက်ပေါက်ကိုပါ တိုးချဲ့၍ နယ်စပ်ဝင်/ထွက်ပေါက်အဆင့်မှ နိုင်ငံကူးလက်မှတ်၊ တရားဝင်ပြည်ဝင်ဗီဇာများဖြင့် ခွင့်ပြုပေးသော နိုင်ငံတကာဝင်/ထွက်ပေါက်များအဖြစ် (၂၈-၈-၂၀၁၃)နေ့မှစ၍ အဆင့်တိုးမြှင့်ဆောင်ရွက်ခဲ့ပါသည်။<br>❖ ကျန်နယ်စပ်ပေါက်များအားလည်း လိုအပ်ချက်နှင့် အခြေအနေပေါ်မူတည်၍ နိုင်ငံတကာဝင်/ထွက်ပေါက်များအဖြစ် ဆက်လက်တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ယခင်ကာလတူဖြင့် နှိုင်းယှဉ်ပါက နိုင်ငံဝင်ငွေ (၃)ဆတိုးမြှင့်ရရှိခဲ့ပါသည်။ |

*(ဆက်လက်ဖော်ပြပါမည်)*

# ရန်ကင်းတောင်တော်သို့ ဘုရားဖူးများ သမင်စာကျွေးကာကုသိုလ်ယူ

**မန္တလေး နိုဝင်ဘာ ၁၀**

မန္တလေးမြို့သို့ ဘုရားဖူးလာရောက်သော ပြည်တွင်းဘုရားဖူးများနှင့် နိုင်ငံတကာမှ ခရီးသွားဧည့်သည်များ သွားရောက်လေ့ရှိသောနေရာမှာ ရန်ကင်းတောင်တော်ပင်ဖြစ်သည်။ ရန်ကင်းတောင်တော်သည် သူတော်ကောင်းများ မွေ့ပျော်ရာတောင်ဟုဆိုသည်။ သဘာဝထူးခြားမှုများစွာဖြင့် စိတ်ဝင်စားဖွယ်ကောင်းသော မန္တလေးမြို့ဂုဏ်ဆောင် တောင်တစ်တောင်ပင်ဖြစ်သည်။ တောင်တော်ပေါ်သွားဆိုင်ကယ်များ၊ ကားများ အလွယ်တကူတက်နိုင်သည်အထိ တောင်တက်ကားလမ်းဖောက်လုပ်ထားသည်။

ရန်ကင်းတောင်တော်ပေါ်သို့ ဘုရားဖူးများသွားရာတွင် ပတ်ဝန်းကျင်မှ ရှမ်းရိုးမတောင်တန်းကြီးအလှ၊ ပုသိမ်ကြီး လယ်ကွင်းများအလှ၊ မန္တလေးမြို့နှင့် မန္တလေးတောင်တော်အလှကို အပေါ်စီးမှတွေ့မြင်နိုင်သော သဘာဝမျှော်စင်ဟုပင် တင်စားနိုင်သည်။ ရန်ကင်းတောင်တော်ပေါ် ရောက်သည်နှင့် စိတ်အေးချမ်းမှုကိုဖြစ်ပေါ်စေသည်အထိ စိတ်ငြိမ်၊ ငြိမ်းအေးသောရန်ကင်းသည့် တောင်တော်ပင်ဖြစ်ပါသည်။



ရန်ကင်းတောင်တော်သည် အမြင့်ပေ ၆၀၄ ပေ၊ အလျား ၆၆၀၆ ပေ၊ တောင်ဘက်လှေကား ၅၆၅ ထစ်၊ မြောက်ဘက် လှေကား ၄၂၉ ထစ်ရှိသည်။ ရန်ကင်းတောင်တော်ပေါ်တွင် ထူးခြားအံ့ဩဖွယ် သဘာဝငါးရံ့တွင်းလိုဏ်ဂူရှိသည်။ ငါးရံ့ တွင်းအနက်ပေ ၅၀ ရှိပြီး ငါးရံ့တွင်းအတွင်း ဆင်းသည့် လှေကားများမှာ တောင်ဘက်လှေကား ၇၂ ထစ်၊ မြောက်ဘက်လှေကား ၇၂ ထစ်ရှိသည်။ ငြိမ်းအေးသော ရန်ကင်းတောင်ပေါ်တွင် အခြားစိတ်ဝင်စားစရာ၊ လေ့လာစရာများစွာ၊ ဘုရားဖူးစရာ များစွာရှိသည်။

ဗျာဒိတ်ပေးဘုရား၊ ဓမ္မစကြာဘုရား၊ ဘောဂဝတီနဂါးရုံဘုရား၊ အောင်မြေဘုရား၊ နှစ်ကျိပ်ရှစ်ဆူဘုရား၊ သိုက်နန်းရှင်နန်း၊ ရှမ်းမောင်နှမနတ်နန်း၊ ရန်ကင်းဘိုးဘိုးကြီး၊ တောင်ပိုင်ရှင်အမေယက္ခနတ်နန်းတို့ရှိသည်။ ထို့အပြင် တရားထိုင်သည့် ဂူများတည်ရှိသည်။ ရန်ကင်းတောင်တော်တွင်ဂူကိုးဂူရှိသည်။ ထိုဂူများမှာ ဖားဂူ၊ ဂူသစ်၊ အောင်သိဒ္ဓိဂူ၊ ငါးရံ့မင်းဂူ၊ နတ် နဂါးဂူ၊ အောင်ဗုဒ္ဓဂူ၊ ဝက်ဘာဂူ၊ ဝိဇ္ဇာညီနောင်ဂူတို့ ရှိသည်။

စိတ်ဝင်စားဖွယ်များစွာဖြင့် စိတ်အေးချမ်းမှုကိုပေးသော ရန်ကင်းတောင်တော်ရောက်ဘုရားဖူးများနှင့် နိုင်ငံတကာ ခရီးသွားဧည့်သည်များသည် တောင်တော်ပေါ်ရှိသမင်လေးများကို အစာကျွေးလေ့ရှိသည်။ သဘာဝကန်စွန်းရွက် ရောင်းချသူ၊ မြက်ချိုရောင်းချသူများလည်းရှိသည်။ ဘုရားဖူးများသည် ယဉ်ပါးနေသော သမင်လေးများကို အစာဝယ်ကျွေးကုသိုလ်ပြုသလိုသမင်အစာကျွေးသည့်ပုံများကို အမှတ်တရ မှတ်တမ်းဓာတ်ပုံများရိုက်ကူးလေ့ရှိသည်။ နိုင်ငံတကာ ခရီးသွားဧည့်သည်များနှင့် ပြည်တွင်းဘုရားဖူးများသည် အနီးကပ်အစာကျွေး ကုသိုလ်ပြုခြင်းများကို အထူးနှစ်သက်ပြီး လှပသောသမင်တို့၏ နေထိုင်မှုသဘာဝကို လေ့လာခွင့်ရရှိသည်။ ယခုအခါရန်ကင်းတောင်တော်ပေါ်တွင် နေ့စဉ်ဘုရားဖူးများလာသလို သမင်လေးများကိုလည်း အစာကျွေးကုသိုလ်ပြုလေ့ရှိသည်။ အခါကြီးရက်ကြီးများတွင် ဘုရားဖူးများပိုမိုလာကြောင်း သိရသည်။

**(တိမ်တမန်)**

# ယနေ့မိုးလေဝသအခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၁၀**

**ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးနှင့်မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ပဲခူးတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာလွိုင်လင်မြို့တွင် ၉ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့တွင် ၁၀ ဒီဂရီစင်တီဂရိတ်နှင့်ပြင်ဦးလွင်မြို့တွင် ၁၂ ဒီဂရီစင်တီဂရိတ်တို့ရှိခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ဖြူးမြို့တွင် ၃ ဒသမ ၀၇ လက်မ၊ ကျိုက္ခမီမြို့တွင် ၁ ဒသမ ၃၈ လက်မနှင့်ပေါင်မြို့တွင် ၁ ဒသမ ၀၂ လက်မတို့ဖြစ်ကြသည်။

# ဘာလီမှသည် နေပြည်တော်သို့

ကိုကိုလှိုင်

၂၀၁၁ ခုနှစ် နိုဝင်ဘာလတွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ကျင်းပခဲ့သည့် အာဆီယံထိပ်သီးဆွေးနွေးပွဲသည် ကျွန်တော့်အတွက် များစွာအမှတ်တရဖြစ်ခဲ့သည်။ ထိုသို့ အမှတ်တရဖြစ်ခဲ့ရခြင်းမှာ အဆိုပါ အာဆီယံထိပ်သီးဆွေးနွေးပွဲတွင် မြန်မာနိုင်ငံအား ၂၀၁၄ ခုနှစ် အာဆီယံအဖွဲ့၏အလှည့်ကျဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခွင့်ပြုရန် မြန်မာနိုင်ငံ၏ မေတ္တာရပ်ခံချက်ကို အာဆီယံနိုင်ငံခေါင်းဆောင်များက သဘောတူလက်ခံခဲ့ကြသောကြောင့်ဖြစ်သည်။ ဘာလီထိပ်သီးဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ရာတွင် အဖွဲ့ဝင်တစ်ဦးအဖြစ် လိုက်ပါခွင့်ရခဲ့သည့်အတွက် ထိုစဉ်က အဖြစ်အပျက်များကို ယခု မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌအဖြစ် လက်တွေ့ဆောင်ရွက်ကာ နိုင်ငံမြို့တော်ဖြစ်သော နေပြည်တော်၌ အာဆီယံထိပ်သီးညီလာခံကျင်းပရန် ပြင်ဆင်နေချိန်တွင် ပြန်လည်၍ အမှတ်ရနေမိပါသည်။

၂၀၁၁ ခုနှစ် ဆိုသည်မှာ များစွာမဝေးကွာလှသော အတိတ်ကာလဖြစ်သော်လည်း လက်ရှိအခြေအနေများနှင့်နှိုင်းယှဉ်ပါက အလွန်ပင်ကွာခြားနေခဲ့ပါ၏။ ထိုစဉ်က မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲရေးကို စတင်သည့်ကာလ၊ အာဆီယံနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံအများစုတို့က မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးကို "အစစ်အမှန်မှ ဟုတ်ပါလေစ" ဟု သံသယဖြင့် မျက်လုံးဒေါက်ထောက်ကြည့်နေကြသည့်ကာလဖြစ်ရာ ထိုကဲ့သို့ မြန်မာနိုင်ငံက ၂၀၁၄ ခုနှစ်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ကိုယူလိုပါသည်ဟု ဆိုသောအခါ "ယုံတမ်းစကား" သဖွယ်ထင်မြင်ယူဆကြသူလည်း မရှားလှပေ။

**အချို့က မြန်မာနိုင်ငံ၏လုပ်ဆောင်နိုင်မှုစွမ်းရည်ကို သံသယရှိကြသည်။ နှစ်ပေါင်းများစွာ နိုင်ငံတကာပိတ်ဆို့မှုများနှင့် မိမိဘာသာအထီးကျန်နေထိုင်ခဲ့မှုမှစတင်၍ တံခါးဖွင့်ခါစ မြန်မာနိုင်ငံမှာ တစ်နည်းဆိုရလျှင် ဥခွံမှ ထွက်စ ကြက်ပေါက်စကလေးတစ်ကောင်နှယ် အစစအရာရာကို စမ်းတဝါးဝါးနှင့် ရင်ဆိုင်နေရချိန်ဖြစ်သည်။ အခြားတစ်ဖက်တွင်မူ အာဆီယံအလှည့်ကျဥက္ကဋ္ဌဆိုသည့် တာဝန်က မသေးလှ။ အာဆီယံအဖွဲ့သည် မူလကပင် ကဏ္ဍအလိုက် အစည်းအဝေးများနှင့် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းဖြစ်ရာ တစ်နှစ်အတွင်းအစည်းအဝေးပေါင်း ရာနှင့်ချီ၍ လက်ခံပြုလုပ်ပေးရသည်။ ကဏ္ဍတိုင်းတွင် အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး၊ ဝန်ကြီးအဆင့် အစည်းအဝေးနှင့် နောက်ဆုံးအာဆီယံနိုင်ငံခေါင်းဆောင်များတက်ရောက်ကြသည့် ထိပ်သီးအစည်းအဝေးဟူ၍ အဆင့်ဆင့် စုဝေးဆွေးနွေးဆောင်ရွက်ကြရခြင်းဖြစ်၏။**

ထိပ်သီးအစည်းအဝေးမှာလည်း တစ်နှစ်လျှင် နှစ်ကြိမ်ကျင်းပလေ့ရှိသည်။ နှစ်စဉ်ဧပြီလတစ်ဝိုက်တွင် ကျင်းပသည့် ထိပ်သီးအစည်းအဝေးမှာ ပုံမှန်ဖြစ်ပြီး နိုဝင်ဘာလတွင် ကျင်းပလေ့ရှိသည့် ထိပ်သီးအစည်းအဝေးမှာမူ ပို၍ကြီးမားသည့် အစည်းအဝေးဖြစ်သည်။ ယင်းထိပ်သီးအစည်းအဝေးနှင့်အတူ ဆက်စပ်အစည်းအဝေးများဖြစ်သည့် EAS ခေါ် အရှေ့အာရှ ထိပ်သီးအစည်းအဝေး၊ အာဆီယံနှင့် အဓိကဆွေးနွေးဖက်နိုင်ငံများ သီးခြားဆွေးနွေးကြသည့်အာဆီယံအပေါင်းတစ်၊ အာဆီယံအပေါင်းသုံး အစည်းအဝေးများ၊ အာဆီယံဒေသတွင်း လုံခြုံရေးဖိုရမ် (ARF)စသည်ဖြင့် အစည်းအဝေးပေါင်းမြောက်မြားစွာက တွဲဖက်၍ပါဝင်လာသည်။ ထို့အပြင် နှစ်နိုင်ငံချင်း သီးခြားတွေ့ဆုံလိုပါကလည်း ယင်းတွေ့ဆုံဆွေးနွေးမှုများအတွက် နေရာထိုင်ခင်းမှအစ စီစဉ်ပြုလုပ်ပေးရသေးသည်။ နိုင်ငံအစိုးရအဖွဲ့များအကြား ပြုလုပ်သည့် အစည်းအဝေးများအပြင် ဒေသတွင်းစီးပွားရေးအုပ်စုများတွေ့ဆုံဆွေးနွေးမှုများ၊ ပြည်သူလူထုနှင့် လူငယ်များတွေ့ဆုံဆွေးနွေးသည့် ဖိုရမ်များ စသည့် ဒုတိယလမ်းကြောင်း (Track Two)ဆွေးနွေးပွဲများလည်း ရှိသေးသည်။ အာဆီယံထိပ်သီးအစည်းအဝေးများတွင် ပြည်တွင်းပြည်ပမှ မီဒီယာများနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်ပေါင်း ၅၀၀၀၊ ၆၀၀၀ခန့်အထိ တက်ရောက်လေ့ရှိရာ အစစအရာရာ အဆင်ပြေအောင်ဆောင်ရွက်ရသည်မှာ မည်မျှကြီးလေးသော တာဝန်ဖြစ်မည်ကို မှန်းဆနိုင်ပါသည်။

မြန်မာနိုင်ငံအပေါ် အစဉ်အမြဲ အဆိုး အပျက်ဘက်မှ ရှုမြင်လေ့ရှိကြသော အချို့အချို့သော လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများကလည်း မြန်မာနိုင်ငံ အာဆီယံအဖွဲ့ထဲ၌ ရှိနေသည်ကိုပင် မတွေ့လိုမမြင်လိုသည့်အနေအထား ရှိကြသည်။ စင်စစ်၌ ၁၉၆၇ ခုနှစ်တွင် အာဆီယံ စတင်ဖွဲ့စည်းခဲ့စဉ်က မြန်မာနိုင်ငံကိုအဖွဲ့ဝင်အဖြစ်ပါဝင်ပါရန် စတင်ဦးဆောင်သည့် နိုင်ငံများက အနူးအညွတ်မေတ္တာရပ်ခံခဲ့ကြသည်။ သို့ရာတွင် မြန်မာနိုင်ငံအနေဖြင့် တိကျသော ကြားနေရေးနှင့်ဘက်မလိုက်ဝါဒကို ကျင့်သုံးနေသည်ဖြစ်၍ ထိုစဉ်က စစ်အေးတိုက်ပွဲပြင်းထန်ဆဲကာလတွင် စစ်အုပ်စုကြီးတစ်ခု၏ စစ်စခန်းများချရပ်ထားသော နိုင်ငံအချို့နှင့်အတူ ဒေသတွင်းအဖွဲ့တစ်ဖွဲ့တည်း၌ ပါဝင်ရန် မဖြစ်နိုင်၍ ငြင်းဆန်ခဲ့ရခြင်းဖြစ်သည်။

စစ်အေးတိုက်ပွဲပြီးဆုံး၍ နိုင်ငံတကာဆက်ဆံရေး အနေအထားပြောင်းလဲလာချိန်၌ အာဆီယံသည်လည်း အရှေ့တောင်အာရှ ဒေသတစ်ခုလုံးရှိ နိုင်ငံအားလုံးတိုးချဲ့ပါဝင်လာစေရန် အားထုတ်ကြိုးပမ်းလာခဲ့သည်။ တစ်ချိန်က အာဆီယံအဖွဲ့၏ ခြိမ်းခြောက်မှုအန္တရာယ်သဖွယ် သဘောထားခံခဲ့ရသော ဗီယက်နမ်သည်ပင် ၁၉၉၅ ခုနှစ်၌ အာဆီယံအဖွဲ့ဝင်ဖြစ်လာခဲ့သည်။ မြန်မာနှင့် လာအိုတို့သည်လည်း ၁၉၉၇ ခုနှစ်၌ အဖွဲ့ဝင်များဖြစ်လာခဲ့ကြသည်။ ထိုစဉ်က မြန်မာနိုင်ငံကို အမျိုးမျိုးသော အကြောင်းပြချက်၊ စွပ်စွဲချက်များဖြင့် အာဆီယံအဖွဲ့ဝင်အဖြစ် လက်ခံခြင်းမပြုရန် သြဇာကြီးသော လက်မည်းကြီးများက အပြင်းအထန် ကြိုးပမ်းဖိအားပေးခဲ့ကြသည်ကို မှတ်မိပါသေးသည်။ အာဆီယံညီအစ်ကိုတော်များ၏ နားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုတို့ကြောင့် မြန်မာနိုင်ငံ အဖွဲ့ဝင်ဖြစ်လာခဲ့ပြီးနောက်၌လည်း အာဆီယံပါဝင်သည့် အာရှ-ဥရောပ အစည်းအဝေး (ASEM)များ၌ မြန်မာကိုဖယ်ထုတ်ထားခဲ့ရန် တစ်ဖက်မှ ကြိုးပမ်းမှုများရှိခဲ့သည်။ မြန်မာမပါလျှင် အာဆီယံတစ်ဖွဲ့လုံး အစည်းအဝေးမတက်ဟု အာဆီယံနိုင်ငံများက တညီတညွတ်တည်း တင်းခံခဲ့မှုကြောင့် ဖယ်ထုတ်မခံခဲ့ရခြင်းဖြစ်သည်။

ဤသို့အခက်အခဲပေါင်းများစွာနှင့် ပါဝင်လာခဲ့ရသည့် အာဆီယံအဖွဲ့ထဲ၌ မြန်မာနိုင်ငံ၏အလှည့်ကျဥက္ကဋ္ဌဖြစ်ခွင့်ကိုပင် ပြင်ပဖိအားများကြောင့် လက်လွှတ်ခဲ့ရသေးသည်။ ပါတီစုံဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ် စတင်ပြောင်းလဲတည်ဆောက်ခဲ့ပြီးနောက်၌မူ နိုင်ငံတော်အစိုးရအနေဖြင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာ၌ မိမိနိုင်ငံကို ထိုက်တန်သောနေရာရရှိအောင် ပြန်လည်၍ကြိုးပမ်းခဲ့သည်။ ယင်းမှာ အစိုးရအတွက် မျက်နှာရစေရန်၊ ဂုဏ်တက်စေရန် မဟုတ်။ တစ်နိုင်ငံလုံး၏ဂုဏ်သိက္ခာအတွက်ဖြစ်သည်။ ထို့ကြောင့် အစိုးရအဖွဲ့သစ်တက်လာပြီး မကြာခင်မှာပင် ၂၀၁၁ ခုနှစ် ဧပြီလက အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တော်၌ ကျင်းပသော အာဆီယံထိပ်သီးအစည်းအဝေးတွင် နိုင်ငံတော်သမ္မတကြီးက မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ်တွင်ကျင်းပမည့် အာဆီယံထိပ်သီးအစည်းအဝေးတွင် အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူလိုကြောင်း အဆိုပြုခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ် အလှည့်ကျသည့် လာအိုနိုင်ငံကလည်း ဝမ်းမြောက်ဝမ်းသာ လက်ခံခဲ့သဖြင့် ဤကိစ္စကို ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ထိပ်သီးအစည်းအဝေး၌ တရားဝင်ဆုံးဖြတ်ရန် သဘောတူခဲ့ကြသည်။

ထိုသို့ မြန်မာကစတင်အဆိုပြုခဲ့သည့် ၂၀၁၁ ခုနှစ် ဧပြီလ အာဆီယံထိပ်သီးအစည်းအဝေးတွင် တွဲဖက်ဆက်စပ် အစီအစဉ်တစ်ခုဖြစ်သော အာဆီယံပြည်သူ့ဖိုရမ်သို့ မြန်မာကိုယ်စားလှယ်များအဖြစ် ကျွန်တော်တို့ တက်ရောက်ခွင့်ရခဲ့သည်။ ထိုစဉ်က မြန်မာနိုင်ငံပြင်ပရှိ အုပ်စုအချို့ကလည်း မြန်မာကိုယ်စားလှယ်များအဖြစ် တက်ရောက်ခဲ့ကြပြီး ယင်းအစည်းအဝေးကို အင်နှင့်အားနှင့် လွှမ်းမိုးထားခဲ့သည်။ ကျွန်တော်တို့ကိုလည်း အမျိုးမျိုးဆန့်ကျင်ထိုးနှက်ခဲ့ကြပြီး ပြေရာပြေကြောင်း ဖျောင်းဖျပြောဆိုကာ ထိတွေ့စည်းရုံးသည်ကိုပင် ခါးသီးစွာတုံ့ပြန်ခဲ့ကြသည်။ မြန်မာနိုင်ငံ၌ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပြည်တွင်းစစ်များရှိနေဆဲဖြစ်သောကြောင့် အာဆီယံဥက္ကဋ္ဌရာထူးနှင့် မထိုက်တန်ဟု ကန့်ကွက်ခဲ့ကြသည်။ ကျွန်တော်တို့က "ဤအစိုးရသည်အမှန်တကယ် ပြုပြင်ပြောင်းလဲမှုများစတင်ပြုလုပ်နေသည့် အစိုးရဖြစ်ပါသည်။ ပြုပြင်ပြောင်းလဲမှုဆိုသည်မှာ အချိန်ယူရပါသည်။ ယခုအချိန်တွင် သံသယရှိနေခြင်းကို နားလည်ပါသည်။ သို့ရာတွင် စောင့်ကြည့်ပေးပါ။ အမှန်တကယ်ပြုပြင်ပြောင်းလဲမှုများပြုလုပ်သည်ကို တွေ့ရပါက လက်ခံပေးပါ"ဟု ရှင်းပြခဲ့သော်လည်း လက်မခံကြပါ။ (ယခုအခါ ထိုသူများထဲမှ ပုဂ္ဂိုလ်အချို့သည် မြန်မာနိုင်ငံငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ အစိုးရနှင့်ပူးပေါင်း၍ လုပ်ဆောင်နေပြီဖြစ်ပါသည်။)

၂၀၁၁ ခုနှစ် နိုဝင်ဘာထိပ်သီးအစည်းအဝေးမတိုင်မီကာလတွင် မြန်မာနိုင်ငံအား အလှည့်ကျဥက္ကဋ္ဌတာဝန်ပေးနိုင်ရေးအတွက် နိုင်ငံရေးအရလည်းကောင်း၊ စွမ်းဆောင်ရည်အရလည်းကောင်း ဖြစ်နိုင်၊ မဖြစ်နိုင် လေ့လာရန် ထိုစဉ်ကအလှည့်ကျဥက္ကဋ္ဌဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးအပါအဝင် အာဆီယံသံတမန်အသိုင်းအဝိုင်းက မြန်မာနိုင်ငံသို့ ကိုယ်တိုင်လာရောက်လေ့လာဆွေးနွေးခဲ့ကြပါသည်။ ကျွန်တော်တို့က အစွမ်းကုန်ကြိုးစားမည်ဖြစ်ကြောင်း၊ ကျွန်တော်တို့လည်း ယုံကြည်ပါကြောင်း ပြန်လည်ဆွေးနွေးခဲ့ကြသည်။ အားလုံးလိုလိုက နားလည်မှုရှိရှိဖြင့် လက်ခံခဲ့ကြသည်။

မည်သို့ပင်ဖြစ်စေ ၂၀၁၁ ခုနှစ် နိုဝင်ဘာထိပ်သီးအစည်းအဝေးကာလသို့ ရောက်သည့်တိုင်အောင် ၂၀၁၄ ခုနှစ် အလှည့်ကျဥက္ကဋ္ဌဖြစ်ရေးအတွက် စိတ်ဒုန်းဒုန်းမချနိုင်သေးပါ။ အာဆီယံနိုင်ငံများကသာဆုံးဖြတ်ရမည့် ကိစ္စဖြစ်သော်လည်း ကမ္ဘာ့မဟာအင်အားကြီး အမေရိကန်အပါအဝင် ဆွေးနွေးဖက်နိုင်ငံများ၏ သဘောထားကလည်းရှိနေသေးသောကြောင့်ဖြစ်ပါသည်။ ထို့အပြင် အချို့သော အာဆီယံနိုင်ငံများဘက်မှလည်း "အင်တင်တင်"ဖြစ်နေသလိုလို သတင်းများထွက်နေသောကြောင့် စိတ်တထင့်ထင့်ဖြစ်နေခဲ့ရသည်။

**ကျွန်တော်မှတ်မိသမျှ အာဆီယံထိပ်သီးနိုင်ငံခေါင်းဆောင်များ၏ သီးသန့်ထိပ်သီးအစည်းအဝေးတွင် ဤကိစ္စကို ဆုံးဖြတ်ပါသည်။ သီးသန့်အစည်းအဝေးမှာ ပြင်ပသို့ ရုပ်မြင်သံကြားထုတ်လွှင့်ပေးခြင်းမရှိသဖြင့် အပြင်ဘက်မှ စောင့်ကြည့်နေရသည်။ ကျွန်တော်တို့လည်း ဘာမျှမသိရပါ။ မြန်မာနိုင်ငံမှ လာရောက်သတင်းယူကြသည့် သတင်းထောက်များအပါအဝင် ကမ္ဘာ့မီဒီယာများမှာလည်း စကြံအပြင်ဘက်တွင် သိလိုဇောဖြင့် စုရုံးအုံခဲနေကြပါသည်။ အစည်းအဝေးပြီးလျှင်ပြီးချင်း ခန်းမထဲမှထွက်လာသည့် မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ပြုံးရွှင်သောအမူအယာဖြင့် ကျွန်တော်တို့ကို လက်မထောင်ပြပါသည်။ ကျွန်တော်တို့လည်း စကြံဝ၌ စောင့်နေကြသော သတင်းသမားများထံ မင်္ဂလာစကားအပြေးအလွှားပါးလိုက်ရပါသည်။ မြန်မာသတင်းထောက်ကလေးများလည်း ဝမ်းသာအားရပျော်ရွှင်သွားခဲ့ကြပါသည်။**

ထိုနေ့ညနေက နိုင်ငံတော်သမ္မတကြီးနှင့်နိုင်ငံတကာသတင်းမီဒီယာများတွေ့ဆုံ၍ စီစဉ်ပေးနိုင်ခဲ့ပါသည်။ သမ္မတကြီး၏ သက်တမ်းတွင် ပထမဆုံးသော နိုင်ငံတကာသတင်းကွန်ဖရင့်ဖြစ်ပါသည်။ မြန်မာကိုယ်စားလှယ်အဖွဲ့တည်းခိုသည့် မီကိုဟိုတယ်ရှိ သမ္မတကြီး၏ ဧည့်ခန်းတွင်ပင် ကျစ်ကျစ်လျစ်လျစ်လုပ်ဆောင်ခဲ့ပြီး ကျွန်တော်က ဘာသာပြန်အဖြစ် ဆောင်ရွက်ပေးခဲ့ရပါသည်။ သတင်းစာရှင်းလင်းပွဲမှာ များစွာအောင်မြင်ပါသည်။ ထိုစဉ်က သံသယတစ်ပိုင်း မကောင်းမြင်မျှော်လင့်ချက်တစ်ဝက်ဖြင့် ရောက်လာကြသော သတင်းသမားများကို သမ္မတကြီးကစိတ်ရှည်သည်းခံ၍ အချိန်ယူဖြေကြားပေးခဲ့ပါသည်။ ဤသို့ဖြင့် နိုင်ငံတကာသတင်းမျက်နှာစာတွင် တံခါးတစ်ချပ်လှပ်၍ စတင်ဖွင့်လှစ်နိုင်ခဲ့ပါ၏။ အဆိုပါသတင်းစာရှင်းလင်းပွဲတွင် သမ္မတကြီးပြောခဲ့သည့် စကားတစ်ခွန်းကို ယခုထက်တိုင်မှတ်မိပါသေးသည်။ **သမ္မတကြီးက ဤသို့ အလှည့်ကျဥက္ကဋ္ဌတာဝန်ယူရမည့်အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိပြီး ပိုကြီးမားသောတာဝန်တစ်ရပ် ပခုံးပေါ်သို့ကျရောက်လာပြီဟု ခံစားရပါကြောင်း၊ ဤတာဝန်ကို မြန်မာနိုင်ငံအစိုးရနှင့်တကွ ပြည်သူအားလုံး အနေဖြင့် ကျေပွန်အောင် အစွမ်းကုန်ကြိုးပမ်းသွားမည် ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။**

သမ္မတကြီးမိန့်ကြားခဲ့သည့်အတိုင်း အလှည့်ကျဥက္ကဋ္ဌတာဝန်ဟူသော ဝန်ထုပ်ဝန်ပိုးကြီးမှာကြီးမားလှပါသည်။ အခြေခံအဆောက်အအုံပိုင်းဆိုင်ရာ၊ အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာ၊ လုပ်ငန်းစွမ်းဆောင်ရည်ဆိုင်ရာ ကဏ္ဍများတွင် အချိန်မီအသင့်ဖြစ်စေရန် များစွာအားထုတ်ကြိုးပမ်းခဲ့ကြရပါသည်။ အခြေခံအဆောက်အအုံပိုင်းတွင် ၂၀၁၁ ခုနှစ်မှစ၍ အာဆီယံထိပ်သီးညီလာခံကျင်းပရာ နေရာတိုင်းသို့ မြန်မာကိုယ်စားလှယ်ကျွမ်းကျင်ပညာရှင်များ သွားရောက်လေ့လာ၍ မြန်မာနိုင်ငံတကာ ကွန်ဗင်းရှင်းဗဟိုဌာန အသစ်ကြီးတစ်ခုကို နှစ်နှစ်အတွင်း အချိန်မီပြီးစီးအောင် ဆောက်လုပ်ခဲ့ကြပါသည်။ မြန်မာဆောက်လုပ်ရေးလုပ်ငန်းရှင်များကလည်း နိုင်ငံတော်အဆင့် ဧည့်သည်တော်များတည်းခိုမည့် ကြယ်ငါးပွင့်အဆင့်ဟိုတယ်များကို ကြိုးစားဆောက်လုပ်ပေးခဲ့ကြပါသည်။ အစိုးရဌာနအားလုံးကလည်း အာဆီယံနှင့်နိုင်ငံတကာ ကျွမ်းကျင်သူများ၏ အကူအညီဖြင့် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးအတွက် ကြိုတင်ပြင်ဆင်လေ့ကျင့်ခဲ့ကြရပါသည်။ ယာဉ်မောင်း၊ လုံခြုံရေးနှင့် ဆက်ဆံရေးအရာရှိများမှအစ ပြည်ထောင်စုဝန်ကြီးအဆုံး အားလုံးပါဝင်လေ့ကျင့်ပြင်ဆင်ခဲ့ကြရပါသည်။ နိုင်ငံတကာအဆင့်မီအောင် လိုအပ်သည့်စက်ကိရိယာပစ္စည်းများကို ပြည့်စုံအောင် ဖြည့်ဆည်းရပါသည်။

**'ပွဲမဝင်ခင် အပြင်ကကျင်းပ' ဆိုသလို ဇာတ်တိုက်လေ့ကျင့်မှုများလည်း ပြုလုပ်ကြရပါသည်။ ၂၀၁၃ ခုနှစ် နှောင်းပိုင်းတွင် အောင်မြင်စွာလက်ခံကျင်းပနိုင်ခဲ့သည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးမှာလည်း အာဆီယံထိပ်သီးအစည်းအဝေးအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လက်တွေ့စမ်းသပ်သည့် အစမ်းစာမေးပွဲတစ်ခုပမာဖြစ်ပါသည်။**

**နောက်ဆုံးတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ယူရမည့် ၂၀၁၄ ခုနှစ်သို့ရောက်ရှိလာခဲ့ပါတော့သည်။ ၂၀၁၄ ခုနှစ်သည် တစ်ခုတည်းသော အာဆီယံအသိုက်အဝန်းကြီး ထူထောင်ရမည့် ၂၀၁၅ ခုနှစ် (တိကျစွာပြောရပါလျှင် ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့) မတိုင်မီ နောက်ဆုံးကြိုတင်ပြင်ဆင်ရမည့် နှစ်ဖြစ်၍ အရေးကြီးဆုံးနှစ်ဟုလည်း ဆိုနိုင်ပါသည်။ တောင်တရုတ်ပင်လယ်ကိစ္စ၊ ကိုရီးယားကျွန်းဆွယ်ကိစ္စ၊ တရုတ်-ဂျပန်ဆက်ဆံရေးကိစ္စ၊ တရုတ်-အမေရိကန်ဆက်ဆံရေးကိစ္စ စသည်ဖြင့် အလွန်အရေးပါ၍ စိတ်ဝင်စားဖွယ်ကောင်းသော နိုင်ငံတကာ နိုင်ငံရေးကိစ္စများနှင့်လည်း တိုက်ဆိုင်နေပါသည်။ အခြားသော ဒေသတွင်းစီးပွားရေး၊ လူမှုရေးကိစ္စများတွင်လည်း တစ်ခုတည်းသော အသိုက်အဝန်းဖြစ်စေရေး ဆက်လက်ညှိနှိုင်းသွားရမည့် အရေးပါသော အစည်းအဝေးများစွာရှိနေခဲ့ပါသည်။**

မည်သို့ပင်ဖြစ်စေ နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်လမ်းညွှန်မှု၊ ဝန်ကြီးဌာနများနှင့် ဝန်ထမ်းများအားလုံး၏ တက်ညီလက်ညီကြိုးပမ်းမှု၊ လွှတ်တော်အသီးသီးနှင့် ပြည်သူ့ကိုယ်စားလှယ်များ၏ ပူးပေါင်းကူညီအားပေးမှု၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အနုပညာရှင်များ၊ သတင်းမီဒီယာများနှင့် ပြည်သူအားလုံးတို့၏ အားပေးထောက်ခံမှုများဖြင့် ၂၀၁၄ ခုနှစ်အတွင်း ကျင်းပခဲ့သော အာဆီယံအဖွဲ့၏ အစည်းအဝေးအသီးသီးနှင့်လုပ်ငန်းဆောင်တာများကို အလှည့်ကျဥက္ကဋ္ဌနိုင်ငံအနေဖြင့် အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပါပြီ။ ယခုကျင်းပသော အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ နောက်ဆုံးတာဝန်ဖြစ်သည့် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများမှာလည်း နိုင်ငံတစ်ဝန်းလုံးမှ ပြည်သူများ၏ အားပေးထောက်ခံပါဝင်ဆောင်ရွက်မှုဖြင့် အောင်မြင်စွာ ကျင်းပနိုင်တော့မည်ဖြစ်ပါသည်။

**ဤသို့အာဆီယံအလှည့်ကျတာဝန်ဖြင့် ထိပ်သီးအစည်းအဝေးများကို နုနယ်သောသက်တမ်းကာလအတွင်း အောင်မြင်စွာကျင်းပနိုင်ခြင်းမှာ နိုင်ငံတော်အစိုးရအတွက် အောင်မြင်မှုသမိုင်းမှတ်တိုင် သက်သက်မျှ မဟုတ်ပေ။ စင်စစ်၌ ပြည်သူတစ်ရပ်လုံး၏ယုံကြည်အားပေးထောက်ခံပါဝင်မှုများဖြင့် ရရှိလာခဲ့သောအောင်မြင်မှုဖြစ်ပြီး "ပြည်သူအားလုံး၏အောင်ပွဲ မြန်မာတစ်နိုင်ငံလုံး၏အောင်ပွဲ" သာဖြစ်ပေသည်။ အရှေ့တောင်အာရှဒေသတွင်း၌ "မြန်မာတွေလည်း လုပ်နိုင်စွမ်းရှိသည်" ဆိုခြင်းကိုလက်တွေ့ပြသနိုင်ခဲ့သော "မြန်မာ့အောင်ပွဲ" စစ်စစ်ဖြစ်သည်ဟု ဆိုလိုက်ချင်ပါသည်။** ။

**နောက်ဆုံးတာဝန်ဖြစ်သည့် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများမှာလည်း နိုင်ငံတစ်ဝန်းလုံးမှ ပြည်သူများ၏ အားပေးထောက်ခံပါဝင်ဆောင်ရွက်မှုဖြင့် အောင်မြင်စွာကျင်းပနိုင်တော့မည်**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# အထူးကိစ္စရပ်များအတွက်သုံးစွဲနိုင်ရန် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် သီးသန့်ရန်ပုံငွေကျပ် (၁၀၀) ဘီလီယံ နှစ်စဉ်လျာထား

**နေပြည်တော် နိုဝင်ဘာ ၁၀**

ပြည်သူ့လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး၏ **"ကမ်းရိုးတန်းဒေသများ၌ ကြုံတွေ့ရသော ရာသီဥတုဆိုးရွားမှု၊ ငလျင်ဒဏ်၊ မီးဘေးဒဏ်များနှင့်ပတ်သက်၍ ရသုံးမှန်းခြေငွေစာရင်းတွင် ရေရှည်လုပ်ငန်းစီမံကိန်းအနေဖြင့် သီးသန့်ရန်ပုံငွေချန်လှပ်ထားမှုကို သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစ၍ ကြိုတင်မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များကျရောက်လာပါက ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်နှင့် ဘဏ္ဍာရေးနှစ်အတွင်းမသုံးစွဲလျှင်မဖြစ်သည့် အထူးကိစ္စရပ်များအတွက် သုံးစွဲနိုင်ရန် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် သီးသန့်ရန်ပုံငွေကျပ် (၁၀၀) ဘီလီယံကို နှစ်စဉ်လျာထားခဲ့ပါကြောင်း။

အဆိုပါသီးသန့်ရန်ပုံငွေကို ကြိုတင်မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များအတွက် အသုံးစရိတ်ဖြစ်ခြင်း၊ ဘဏ္ဍာရေးနှစ်အတွင်းမသုံးစွဲလျှင်မဖြစ်သည့် အထူးကိစ္စရပ်ဖြစ်ခြင်း၊ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများအရ ခေါင်းစဉ်လွှဲပြောင်းကျခံရန် မဖြစ်နိုင်ခြင်း သို့မဟုတ် ခေါင်းစဉ်လွှဲပြောင်းကျခံရန်အတွက် ရန်ပုံငွေမရှိခြင်း၊ သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရ



ကျန်းမာရေးဝန်ကြီးဌာန
ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်။

ခွင့်ပြုရမည်ဖြစ်ခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့သည် သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကိစ္စရပ်များကို ကိစ္စတစ်ခုချင်းအလိုက် ကျိုးကြောင်းဖော်ပြ၍ အနီးကပ်ဆုံးကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်ပြရမည်ဖြစ်ပါကြောင်း။

တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကြိုတင်မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များဖြစ်သည့် ရာသီဥတုဆိုးရွားမှုနှင့် ငလျင်ဒဏ်၊ မီးဘေး၊ ရေဘေးနှင့် မုန်တိုင်းကျရောက်မှုများဖြစ်ပေါ်လာပါက လူမှုဝန်ထမ်း၊



ဘဏ္ဍာရေးဝန်ကြီးဌာန
ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်။

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအပြင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများကို ဆက်စပ်ဆောင်ရွက်ရသည့် အခြားဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများက လိုအပ်လာသည့် ရန်ပုံငွေများကို ကျခံနိုင်ရန် ပြည်ထောင်စုအစိုးရ၏ခွင့်ပြုချက်ဖြင့် သီးသန့်ရန်ပုံငွေ ကျပ် (၁၀၀) ဘီလီယံမှ သုံးစွဲလျက်ရှိပါကြောင်း။

အမျိုးသားအဆင့် သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများ၏ဦးဆောင်မှုဖြင့် နိုင်ငံတော်၏ဒေသများတွင် နှစ်စဉ်ကြုံတွေ့နေရသော ရာသီဥတုဆိုးရွားမှု၊ ရေကြီးမှု၊ ငလျင်ဒဏ်၊ မီးဘေးဒဏ်များနှင့် ပတ်သက်၍ နိုင်ငံတော်၏ နှစ်စဉ်ရသုံးခန့်မှန်းခြေငွေစာရင်းတွင် အဓိကတာဝန်ယူဆောင်ရွက်သည့် ဝန်ကြီးဌာနမှလျာထားခြင်း၊ သီးသန့်ရန်ပုံငွေမှ သုံးစွဲခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးမြတ်ခိုင်၏ **"သက်တမ်းစေ့အသက်ရှည်ကျန်းမာစွာနေထိုင်နိုင်ရေးအတွက် ကျန်းမာရေးနှင့် ဆက်စပ်သော သက်ဆိုင်ရာဌာနများအားလုံး ပူးပေါင်းညှိနှိုင်း၍ စီမံဆောင်ရွက်မည့် အစီအစဉ်ရှိ၊ မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ကူးစက်ရောဂါမဟုတ်သော နာတာရှည်ရောဂါများကင်းဝေး၍ သက်တမ်းစေ့ အသက်ရှည်ကျန်းမာစွာနေထိုင်ရေးအတွက် ရေရှည်အားဖြင့် ကျန်းမာရေးဝန်ကြီးဌာနတစ်ခုတည်းသာမကဘဲ ကျန်းမာရေးနှင့်ဆက်စပ်နေသော သက်ဆိုင်ရာဌာနများအားလုံး ညှိနှိုင်းပူးပေါင်း၍ စီမံဆောင်ရွက်သွားမည့် အစီအစဉ်ရှိပါကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနသာမက နီးနွယ်ဝန်ကြီးဌာနများနှင့် အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများပြုလုပ်ခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ပညာပေးဇာတ်လမ်းတို၊ စကားဝိုင်းများကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား အစီအစဉ်များတွင် ထည့်သွင်းပြသပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် တရားရေးဆိုင်ရာ မေးခွန်း(၇)ခုကို မေးမြန်းဖြေကြား

**နေပြည်တော် နိုဝင်ဘာ ၁၀**

အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး၏ တရားရေးဆိုင်ရာမေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့်က ရှင်းလင်းဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးတင်မောင်မြင့်၏ **"လောင်းလုံမြို့နယ်အတွင်း တရားမဝင် ငွေစု၊ လေလံငွေစု/ငွေချေးလုပ်ငန်းများလုပ်ကိုင်ပြီး မပြေမလည်ဖြစ်သောအခါ မြို့နယ်တရားရုံးတွင် တရားစွဲဆိုခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်အနေဖြင့် မည်ကဲ့သို့ ကြီးကြပ်ဆောင်ရွက်နေသည်ကို သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ငွေစုလုပ်ငန်း လုပ်ကိုင်ကြရာတွင် မိမိတို့စုပေါင်း၍ လစဉ်ငွေထည့်ဝင်စုဆောင်းပြီး ရရှိသည့်ငွေကို တစ်ဦးချင်း အလှည့်ကျသုံးစွဲကြရန် အားလုံးသဘောတူညီသည့် ပဋိညာဉ်အရ ဆောင်ရွက်သည့်လုပ်ငန်းဖြစ်ပါကြောင်း။


ငွေစုလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးဦးက သဘောတူထားသည့် စည်းကမ်းချက်ပဋိညာဉ်ကို ဖောက်ဖျက်မည်ဆိုပါက နစ်နာသူက ရုံးခွန်ထမ်းဆောင်ကာ တရားမကြောင်းအရ တရားစွဲဆိုခွင့်ရှိပါကြောင်း၊ အခြားသူများက အပ်နှံထားသည့်ငွေကို လက်ခံရယူထားသူက ပြန်ပေးရမည့်အချိန်တွင် ပြန်ပေးရန် တာဝန်ရှိပါကြောင်း၊



တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၃)မှ ဦးတင်မောင်မြင့်။

ပြန်မပေးပါက ငွေအပ်နှံထားသူက တရားစွဲဆိုပြီး တောင်းခံခွင့်ရှိခြင်းသည် မျှတမှုရှိပါကြောင်း။

လောင်းလုံမြို့နယ်တွင် ဖြစ်ပွားခဲ့သည့် ပြစ်မှုများမှာ ငွေစုအပ်နှံသူများ ယုံကြည်အပ်နှံထားသည့် ငွေကို လက်ခံထားသည့်ငွေစုဒိုင်က ပြန်လည်ထုတ်မပေးခြင်းကြောင့် ငွေစုဒိုင်အပေါ် တရားစွဲဆိုသည့် အမှုများ၊ ဖြားယောင်းသွေးဆောင် ကတိပေး၍ ထည့်ဝင်ထားသည့်ငွေကို ငွေစုဒိုင်က ပြန်ထုတ်မပေးခြင်းကြောင့် ငွေစုဒိုင်အပေါ် ငွေစုအပ်နှံထားသူများက စွဲဆိုထားသည့် အမှုများဖြစ်ပါကြောင်း၊ တရားစွဲဆိုခြင်းခံရသူငွေစုဒိုင်သည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၆၊ ၄၂၀ တို့အရ ပြစ်မှုကျူးလွန်



ကချင်ပြည်နယ် မဲဆန္ဒနယ်
အမှတ်(၁၀)မှ ဦးစိုင်းမြမောင်။

ကြောင်း သက်သေထင်ရှားပေါ်ပေါက်သည့်အတွက် စုငွေလက်ခံထားသူ ငွေစုဒိုင်ကို ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်း ဖြစ်ပါကြောင်း။

တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်အနေဖြင့် အမှုများကိုဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်ရန် သက်ဆိုင်ရာမြို့နယ် တရားသူကြီးများအား အမြဲမပြတ်မှာကြားလျက်ရှိပါကြောင်း၊ ဥပဒေလုပ်ထုံးလုပ်နည်းများကိုလည်း ရှင်းပြပါကြောင်း၊ မြို့နယ်တရားသူကြီးများ လိုက်နာဆောင်ရွက်ရန် အချက်များကို လိုက်နာစေရန် ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုင်းမြမောင်၏ **"ကချင်ပြည်နယ် ဗန်းမော်ခရိုင်ရှိ တရားမကြီးအမှုအမှတ် ၁၀/၂၀၁၁ အမှုအား အမှန်တရား ပေါ်ပေါက်နိုင်ရေးအတွက် စစ်ဆေးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ အမှုမှာ စုကြေးဒိုင်လုပ်သူများက ပထမဆုံးအကြိမ် စုကြေးငွေများကို ခံစားပြီးနောက် ကျန်လစဉ်ဆုကြေးကို လေလံဆွဲရသူများက အလှည့်ကျ ထုတ်ယူခံစားကြရန် နှုတ်ကတိ သဘောတူညီချက်အရ လုပ်ကိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ သဘောတူထားသည့် နှုတ်ကတိပဋိညာဉ်ကို ဖောက်ဖျက်သဖြင့် လျော်ကြေးတောင်းဆိုခြင်းဖြစ်၍ ကာလစည်းကမ်းသတ် အက်ဥပဒေအရ ပဋိညာဉ်ဖောက်ဖျက်သည့် အချိန်မှစ၍ သုံးနှစ်အတွင်း တရားစွဲဆိုရမည် ဖြစ်ပါကြောင်း၊ ပဋိညာဉ်ဖောက်ဖျက်သည့်နေ့ ၂၀၀၇ ခုနှစ် ဧပြီ ၁၅ ရက်မှ ၂၀၁၀ ခုနှစ် ဧပြီ ၁၅ ရက်အတွင်း တရားစွဲရမည်ဖြစ်သော်လည်း ၂၀၁၀ ခုနှစ် ဧပြီ ၂၂ ရက်မှ တရားစွဲဆိုခြင်းဖြစ်၍ စည်းကမ်းသတ်ကာလကျော်လွန်နေကြောင်း၊ သုံးသပ်ပြီးအမှုကို ပလပ်ခဲ့ခြင်းဖြစ်ပါကြောင်း။

စုကြေးငွေများ အမှန်တကယ်ထည့်ဝင်ခဲ့ပြီး အလှည့်ကျပြန်လည်ထုတ်ယူခံစားခွင့် မရရှိသေး၍ အဆိုပါငွေများ ရရှိရန်အတွက် တရားမမှုစွဲဆိုခဲ့ခြင်းမှာ မှန်သော်လည်း စွဲဆိုသောအမှုသည် တရားစွဲဆိုရန် သတ်မှတ်ထားသည့် ကာလစည်းကမ်းသတ် အက်ဥပဒေပါ သတ်မှတ်ကာလကျော်လွန်နေခြင်းကြောင့် အယူခံရုံးအဆင့်ဆင့်တွင် အမှုရှုံးနိမ့်ခဲ့ရခြင်း ဖြစ်ပါကြောင်း၊ အမှုမှန်ဖြစ်သော်လည်း စွဲဆိုရာတွင် ကာလစည်းကမ်းသတ်ကျော်လွန်ပြီးမှ တရားစွဲဆိုခဲ့ခြင်းကြောင့် အမှုရှုံးနိမ့်ခဲ့ရခြင်းဖြစ်ပြီး ၎င်းအမှုကို ပြန်လည်စစ်ဆေးဖြေရှင်းပေးနိုင်မည် မဟုတ်ပါကြောင်းဖြင့် ဖြေကြားသည်။

ယနေ့အစည်းအဝေးတွင် ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် တရားရေးဆိုင်ရာ မေးခွန်း(၇) ခုကို မေးမြန်းဖြေကြားခဲ့ကြပြီး မြန်မာနိုင်ငံဆေးကောင်စီဥပဒေကြမ်းနှင့် ပတ်သက်သည့် အစီရင်ခံစာ(၁)စောင် တင်သွင်းခဲ့သည်။

**(သတင်းစဉ်)**



## ပြည်တွင်းရေးရာ



မီဒီယာများအတွက် MICC-1 အဆောက်အအုံအပြင်ရှိ MEDIA Center(2) ကို တွေ့ရစဉ်။

**❒ ရှေ့ဖုံးမှ**

လေအေးပေးစက်အပိုင်းမှာ တန် ၂၄၀ Capacity ရှိတဲ့ Aircon Chiller ခုနစ်လုံးတပ်ဆင်ထားပြီး အဆောက်အအုံတစ်ခုလုံးကို လေအေးပေးထားနိုင်ပါတယ်။ အဆောက်အအုံတစ်ခုလုံးက Tap Water ကနေ ရေအားလုံးဟာ ရေသန့်စနစ် Sand Filter Carbon Filter တွေသုံးပြီး စစ်ထားတဲ့ရေတွေဖြစ်လို့ သောက်သုံးလို့ရပါတယ်။ ဒီရေတွေကို လစဉ်စစ်ဆေးနေပြီး ပြန်ထွက်တဲ့ ရေဆိုးတွေကအစ သန့်စင်တဲ့စနစ်တွေ တပ်ဆင်ထားပါတယ်။

မီးဘေးလုံခြုံရေးစနစ်မှာ Spingular စနစ်အရ အပူချိန် ၆၈˚C ရှိပြီဆိုတာနဲ့ ရေပန်းလိုမျိုး ကွဲထွက်ပြီး မီးငြိမ်းသတ်ပေးမယ့်စနစ် Fire Cutting System တွေ အဆောက်အအုံတစ်ခုလုံးမှာ တပ်ဆင်ထားပါတယ်။ အရေးကြီးတဲ့ဆာဗာတွေ ထားရှိတဲ့အခန်းတွေမှာ မီးလောင်မှုဖြစ်ပွားရင် သီးသန့်သုံးတဲ့ Suspension Systemတွေနဲ့ FM 200 Gas တွေနဲ့စီစဉ်ထားပါတယ်။ အဆောက်အအုံထဲကအခန်းတွေမှာ ကာဗွန်ဒိုင်အောက်ဆိုက် ဘယ်လောက်ရှိနေလဲ ဆိုတာတွေကို သိနိုင်တာတွေ တပ်ဆင်ထားပါတယ်။ ဒီလို စနစ်တွေအားလုံးကို လူအင်အားနည်းနည်းနဲ့ Control Room ကနေ ထိန်းချုပ်ထားနိုင်ဖို့ Building Management System ကို အသုံးပြုထားပြီး အသံပိုင်း၊ မီးပိုင်းနဲ့ Aircon နဲ့မိလ္လာစနစ်၊ ဓာတ်လှေကား၊ Fire Alarm စတဲ့ကိစ္စတွေအတွက်ပါ ဒီအခန်းကပဲ ထိန်းချုပ်သွားမှာဖြစ်ပါတယ်။

အစည်းအဝေးခန်းတွေမှာ ဘယ်အစည်းအဝေးခန်းက ဘာကျင်းပနေတယ်ဆိုတာ အချိန်နဲ့တစ်ပြေးညီ သိရှိနိုင်အောင် Digital Information System တွေတပ်ဆင်ထားပြီး Master Clock System ကနေ အစည်းအဝေးခန်းတွေမှာရှိတဲ့အချိန်တွေ တစ်ပြေးညီဖြစ်စေဖို့ ထိန်းပေးထားပါတယ်။ အစည်းအဝေးခန်းတွေရဲ့ အသံစနစ်မှာဆို Simutaneous Interpretation System ခေါ်တဲ့ သက်ဆိုင်ရာ ဘာသာစကားအလိုက် ဘာသာပြန်ဆိုပေးမယ့် စနစ်တွေ ပါဝင်ပါတယ်။

မီဒီယာတွေ သတင်းရယူမှုအပိုင်းမှာလည်း မီဒီယာစင်တာနှစ်ခန်းကို စီစဉ်ထားပြီး စင်တာ(၁)မှာ ၂၂၅ ဦးနဲ့ စင်တာ(၂)မှာ ၆၉၆ ဦး အသုံးပြုနိုင်အောင် စီစဉ်ထားပါတယ်။ သီးသန့်အသုံးပြုနိုင်တဲ့ Media Booths ၃၈ ခန်းလည်း ပါဝင်ပါတယ်။ အိုင်စီတီကဏ္ဍမှာ ဝိုင်ဖိုင် အင်တာနက်နဲ့ ဖိုက်ဘာလိုင်းတွေကို ရုံးခန်းတွေ၊ အစည်းအဝေးခန်းမတွေနဲ့ မီဒီယာအခန်းတွေမှာ အသုံးပြုနိုင်အောင် စီစဉ်ထားပြီး ဝိုင်ဖိုင်အင်တာနက်ကို 25th Asean Summit နဲ့ MICC Guests ဆိုပြီး နှစ်ခုလွှင့်ပေးထားပါတယ်။ MICC Guests ကတော့ လုံခြုံရေးနဲ့ ထိန်းသိမ်းကွပ်ကဲတဲ့ အပိုင်းမှာ သီးသန့်အသုံးပြုသွားမှာဖြစ်ပါတယ်။

အဆောက်အအုံပြင်ပမှာဆိုရင် အလှမီးဆင်တာတွေ၊ သစ်ပင်ပန်းမန် စိုက်ပျိုးပြင်ဆင်တာတွေကို ကြိုတင်ဆောင်ရွက်ခဲ့ပါတယ်။ ဒီလုပ်ငန်းတွေအားလုံးကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးကော်မတီနဲ့ အခြားအဖွဲ့အစည်းတွေပါဝင်တဲ့ လူအင်အား ၅၀၀ လောက်သုံးပြီး ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

**ဦးနေဇင်ဦး**
**MICC-1 ဒုတိယတာဝန်ခံ**

အဆောက်အအုံရဲ့ ရုပ်သံစနစ်သုံးရုပ်သံလိုင်းနဲ့ အတွင်းအပြင်သန့်ရှင်းရေးကဏ္ဍမှာ တာဝန်ယူထားပါတယ်။ရုပ်သံလိုင်းမှာတော့ ဇုန်ခုနစ်ခုခွဲထားပြီး သက်ဆိုင်ရာဇုန်အလိုက် EP၊ EC၊ IT အင်ဂျင်နီယာများပါဝင်ပြီး တာဝန်ခံတစ်ယောက်စီချထားဆောင်ရွက်ပါတယ်။

အဆောက်အအုံအတွင်းနဲ့ အပြင်ကသန့်စင်ခန်းတွေ စနစ်တကျသန့်ရှင်းသပ်ရပ်နေဖို့ စီမံဆောင်ရွက်ရတာဖြစ်ပြီး သန့်ရှင်းရေးဝန်ထမ်းအင်အား အတွင်းမှာ ၄၀ နဲ့ အပြင်မှာ ၁၅ ဦးရှိပါတယ်။ အဓိကက သန့်စင်ခန်းသန့်ရှင်းရေးနဲ့ အဆောက်အအုံကြမ်းပြင်နဲ့ သန့်စင်ခန်းသုံးပစ္စည်းတွေဖြည့်တာ၊ သိမ်းတာကအစ အခြားသန့်ရှင်းရေးလုပ်ငန်းတွေအားလုံး ပါဝင်ပါတယ်။ အပြင်မှာ Mobile Toilet ၁၆ လုံးရှိပြီး ယာဉ်မောင်းနဲ့ အခြားသူတွေ အသုံးပြုရတာအဆင်ပြေအောင် သန့်ရှင်းရေးကဏ္ဍကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဒီလိုအခမ်းအနားကြီးကျင်းပတဲ့နေရာမှာ MICC ဝန်ထမ်းတစ်ယောက်အနေနဲ့ မြန်မာနိုင်ငံရဲ့ အကြီးကျယ်ဆုံးပွဲကြီးမှာ ပါဝင်ခွင့်ရတဲ့အတွက် ဂုဏ်ယူပါတယ်။ ဒီလိုပွဲကြီးမျိုးတွေကြုံခဲ့ဖူးပြီး အခုအစည်းအဝေးကြီးမှာလည်း အကောင်းဆုံးဖြစ်အောင် ကြိုးစားဆောင်ရွက်သွားမှာပါ။

**သက်ကိုဝင်း**
**သန့်ရှင်းရေးဝန်ထမ်း**
**MICC -1**

ကျွန်တော်က တောင်တွင်ကြီးမြို့သစ်ကပါ။ ဒီမှာလုပ်နေတာ တစ်နှစ်ကျော်ရှိပါပြီ။ သန့်ရှင်းရေးတာဝန်ယူထားပါတယ်။ ကြမ်းပြင်တွေမှာ ရေတွေ၊ အညစ်အကြေးတွေမရှိအောင် သေချာဂရုစိုက်လုပ်ပေးရပါတယ်။ အစည်းအဝေးအကြောင်းတော့ သိပ်မသိပါဘူး။ အာဆီယံပွဲကြီးမှာ ဒီကရော နိုင်ငံခြားကပါ ဧည့်သည်တွေ အများကြီးလာမှာလို့သိထားတော့ ဒီလိုနေရာမျိုးမှာ ကျွန်တော်ပါဝင်ခွင့်ရတာပျော်ပါတယ်။ ဒီလိုမျိုးတွေ မြင်ဖူးဖို့မလွယ်တော့ အခုလိုအလုပ်လုပ်ရင်း သိမြင်ခွင့်ရတာ အံ့သြဝမ်းသာနေမိပါတယ်။

**R-4 ဆုမြတ်ထွေး(သန့်ရှင်းရေး၊ MICC-1)**

ကျွန်မတို့က သန့်ရှင်းရေးအတွက် Level-1 မှာ တာဝန်ယူရပါတယ်၊ Level-1 မှာ သန့်ရှင်းရေးတာဝန် ခြောက်ယောက်ရှိပါတယ်။ ကျွန်မက လျှောက်လမ်းသန့်ရှင်းရေးတာဝန်ကျပါတယ်။ နားလိုက်လုပ်လိုက်အေးအေးဆေးဆေးနဲ့ ကိုယ့်တာဝန်တွေ ကျေပွန်အောင်လုပ်ပါတယ်၊ မပင်ပန်းပါဘူး။ နံနက် ၇ နာရီခွဲလောက်ကနေ ညနေ ၅ နာရီအထိ သန့်ရှင်းရေးလုပ်ပေးပါတယ်။ အစည်းအဝေးမရှိရင်တော့ နံနက် ၈ နာရီလောက်ကနေ ညနေ ၅ နာရီ လောက်ထိပေါ့။ အစည်းအဝေးပွဲရက်တွေမှာ ကျွန်မတို့အတွက် စားဖို့သောက်ဖို့လည်း စီစဉ်ပေးပါတယ်။

**ဒေါ်ခင်မမ(ဆသရ-၄ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)**

ကျွန်မတို့ မြန်မာ့ဆက်သွယ်ရေးက Local နဲ့ Foreigner တွေအတွက် Sim Card တွေ၊ ငွေဖြည့်ကတ်တွေကို လာပြီးရောင်းချတာပါ။ Sim Card တွေကို Foreigner နဲ့ Local ရော ဈေးအတူတူ ၁၅၀၀နဲ့ ရောင်းချပေးပါတယ်။ ငွေဖြည့်ကတ်လည်း ရောင်းချပေးပါတယ်။ ပြီးတော့ အာဆီယံတံဆိပ်ခေါင်းတွေလည်း ရောင်းပေးပါတယ်။ ကျပ် ၆၀၀၀ တန် ၄၅၀၀ တန်နဲ့ ၂၅၀၀ တန်ဆိုပြီးရှိပါတယ်။ တံဆိပ်ခေါင်းစုဆောင်းသူတွေ အတွက်ပါ။ ပြီးတော့ဖက်စ်လည်းရှိပါတယ်။ Local တွေဖက်စ်တစ်မျက်နှာကို တစ်ရာကျပ်နဲ့ ဝန်ဆောင်မှုပေးပါတယ်။ Foreigner တွေအတွက်ကတော့ Yellow Pages မှာရှိတဲ့ နိုင်ငံခြား range အတိုင်း သတ်မှတ်ပါတယ်။

**မစန်းချိုအေး**
**မြတ်တော်ဝင်ဟိုတယ်**

နိုဝင်ဘာ ၉ ရက်နဲ့ ဒီနေ့ ၁၀ ရက်မှာကျတော့ Supporting အဖွဲ့တွေအတွက် နေ့လယ်စာစီစဉ်ပေးရပါတယ်။ မနက်ဖြန်ကျတော့ Supporting အဖွဲ့တွေရော၊ Media အဖွဲ့တွေအတွက်ရော Tea Break ရော၊ နေ့လယ်စာရော စီစဉ်ရမှာပါ။ Tea Break က နှစ်ကြိမ်၊ နေ့လယ်စာက တစ်ကြိမ်ပါ။ မနက်ဖြန်ကျွေးမွေးဖို့ ဒီနေ့ကတည်းက စီစဉ်ရတာပါ။ အဲဒီနေ့မှ စီစဉ်မယ်ဆိုရင် အဆင်မပြေနိုင်ဘူး။ Supporting အဖွဲ့မှာကျတော့ မြန်မာတွေ များပါတယ်။ မီဒီယာမှာကျတော့ နိုင်ငံခြားသားတွေ ပါတယ်လေ။ Supporting အဖွဲ့ဟင်းလျာအတွက် အသားဟင်းရယ်၊ အရွက်ကြော်၊ အရွက်သုပ်၊ အသီးအရွက်ဟင်းတွေစီစဉ်ထားပါတယ်။ မီဒီယာမှာကျတော့ နိုင်ငံခြားသားတွေပါတဲ့အတွက် ဒီဟင်းလျာအပြင် ပေါင်မုန့်တို့ ထောပတ်တို့ ထပ်ထည့်ထားပါတယ်။ ဟင်းလျာတွေကို ပူပူနွေးနွေးဖြစ်အောင်လည်း စီစဉ်ထားပါတယ်။ အချိုပွဲအတွက်လည်း အသီးအနှံတွေအပြင် မုန့်လိပ်ပြာတို့ မုန့်ကွဲသည်းတို့လို မြန်မာ့ရိုးရာအစားအစာမုန့်လေးတွေကိုလည်း ထည့်ပြီးစီစဉ်ထားပါတယ်။

# ပြည်တွင်းပြည်ပမီဒီယာ ၁၃၀၀ ကျော် လာရောက်သတင်းရယူမည်

**ကောင်းကင်နန်းတော် ဟိုတယ်တွင် မီဒီယာများအတွက် ဝင်ခွင့်ကတ်ထုတ်ပေးစဉ်။**

**သတင်း-မိုးသူဇာစိုး၊ ဓာတ်ပုံ-ကျော်ဇေယျ**

**နေပြည်တော် နိုဝင်ဘာ ၁၀**

အာဆီယံဥက္ကဋ္ဌတာဝန် လက်ခံရယူထားသော မြန်မာနိုင်ငံအနေဖြင့် (၂၅) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေး၊ အရှေ့အာရှထိပ်သီး အစည်းအဝေးများ အပါအဝင် ဆက်စပ်ထိပ်သီးအစည်းအဝေးများကို နိုဝင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ရာ အဆိုပါ အစည်းအဝေးများ ကျင်းပနေမှုကို သတင်းရယူနိုင်ရန် ပြည်တွင်းပြည်ပ မီဒီယာအသီးသီးမှ သက်ဆိုင်ရာကဏ္ဍအလိုက် သတင်း၊ ဓာတ်ပုံနှင့် ရုပ်သံကျွမ်းကျင်သူ ၁၃၀၀ ကျော် လာရောက်သတင်းရယူမည်ဖြစ်ကြောင်း အာဆီယံထိပ်သီးအစည်းအဝေး ကျင်းပရေး၊ ဆက်ဆံရေးနှင့် ပြန်ကြားရေး ဆပ်ကော်မတီမှ သိရသည်။

အာဆီယံထိပ်သီးအစည်းအဝေးနှင့် အရှေ့အာရှထိပ်သီးအစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင် နိုင်ငံ ၁၀ နိုင်ငံမှ နိုင်ငံ့အကြီးအကဲများနှင့် အမေရိကန်၊ ဂျပန်၊ တရုတ်၊ ကိုရီးယား၊ နယူးဇီလန်၊ ဩစတြေးလျ၊ အိန္ဒိယနှင့် ရုရှားနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌတို့လည်း တက်ရောက်ကြမည်ဖြစ်ရာ မြန်မာနိုင်ငံတွင်ကျင်းပသည့် နိုင်ငံတကာဆိုင်ရာ ထိပ်သီးအစည်းအဝေးများတွင် အကြီးကျယ်ဆုံးအစည်းအဝေးကြီး ဖြစ်သည်။

အဆိုပါ အစည်းအဝေးများသို့ တက်ရောက်သတင်းရယူရန် ပြည်တွင်းမီဒီယာများမှ ၁၆၅ ဦး၊ ပြည်ပမီဒီယာများမှ ၈၀၁ ဦး၊ အစည်းအဝေး တက်ရောက်သော သက်ဆိုင်ရာနိုင်ငံများမှ မီဒီယာ ၃၅၁ ဦး ရှိကြောင်း သိရသည်။ အစည်းအဝေး တက်ရောက်ကြမည့် သက်ဆိုင်ရာ နိုင်ငံများ၏ မီဒီယာများပါရှိမှုတွင် အမေရိကန်နိုင်ငံမှ ၁၂၈ ဦး ပါဝင်မည်ဖြစ်ကာ ကိုရီးယားနိုင်ငံမှ ၁၄၃ ဦး ပါဝင်မည်ဖြစ်ကြောင်းသိရသည်။

အစည်းအဝေးသို့ လာရောက်သတင်းရယူကြမည့် ပြည်တွင်းပြည်ပမီဒီယာများအတွက် မီဒီယာလက်စွဲစာအုပ်ကို အွန်လိုင်းတွင် လွှင့်တင်ပေးထားပြီး အခြားလိုအပ်သော သတင်းအချက်အလက် ရယူခြင်းဆိုင်ရာကိစ္စရပ်များ ဆက်သွယ်ဆောင်ရွက်ရန် ပြန်ကြားရေးဝန်ကြီးဌာနမှ မီဒီယာ ဆက်သွယ်ရေးအရာရှိ ၃၃ ဦး ခန့်အပ်ထားသည်။ သက်ဆိုင်ရာနိုင်ငံများနှင့် ပြည်တွင်းပြည်ပမီဒီယာအဖွဲ့အစည်းများ ဆက်သွယ်ဆောင်ရွက်နိုင်ရန် ဆက်သွယ်ရေးအရာရှိများ အမည်စာရင်းကို ယင်းမီဒီယာလက်စွဲစာအုပ်တွင် ဖော်ပြထားကြောင်း သိရသည်။ ယနေ့ နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းမှစတင်၍ မီဒီယာ ဝင်ခွင့်ကတ်များကို နေပြည်တော် Sky Palace Hotel တွင် ထုတ်ပေးလျက်ရှိရာ ယနေ့ညနေအထိ မီဒီယာကတ် ၅၀၀ ကျော် ထုတ်ပေးပြီးဖြစ်ကြောင်းနှင့် နိုဝင်ဘာ ၁၁ ရက်တွင်လည်း ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



# ထောက်ကြံ့မြို့ (၃၁)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဘုရား လှည့်လည်ပူဇော်ခံပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြံ့မြို့ပေါ် (၁၄) ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများ၊ သမိုင်းဝင်ဇိနမာန်အောင်စေတီတော်ကြီး ဂေါပကအဖွဲ့ဝင်များနှင့် မြို့ခံလူထု စုပေါင်းညီညွတ်မှုဖြင့် (၃၁) ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဘုရား လှည့်လည်ပူဇော်ခံပွဲအား ရာဇဝင်း၊ ဒေဝါဝင်း အခမ်းအနားများဖြင့် နိုဝင်ဘာ ၉ ရက် ညနေ ၃ နာရီတွင် ဇိနမာန်အောင်ဘုရားကြီးမှ စတင်ထွက်ခွာခဲ့ပြီး ရွှေညောင်ပင်ဘိုးဘိုးကြီးနှင့် ထောက်ကြံ့မြို့ပေါ်တစ်လျှောက် လှည့်လည်ပူဇော်ခံခဲ့ရာ လမ်းဘေးဝဲ၊ ယာမှ မြို့ပေါ်နှင့် ရပ်ကွက်ပြည်သူလူထုက စည်ကားသိုက်မြိုက်စွာ ပူဇော်ကန်တော့ကြပြီး ညပိုင်းတွင် "ဖိုက်စတားအငြိမ့်"ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။

**အေးသန်း(ကြေးမုံ)**



# နေပြည်တော်၌ မြန်မာ့ရိုးရာလက်မှုအနုပညာပြပွဲ ခင်းကျင်းပြသမည်




**နေပြည်တော် နိုဝင်ဘာ ၁၀**

ယခုအခါ မြန်မာနိုင်ငံသို့ ပြည်ပခရီးသွားဧည့်သည်များလာရောက်မှု ပိုမိုတိုးတက်များပြားလျက်ရှိသည်။ မြန်မာ့ရိုးရာလက်မှုအနုပညာသည် သိမ်မွေ့နက်နဲပြီး ကိုယ်ပိုင်မူ၊ ကိုယ်ပိုင်ဟန်များဖြင့် အဆင့်အတန်းမြင့်မားကြောင်း၊ ရှေးနှစ်ပေါင်းထောင်ချီကတည်းက ဖွံ့ဖြိုးတိုးတက်ပြီး ယခုထက်တိုင် စောင့်ရှောက်ထိန်းသိမ်းလျက်ရှိကြောင်း ပြည်တွင်း၊ ပြည်ပဧည့်သည်များ သိရှိလေ့လာ တန်ဖိုးထားနိုင်စေရန်ရည်ရွယ်၍ မြန်မာ့ရိုးရာလက်မှုအနုပညာပြပွဲကို ဒုတိယအကြိမ်အဖြစ် နေပြည်တော် မဏိရတနာခန်းမ (ကျောက်စိမ်းအရောင်းခန်းမကြီး)၌ နိုဝင်ဘာ ၁၄ ရက်မှ ၁၅ ရက်အထိ နံနက် ၉ နာရီမှ ည ၈ နာရီအတွင်း ခင်းကျင်းပြသမည်ဖြစ်ရာ မည်သူမဆို အခမဲ့ဝင်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

ပြပွဲ၌ မြန်မာ့ရိုးရာလက်မှုပညာများအနက် ရွှေချည်ထိုး၊ ငွေထည်၊ ယွန်းထည်များ၊ ရွှေဆိုင်းများ၊ အမရပူရချည်ထည်၊ ပိုးထည်များ၊ ထူးခြားထင်ရှားသည့် အင်းလေးကြာချည်အထည်အပါအဝင် တိုင်းရင်းသားရိုးရာဂျပ်ခုတ်အထည်များ၊ ကြိမ်ထည်နှင့် ပန်းချီကားများကို ပြုလုပ်ပုံအဆင့်ဆင့်နှင့်အတူ စိတ်ဝင်စားဖွယ်ဖြစ်အောင် ခင်းကျင်းပြသထားသည့်အပြင် မြန်မာ့တွင်းထွက်ကျောက်မျက်လက်ဝတ်ရတနာများနှင့် အသုံးအဆောင်ပစ္စည်းအမျိုးမျိုးကိုလည်း ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၁-၁၁-၂၀၁၄ (အင်္ဂါနေ့)

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၆း၄၅ | "စက္ကူအလင်းအမြင်သန် မြတ်ဘုရား ရွှေမျက်မှန်" |
| ၇း၂၀ | ပြည်သူတို့ရဲ့စကားသံများ |
| ၇း၄၀ | ပြည်သူ့နီတိ "ဆောင်းခိုငှက်တို့ အိမ်ပြန်ချိန်" |
| ၈း၃၀ | (၂၅)ကြိမ်မြောက်အာဆီယံ ထိပ်သီးအစည်းအဝေးနှင့် ပညာရှင်တို့၏ အမြင် |
| ၉း၃၀ | "အသက်ကလေးရယ်တဲ့ ရှည်စေလို" |
| ၁၀း၂၀ | "နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုအတွက် အရည်အချင်းစစ်စာမေးပွဲ (Aptis Test)ဖြေဆိုနည်းလမ်းညွှန်" |
| ၁၀း၅၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "ဒဏ္ဍာရီပန်းတစ်ပွင့်" (အပိုင်း-၇၈) |
| ၁၁း၃၀ | တစ်မျက်နှာ၊ တစ်ကွက်စာ "မာယာကျော့ကွင်း"(ဇာတ်သိမ်း) (ကောင်းဆက်ထူး၊ ဒေါင်းဝေ၊ ဗိုသီရိခေတ်၊ ခေးဆက်သွင်) (ဒါရိုက်တာ-မေတင်(MMG)) |
| ၁၂း၄၀ | "အာဆီယံယဉ်ကျေးမှုပွဲတော် (၂၀၁၄)"(ပထမပိုင်း) |

# စစ်တွေမြို့ရှိ ကယ်ဆယ်ရေးစခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိ

**စစ်တွေ နိုဝင်ဘာ ၁၀**

ရခိုင်ပြည်နယ် စစ်တွေမြို့နယ် အနောက်စံပြကျေးရွာ(ဘာဆာရာ)တွင် ဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်း၌ နိုဝင်ဘာ ၈ ရက်က ကိုယ်ဝန်ဆောင်မိခင်များနှင့် ငါးနှစ်အောက်ကလေးများ ကျန်းမာရေးစောင့်ရှောက်မှုဗဟုသုတများကို ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာကျော်ဇင်ဦးနှင့်အဖွဲ့က ဟောပြောပညာပေးမှုများပြုလုပ်ကြပြီး လိုအပ်သည့်ဆေးဝါးများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့ပြင် ကယ်ဆယ်ရေးစခန်းအချို့တွင် ဝမ်းရောဂါဖြစ်ပွားမှုများရှိနေ၍ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ MHAA၊ MERCY(Myanmar)၊ IRCနှင့် WHO မှ တာဝန်ရှိသူများက ဘင်္ဂါလီဒုက္ခသည်များအား တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေးကာ ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်သည်။ အဆိုပါ ကယ်ဆယ်ရေးစခန်းတွင် ဘင်္ဂါလီဒုက္ခသည် အိမ်ခြေ ၃၉၈ အိမ်ရှိပြီး ယခင်ရှိပြီးဖြစ်သည့် အနောက်စံပြကျေးရွာတွင် ကယ်ဆယ်ရေးစခန်း ထပ်မံဖွင့်လှစ်ခြင်းဖြစ်သည့်အတွက် စုစုပေါင်းအိမ်ခြေ ၆၁၅ အိမ်ရှိကြောင်း သိရသည်။

ထို့အပြင် သက်တော့ပြင်ကျေးရွာတွင် ယခင်နေထိုင်လျက်ရှိသည့် ဘင်္ဂါလီများနှင့် ဘင်္ဂါလီဒုက္ခသည်စခန်းမှ ဘင်္ဂါလီများအား ကျန်းမာရေးစောင့်ရှောက်မှုများ ၂၄ နာရီပြုလုပ်ပေးနိုင်ရန် ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခုကို တည်ဆောက်ပေးထားသည်။ အဆိုပါကျေးလက်ကျန်းမာရေးဌာနခွဲတွင် လက်ရှိလူနာ ၁၁ ဦး တက်ရောက်ကုသလျက်ရှိပြီး လူနာအများစုမှာ ဝမ်းကိုက်ဝမ်းလျှောရောဂါဖြစ်ပွားခြင်းဖြစ်ကြောင်း၊ သားဖွားခန်းပါ တွဲဖက်တည်ဆောက်ထားသည့်အတွက် လက်ရှိတွင် မွေးလူနာနှစ်ဦး တက်ရောက်လျက်ရှိကြောင်း တာဝန်ကျဆရာဝန် ဒေါက်တာသွင်ထူး၏ပြောပြချက်အရ သိရသည်။

သက်တော့ပြင်တွင် အဆိုပါကျေးလက်ကျန်းမာရေးဌာနခွဲအပြင် ဘင်္ဂါလီဒုက္ခသည်များအား အနီးကပ်ပြုစုစောင့်ရှောက်မှုများပြုနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးပေးခန်းတစ်ခု ထားရှိပေးထားသည်ကို တွေ့ရသည်။ သက်တော့ပြင် ဘင်္ဂါလီဒုက္ခသည်စခန်းတွင် တဲတန်းလျားရှစ်ခန်းတွဲ ၁၂၃ ဆောင် ဆောက်လုပ်ပေးထားပြီး အိမ်ထောင်စု ၅၄၂ စု နေထိုင်လျက်ရှိသည်။ သက်တော့ပြင်နှင့်မလှမ်းမကမ်း ဘူးမေကျေးရွာအုပ်စုရှိ ဒါးပိုင်ရွာတွင် ဖွင့်လှစ်ထားသည့် ဘင်္ဂါလီဒုက္ခသည်စခန်းတွင် ဒါးပိုင်ဆေးရုံတစ်ခုကို ဖွင့်လှစ်ထားကာ ဘင်္ဂါလီဒုက္ခသည်များအား ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိသည်။ စစ်တွေမြို့ရှိ ဘင်္ဂါလီအများစုသည် ဒါးပိုင်ရွာနှင့် သက်တော့ပြင်ရွာတို့တွင် နေထိုင်ကြပြီး ဒါးပိုင်ရွာအနီးရှိ သဲချောင်းရွာမှ သဲချောင်းဈေးသည်လည်း ရောင်းဝယ်ဖောက်ကားမှုများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

**သတင်းနှင့် ဓာတ်ပုံ-ဖေယျာ(မိုင်ရာ)**



ဒါးပိုင်ရွာရှိ သဲချောင်းဈေး၌ ရောင်းဝယ်ဖောက်ကားသူများဖြင့် စည်ကားလျက်ရှိနေသည်ကို တွေ့ရစဉ်။



အနောက်စံပြကျေးရွာ(ဘာဆာရာ)တွင် ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးအသိပညာပေးဟောပြောစဉ်။

ပြည်တွင်းရေးရာ

# ယာဉ်စည်းကမ်း လမ်းစည်းကမ်း ကိုယ်စီလိုက်နာခြင်းဖြင့် မြို့ပြဖွံ့ဖြိုးရေး ကူညီကြပါစို့

**မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော် ရန်ကုန်တွင် ယာဉ်ကြောပိတ်ဆို့မှုများက မကြာခဏဖြစ်လာခဲ့သည်။ အချို့သော ယာဉ်ကြောပိတ်ဆို့မှုများသည် ယာဉ်စည်းကမ်း လမ်းစည်းကမ်း ချိုးဖောက်မှုများကြောင့်ဖြစ်ကြောင်း လေ့လာသူများက ဆိုကြသည်။**



နိုဝင်ဘာ ၁၀ ရက်က ရန်ကုန်မြို့ ဆူးလေဘုရားလမ်းပေါ်၌ ယာဉ်လိုင်းများ၊ ကိုယ်ပိုင်ယာဉ်နှင့်အငှားယာဉ်များ စနစ်တကျ မိမိယာဉ်ကြောအတိုင်း မောင်းနှင်လျက်ရှိသည်ကိုတွေ့ရစဉ်။

ရန်ကုန်မြို့တွင် ယာဉ်စီးရေများပြားလာမှုနှင့်အတူ ယာဉ်မောင်းများ၊ လမ်းအသုံးပြုသူများအနက် စည်းကမ်းချိုးဖောက်သူများကြောင့် မလိုလားအပ်သောပိတ်ဆို့ကြန့်ကြာမှုများ ဖြစ်လာရသည်။ စည်းကမ်းတကျ မောင်းနှင်သွားလာနေကြသူများ ရှိသော်လည်း စည်းကမ်းမဲ့နေသူများပြားခြင်းကြောင့် စည်းကမ်းတကျ လုပ်ဆောင်မှုမှာ အရာသိပ်မထင်နိုင်သေးခြင်းဖြစ်သည်။

ယခုအခါ ရန်ကုန်မြို့တွင်း၌ လက်ယာဘက်ဆုံးယာဉ်ကြောတွင် မျဉ်းဝါလိုင်းများရေးဆွဲပြီး ခရီးသည်တင်ယာဉ်များသာ မောင်းနှင်ခွင့်ပေး၍ ယာဉ်လမ်းကြောင်းများ သတ်မှတ်ကာ စည်းကမ်းတကျဖြစ်စေရန် စတင်လုပ်ဆောင်နေပြီဖြစ်သလို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၏လမ်းညွှန်မှုဖြင့် ယာဉ်ကြောပိတ်ဆို့မှုများ အချိန်တိုအတွင်းဖြေရှင်းနိုင်စေရန်နှင့် စည်းကမ်းတကျသွားလာနိုင်စေရန် ကြိုးပမ်းလုပ်ဆောင်နေလျက်ရှိသည်။

"မှတ်သားဖမ်းဆီးအရေးယူမှုတွေ၊ အထူးစစ်ဆေးရေးအဖွဲ့တွေနဲ့ စစ်ဆေးဖမ်းဆီးအရေးယူတာတွေ အပြင် ယာဉ်လမ်းကြောင်း ရှင်းလင်းရေးအတွက်လည်း ဆောင်ရွက်လျက်ရှိပါတယ်"ဟု အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲရုံးမှ အရာရှိတစ်ဦးက ပြောသည်။ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များကိုလည်း နေ့ညမရွေးတာဝန်ချကာ ယာဉ်လမ်းကြောင်း ရှင်းလင်းရေးနှင့် စည်းကမ်းတကျ မောင်းနှင်သွားလာနိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

ယာဉ်ကြော ပိတ်ဆို့မှုများကို အကြောင်းပြကာ လူမောင်း၊ ပြိုင်မောင်း၊ ကျော်တက်မောင်းနှင်ခြင်းတို့ဖြင့် လူပေါ် လူကျော်လုပ်၍ မောင်းနှင်နေခြင်းက စည်းကမ်းချိုးဖောက်မှုများကို အရှက်ရကာ ပြုပြင်မည့်စိတ်မျိုးထားရမည့်အစား ယာဉ်မောင်းကျွမ်းကျင်သလို လုပ်ဆောင်နေခြင်းက စည်းကမ်းတကျသွားလာသူများအဖို့ အနှောင့်ယှက်များ ဖြစ်လာခဲ့ရသည်။ လမ်းပြောင်းပြန်မောင်းနှင်သော ဖြစ်စဉ်များတွင် လမ်းဆုံ၊ မီးပွိုင့်စောင့်ဆိုင်းချိန်ကြာမြင့်မှုအပေါ် အများတန်းတူမစောင့်ဆိုင်းဘဲ လမ်းပြောင်းပြန်ကျော်တက်၍ အရှေ့မှဖြတ်ဝင်ကာ စည်းကမ်းတကျ တန်းစီစောင့်ဆိုင်းနေသော ယာဉ်များကိုပင် "တုံး-အ" သူများအလား ကြည့်သွားတတ်ကြသေးသည်။

"သူများတွေတန်းစီနေတယ်၊ ငါလည်းတန်းစီမယ်ဆိုတဲ့စိတ်မျိုးမရှိဘူး။ ဘယ်လိုလူလည်ကျလိုက်ရမလဲဆိုတဲ့စိတ်မျိုး၊ မီးပွိုင့်မှာတန်းစီနေလို့ အရှေ့ကနေဖြတ်ဝင်ဖို့လမ်းတောင်းရင် ကျွန်တော်တော့မပေးဘူး။ ဒီလိုမပေးတဲ့သူတွေများမှ ဖြတ်ဝင်လို့လည်း မရဘူးဆိုတာသိပြီးတော့ စည်းကမ်းတကျမောင်းနှင်စေဖို့ဖြစ်ပါတယ်"ဟု မထသ(ဗဟို)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ မြန်မာနိုင်ငံတွင် ယာဉ်စီးရေခြောက်သိန်းကျော်ရှိနေသလို ရန်ကုန်မြို့တွင် အစီးရေလေးသိန်းကျော်လောက်ရှိကာ ယာဉ်အများစုသည် ရန်ကုန်တွင် မှတ်ပုံတင်ကြခြင်းများရှိပြီး အခြားသောပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် မှတ်ပုံတင်ထားပြီးနောက် ရန်ကုန်မြို့သို့ ယူဆောင်မောင်းနှင်ခြင်းများရှိသည်။

ရန်ကုန်မြို့တွင် နယ်လိုင်စင်မှတ်ပုံတင်ထားသော တက္ကစီများကို ကြပ်မတ်ကန့်သတ်လျက်ရှိခြင်းကြောင့် ယခင်ကလောက် မများခဲ့သော်လည်း နယ်လိုင်စင် မှတ်ပုံတင်ထားသည့် ကိုယ်ပိုင်ယာဉ်များ အများအပြားရှိနေခဲ့သည်။



နိုဝင်ဘာ ၁၀ ရက်က ရန်ကုန်မြို့တွင် ခရီးသွားအများပြည်သူများ လမ်းစည်းကမ်းနှင့်အညီ လူကူးမျဉ်းကြားမှ စနစ်တကျဖြတ်သန်းသွားလာမှုကို တွေ့ရစဉ်။

ထိုသို့ ယာဉ်များပြားစွာသွားလာနေမှုနှင့်အတူ ယာဉ်အန္တရာယ်များကလည်း အဟန့်အတားတစ်ခုသဖွယ်ရှိနေပြီး ယာဉ်တိုက်မှုများ၏ ၉၀ ရာခိုင်နှုန်းခန့်မှာ ယာဉ်မောင်းများသည် ယာဉ်ကိုကောင်းမွန်စွာ မောင်းနှင်တတ်ကြသော်လည်း စည်းကမ်းပျက်ခြင်းကြောင့်သာ ဖြစ်ပွားသည်ကို တွေ့ရှိရကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှသိရသည်။ မြန်မာတစ်နိုင်ငံလုံးတွင် ၂၀၁၃ ခုနှစ် တစ်နှစ်တာအတွင်း ယာဉ်တိုက်မှုပေါင်း ၁၃၉၁၀ မှုကျော် ဖြစ်ပွားပြီး တစ်ရက်တာလျှင် ပျမ်းမျှ ယာဉ်တိုက်မှုမှာ ၃၀ ဒသမ ၁၂ မှု လောက်ဖြစ်ပွားခဲ့သောကြောင့် ယခု ၂၀၁၄ ခုနှစ်အတွင်း ယာဉ်တိုက်မှုများ လျော့နည်းကျဆင်းရန် သက်ဆိုင်ရာ ဌာနအသီးသီးက အစီအစဉ်များချကာ ဆောင်ရွက်လျက်ရှိသလို ယာဉ်မောင်းနှင်သူနှင့်လမ်းသုံးစွဲသူများကလည်း နိုင်ငံကြီးသားပီပီ မကောင်းသော အမူအကျင့်များကို စွန့်လွှတ်၍ စည်းကမ်းတကျ လိုက်နာသွားလာသင့်သည်။ ထိုစည်းကမ်းမဲ့မှုများကို အသိတရားဖြင့် ဆင်ခြင်ဂရုပြုလိုက်နာပါက ယာဉ်တိုက်မှုဖြစ်စဉ်များလည်း လျော့ကျကာ မလိုလားအပ်သော ထိခိုက်နစ်နာဆုံးရှုံးမှုများမှ လျော့ပါးလာစေမည်ဖြစ်သည်။

မြို့ပြဖွံ့ဖြိုးလာကာ လူဦးရေနှင့် ယာဉ်စီးရေ တိုးတက်များပြားလာမှုတို့အပေါ် သက်ဆိုင်ရာဌာနအသီးသီးက ကာလတို၊ ကာလရှည်စီမံချက်များ ရေးဆွဲကာ ဆောင်ရွက်ပေးလျက်ရှိရာ လမ်းသုံးစွဲသူပြည်သူတိုင်းက တစ်ဦးတစ်ယောက်စီ စည်းကမ်းလိုက်နာခြင်းဖြင့်မြို့ပြဖွံ့ဖြိုးရေးအတွက် အထောက်အကူများဖြစ်လာစေမည်ဟုသိရသည်။

**သတင်း - ထက်ခိုင်(စမ်းချောင်း)**
**ဓာတ်ပုံ - ခင်မောင်ဝင်း (ကြေးမုံ)**

# ရန်ကုန်ဘူတာကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း တင်ဒါယှဉ်ပြိုင်ရန် အဆိုပြုလွှာနောက်ဆုံးတင်သွင်းရမည့်ရက်ကို သတ်မှတ်ရက်ထက် တစ်လထပ်မံတိုးမြှင့်

**ရန်ကုန် နိုဝင်ဘာ ၁၀**

ရန်ကုန်ဘူတာကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း တင်ဒါယှဉ်ပြိုင်မည့် ကုမ္ပဏီများ အဆိုပြုလွှာနောက်ဆုံး တင်သွင်းရမည့်ရက်ကို မူလသတ်မှတ်ထားသောရက်ထက် အချိန်တစ်လ ထပ်မံတိုးမြှင့်ပေးခဲ့ကြောင်း ရထားပို့ဆောင်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထားမှ သိရသည်။

ရန်ကုန်ဘူတာကြီး အဆင့်မြှင့်တင်ရန် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတင်ဒါကို ပြည်တွင်းပြည်ပသို့ ခေါ်ယူခဲ့ရာ တင်ဒါယှဉ်ပြိုင်ရန်အတွက် RFP (Request for Proposal) ထုတ်ယူထားသော ပြည်တွင်းပြည်ပ ကုမ္ပဏီကိုးခုရှိခဲ့ပြီး အဆိုပါကုမ္ပဏီများအား အဆိုပြုလွှာနောက်ဆုံးတင်သွင်းရမည့်ရက်အား ဒီဇင်ဘာ ၆ ရက် စနေနေ့ မွန်းလွဲ ၂ နာရီ သတ်မှတ်ပေးထားခဲ့သော်လည်း လုပ်ငန်းစီမံကိန်းကြီးမားသည့်အတွက် အဆိုပြုလွှာနောက်ဆုံးတင်ပြရမည့် သတ်မှတ်ရက်ကို အချိန်တစ်လထပ်မံတိုးမြှင့်ပေးခဲ့ကြောင်း သိရသည်။

"ရန်ကုန်ဘူတာကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းပမာဏက ကြီးမားကျယ်ပြန့်ပါတယ်။ ကုမ္ပဏီတွေက အကောင်အထည်ဖော်ဆောင်ရွက်ရမယ့်အနေအထားတွေကို အချိန်ယူဖို့လိုအပ်တယ်လို့ တောင်းဆိုလာပြီး အချိန် တိုးမြှင့်ပေးဖို့ တင်ပြလာတဲ့အတွက် တိုးမြှင့်ပေးခဲ့တာပါ"ဟု ရထားပို့ဆောင်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထားမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန်ဘူတာကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် တင်ဒါဝင်ရောက်ယှဉ်ပြိုင်ရန် RFP (Request for Proposal) ထုတ်ယူထားသော ပြည်တွင်းပြည်ပကုမ္ပဏီကိုးခုမှာ ဂျပန်-မြန်မာပူးပေါင်းရေး ကုမ္ပဏီတစ်ခု၊ ဗီယက်နမ်-တရုတ်-မြန်မာပူးပေါင်းရေးမှ တစ်ခု၊ မြန်မာ-စင်ကာပူ ပူးပေါင်းရေးမှ တစ်ခု၊ စင်ကာပူနိုင်ငံမှ တစ်ခု၊ ဂျပန်နိုင်ငံမှ တစ်ခု၊ တရုတ်နိုင်ငံမှ တစ်ခု၊ ကနေဒါနိုင်ငံမှ တစ်ခု၊ တရုတ်(တိုင်ပေ)မှ တစ်ခုနှင့် မြန်မာနိုင်ငံမှ တစ်ခုတို့ဖြစ်သည်။

အဆိုပါတင်ဒါဝင်ရောက်ယှဉ်ပြိုင်မည့် ကုမ္ပဏီများ၏အဆိုပြုလွှာနောက်ဆုံးပြန်လည်တင်သွင်းရမည့် ရက် ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၆ ရက်သို့ပြောင်းလဲ သတ်မှတ်ပေးလိုက်ကြောင်း၊ အဆိုပါ အဆိုပြုလွှာများ တင်သွင်းလာမှုအပေါ် စိစစ်၍ ရန်ကုန်ဘူတာကြီး အဆင့်မြှင့်တင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းတင်ဒါရွေးချယ်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။ **(၀၀၁)**



## အမြန်လမ်းတွင် မှန်လုံယာဉ်တိမ်းမှောက် ခရီးသည် ၁၁ ဦးဒဏ်ရာရ

**အုတ်တွင်း နိုဝင်ဘာ ၁၀**

အင်းလေးမှ ရန်ကုန်မြို့သို့ပြေးဆွဲနေသော စိန်အိုးစည်ခရီးသည်တင်ယာဉ်သည် အမြန်လမ်းမကြီးအတိုင်း ရန်ကုန်မြို့သို့ မောင်းနှင်လာစဉ် နိုဝင်ဘာ ၁၀ ရက် နံနက် ၄ နာရီက အုတ်တွင်းမြို့နယ် အမြန်လမ်းမိုင်တိုင်အမှတ် (၁၂၄/၀) အနီးတွင် အရှိန်လွန်တိမ်းမှောက်သွားခဲ့ရာ ယာဉ်ပေါ်၌ လိုက်ပါလာသူခရီးသည် ၄၅ ဦးအနက် အမျိုးသား၊ အမျိုးသမီး ၁၁ ဦး ဒဏ်ရာများရရှိသွားခဲ့ကြောင်း သိရသည်။

ခရီးသည်များအနက် အမျိုးသားနှစ်ဦး၊ အမျိုးသမီး ကိုးဦးတို့(မစိုးရိမ်ရ)ဒဏ်ရာများရရှိသွားခဲ့သည့်အတွက် ဖြူးမြို့ ပြည်သူ့ဆေးရုံတွင် အတွင်းလူနာများအဖြစ် ကုသပေးလျက်ရှိပြီး ဖြစ်စဉ်နှင့် ပတ်သက်၍ ဖောဓိကုန်း အမြန်လမ်းရဲစခန်းက အရေးယူဆောင်ရွက်လျက် ရှိကြောင်း သိရသည်။ **(ကိုလွင်-ဆွာ)**

# အာဆီယံ-အမေရိကန် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ပူးတွဲထုတ်ပြန်ချက်(မူကြမ်း)နှင့် ပတ်သက်၍ ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁၀**

ဒုတိယအကြိမ် အာဆီယံ-အမေရိကန် ပြည်ထောင်စု ထိပ်သီးအစည်းအဝေးတွင် ထုတ်ပြန်မည့် အာဆီယံ-အမေရိကန် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ပူးတွဲထုတ်ပြန်ချက်(မူကြမ်း)နှင့် ပတ်သက်၍ အာဆီယံနှင့် အမေရိကန်ပြည်ထောင်စု အကြား ညှိနှိုင်းမှုကို ယနေ့ညနေပိုင်းက အာဆီယံနှင့် အမေရိကန်တို့ ဆက်လက်ဆွေးနွေးခဲ့ရာ အာဆီယံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထူးနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယလက်ထောက်ဝန်ကြီး မိုက်ကယ်ဖုစ်တို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့ကြပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ အမေရိကန်ဘက်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အဆိုပါပူးတွဲကြေညာချက်တွင် နိုင်ငံများ၏ လူမှုဘဝ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပြောမှုကို ခြိမ်းခြောက်လျက်ရှိသော ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုများကို ဖြေရှင်းရာတွင် အာဆီယံနိုင်ငံများနှင့် အမေရိကန်နိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်သွားရန်နှင့် ယင်းသို့ဆောင်ရွက်ရာတွင် အမေရိကန်ပြည်ထောင်စုက အာဆီယံနိုင်ငံများအား ပံ့ပိုးဆောင်ရွက်သွားမည့် အခြေအနေများကို ထည့်သွင်းဖော်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

# မွေးမြူရေးတိရစ္ဆာန် ပြပွဲ၊ ပြိုင်ပွဲ ကျင်းပပြီးစီး

**နေပြည်တော် နိုဝင်ဘာ ၁၀**

နိုဝင်ဘာ ၈ ရက်မှ ၉ ရက်အထိ နှစ်ရက်တိုင်တိုင် နေပြည်တော် ကောင်စီနယ်မြေ ရွှေမြို့ မြစိမ်းရောင် ကျေးရွာ၌ ကျင်းပခဲ့သည့် မွေးမြူရေးတိရစ္ဆာန်ပြပွဲ၊ ပြိုင်ပွဲ၏ နွားပြိုင်ပွဲတွင် ခြေမောင်းဗလာပြိုင်ပွဲ၊ နွားလှည်းအကြော့မောင်း အကြီးတန်းပြိုင်ပွဲ၊ နွားလှည်းအကြော့မောင်း အငယ်တန်းပြိုင်ပွဲ၊ ဒုန်းမောင်းပြိုင်ပွဲနှင့် နွားသိုးအလှပြိုင်ပွဲတို့ ထည့်သွင်းယှဉ်ပြိုင်ခဲ့ရာ ခြေမောင်းဗလာပြိုင်ပွဲ ဗိုလ်လုပွဲတွင် ကိုဇော်ထွန်း၏ ကျောက်တိုင် (မန္တလေးတိုင်းဒေသကြီး)က ပထမ၊ ဦးတင်ဝမ်း၏ တွေ့မရှောင်(မန္တလေးတိုင်းဒေသကြီး) က ဒုတိယနှင့် ဦးမျိုးသန့်၏ ရွှေပြည်စိုး(မန္တလေးတိုင်းဒေသကြီး) က တတိယတို့ ရရှိခဲ့သည်။

နွားလှည်းအကြော့မောင်း အကြီးတန်းပြိုင်ပွဲဗိုလ်လုပွဲတွင် ဦးဝင်းထွန်း၏ ဝိဇ္ဇာ(မန္တလေးတိုင်းဒေသကြီး)က ပထမ၊ ဦးဌေးဝင်း၏ ကျောက်စိမ်း (မန္တလေးတိုင်းဒေသကြီး)က ဒုတိယနှင့် ဦးကျော်ဆွေ၏ တိုင်းမင်းအောင် (နေပြည်တော်)က တတိယတို့ ရရှိခဲ့သည်။ နွားလှည်းအကြော့မောင်း အငယ်တန်းပြိုင်ပွဲ ဗိုလ်လုပွဲတွင် ကိုဇော်ဦး၏ ဇော်ဂျီ( မန္တလေးတိုင်းဒေသကြီး)က ပထမ၊ ဦးမျိုးသန့်၏ ဇော်မိုးလွင် (မန္တလေးတိုင်းဒေသကြီး)က ဒုတိယနှင့် ဦးတင်ထွန်းဝင်း၏ ပြည်တော် (နေပြည်တော်)က တတိယ အသီးသီး ရရှိခဲ့ကြသည်၊

ဒုန်းမောင်းပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဦးဝေယံအောင်၏ သျှမ်းသျှမ်းတောက်(မန္တလေးတိုင်းဒေသကြီး)က ပထမ၊ ဦးမင်းဟန်တင့်၏ ဝူခုန်းဗေဒါ(မန္တလေးတိုင်းဒေသကြီး)က ဒုတိယနှင့် ဦးဇော်သိန်းဦး၏ ပတ္တမြားတောသား(နေပြည်တော်)က တတိယတို့ ရရှိခဲ့ကြသည်။ နွားသိုးအလှပြိုင်ပွဲတွင်မူ ပထမ၊ ဒုတိယ၊ တတိယ ရရှိမှုကိုမူ နေပြည်တော်တွင် ပြုလုပ်မည့် ပြပွဲတွင် ဆုံးဖြတ်သွားမည် ဖြစ်ကြောင်း သိရသည်။

မြန်မာ့ရိုးရာနွားအလှနှင့် မွေးမြူရေးတိရစ္ဆာန်ပြပွဲပြိုင်ပွဲ၏ ဒုတိယနေ့နှင့် နောက်ဆုံးဆန်ခါတင်ပြိုင်ပွဲဝင်များ၏ ဗိုလ်လုပွဲပြိုင်ပွဲများ ပြီးစီးခဲ့ပြီဖြစ်ရာ ပြိုင်ပွဲကျင်းပမှုနှင့် ရှေ့ဆက်လုပ်ဆောင်မည့် အကြောင်းအရာများကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးမှုဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်မောင်အေးအား မေးမြန်းကြည့်ခဲ့ရာ "အခုပြိုင်ပွဲမှာ အနယ်နယ်အရပ်ရပ်က မြန်မာ့မျိုးရင်း နွား၊ ဆိတ်၊ တိုက်ကြက်တွေကို ဝါသနာရှင်တွေက စိတ်အားထက်သန်စွာ လာရောက်ပြသခဲ့လို့ နောက်ထပ် အခုထက်ပိုမိုကောင်းမွန်ပြည့်စုံတဲ့ နိုင်ငံတော်အဆင့်ဖြစ်အောင် ကြိုးစားဆောင်ရွက်သွားမှာပါ"ဟု ပြောကြားခဲ့သည်။



မြန်မာ့ခိုင်းနွား မျိုးကောင်းမျိုးသန့်များ ဖော်ထုတ်နိုင်ရေး၊ မြန်မာ့ခိုင်းနွားများကို မေထုန်မဲ့နည်းဖြင့်လည်းကောင်း၊ သဘာဝအတိုင်းအားဖြင့်လည်းကောင်း၊ ပြန့်ပွားနိုင်ရေး၊ နွားနှင့် အခြားမွေးမြူရေးလုပ်ငန်းရှင်များ၊ ဝါသနာရှင်များ တွေ့ဆုံ၍ အတွေ့အကြုံများ မျှဝေနိုင်ခဲ့သည့် ယခုပြိုင်ပွဲနှင့် ပတ်သက်၍ "အခုဟာကတော့ ကျွန်တော်တို့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပတာဖြစ်ပါတယ်၊ ဒေသအလိုက် ပြိုင်ပွဲတွေလည်း ကျင်းပနေကြတာပါပဲ၊ ကျွန်တော်တို့လုပ်တယ်ဆိုတာကတော့ တစ်နိုင်ငံလုံးလွှမ်းခြုံပြီး လုပ်တာဆိုတော့ တစ်ပြည်လုံးပိုသိသွားတာပေါ့၊ ပွင့်ပွင့်လင်းလင်းပြောရရင် ပွဲကျင်းပတဲ့နေရာကဝေးတော့ ပြိုင်ပွဲဝင်တွေ ဒီလောက်ထိအောင် လာမယ် မထင်ထားဘူး၊ ဝါသနာရှင်ပြိုင်ပွဲဝင်တွေ၊ ဝါသနာရှင်ပရိသတ်တွေ အခုလို အင်နဲ့အားနဲ့ ယှဉ်ပြိုင်ကြ၊ အားပေးကြတာ တွေ့ရတာ လုပ်ရသမျှ အမောပြေပြီး ဝမ်းသာရပါတယ်"ဟု မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်မောင်အေးက ပြောကြားခဲ့သည်။

နေ့စဉ် ပရိသတ် ၃၀၀၀၀ ခန့် လာရောက်အားပေးသော အဆိုပါပြိုင်ပွဲမှ ဆုရရှိသူများအတွက် ဆုချီးမြှင့်ခြင်းနှင့် ပတ်သက်၍ "နိုဝင်ဘာ ၁၁၊ ၁၂၊ ၁၃ တစ်ရက်ရက်မှာ နေပြည်တော်မှာ ပြပွဲနဲ့ တိရစ္ဆာန်ပြိုင်ပွဲရှိတယ်၊ ဆုကို အဲဒီမှာ ပေးမှာပါ၊ အဓိကကတော့ အာဆီယံအတွက်ပါ၊ အခုပြိုင်ပွဲကနေ နိုင်တဲ့သူတွေကို ချန်ပီယံအဖြစ် ဟိုမှာ ပွဲထုတ်မယ်၊ အဲဒီမှာ လှည်းယဉ်ကြော့နဲ့ မြန်မာ့နွားအလှဆိုပြီး တိုင်းရင်းသူကလေးများဝတ်စုံ၊ မြန်မာဝတ်စုံ၊ ပုသိမ်ထီးလေးများနဲ့ နိုင်ငံတကာကလာတဲ့ ဧည့်သည်တော်များကို ကျွန်တော်တို့ဆီက မြန်မာ့မျိုးရင်းစစ် မွေးမြူရေးတိရစ္ဆာန်များနဲ့ မြန်မာ့ယဉ်ကျေးမှုကို တွဲပြသမယ်၊ နောက်ပြီးတော့ ကျွန်တော်တို့ဆီမှာရှိတဲ့ ခိုင်းနွားအလှတွေကို ပြမယ်၊ နို့စားနွားဆိုရင်လည်း အထီးနဲ့အမ တစ်စုံပြမယ်၊ နွားသိုးအလှသုံးကောင်ပြမယ်၊ ဆိတ်ပြမယ်၊ အင်ဒိုဘရာဇီးခေါ်တဲ့ အသားတိုးနွားတွေပြမယ်၊ တိုက်ကြက်တွေ၊ ကြက်တိုက်လောင်းကစား မဟုတ်ဘဲ မြန်မာ့တိုက်ကြက်မျိုးရင်းတွေရဲ့ ကြံ့ခိုင်လိမ္မာပါးနပ်တဲ့ အရည်အချင်းတွေကို ပြသပါမယ်" ဟု ပြောကြားခဲ့သည်။

**သတင်းနှင့်ဓာတ်ပုံ-**
**နိုင်လင်းကြည် (ကြေးမုံ)၊**
**ရာမည(ကြေးမုံ)**

# အိမ်ထောင်မချ သားမိန်းမအား

**သောကြာမောင်ကလေး**

စာအုပ်စာပေ လူ့မိတ်ဆွေ၊ အလိမ္မာစာမှာရှိသည်၊ စာပေမြင့်မှ လူမျိုးတင့်မည်ဟူသော စကားသည် စာပေ၏တန်ဖိုး အကျိုးသက်ရောက်မှုရှိလှပုံကို လေးနက်စွာဖော်ပြထားသော စကားရပ်ဖြစ်၏။ မြန်မာစာပေမြင့်မားရေးအတွက် ဆောင်ရွက်တော်မူသွားကြသော ရှေးဆရာမြတ်တို့ကား များပြားစွာပေါ်ထွန်းခဲ့လေ၏။ ထိုဆရာမြတ်တို့ ကျေးဇူးဂုဏ်ကြောင့် မြန်မာစာပေအဆင့်အတန်းမြင့်မားကာ လူမျိုးပါဂုဏ်တင့်ပြီး အဆင့်အတန်းမြင့်မားရ၏။ ထိုဆရာမြတ်များထဲမှ အရှင်မဟာရဋ္ဌသာရ၏ ကိုးခန်းပျို့ပါ စာပေကျေးဇူးဂုဏ်ကို စာရေးသူအာရုံပြုကာ ပူဇော်မိပေ၏။

"ရင်သွေးဟူက ချစ်မဝတည့်"ဟူသော စာပိုဒ်၊ "သားတို့ရုပ်ရည်၊ သီတာမည်သား၊ ရေကြည်ချမ်းမြ၊ တစ်ပေါက်ကျက၊ မိဘတို့ဝမ်း၊ ငြိမ်းစတမ်း"ဟူသော စာပိုဒ်များဖြင့် မိဘတို့သည် သားသမီးများအပေါ်ထားရှိသော မေတ္တာကြီးမားပုံကို သားသမီးများသိရှိရလေအောင် မီးမောင်းထိုးပြတော်မူ၏။ အရှင်မြတ်၏ မိန့်ဆိုသောစကားကို ကြားနာရပြီး မိဘမေတ္တာကြီးမားပုံကို သားသမီးများ သိရှိကြရ၏။

ထိုစာပိုဒ်၏ ကျေးဇူးကြောင့် ကျွေးမွေးမပျက်သော သားလိမ္မာ၊ သမီးလိမ္မာများ ထွန်းကားပေါ်ပေါက်လာခဲ့၏။ ယခုလည်း ပေါ်ပေါက်ဆဲ၊ နောင်လည်း ပေါ်ပေါက်နေဦးမည်မှာ အရှင်မြတ်၏ကျေးဇူးပင်ဖြစ်လေ၏။ ပညာရဲရင့်ပွဲလယ်တင့်ဟူသော စာပိုဒ်မှာ ပညာတတ်ဖြစ်ရန်အရေးကြီးပုံကို သတိပြုမိကြစေရန် ထောက်ပြသောစကားရပ်ဖြစ်၏။ အကျိုးအကြောင်း၊ အဆိုးအကောင်းခွဲခြားသိရန် ပညာ၏တန်ဖိုးကြီးမားလှပုံကို နှိုးဆော်ပေးသောထိုစကားရပ်ကို မြန်မာလူမျိုးတို့ လက်သုံးပြုပြီး မိမိကိုယ်တိုင်လည်း ပညာဆည်းပူး၏။ မိမိတို့သားသမီးများကိုလည်း ပညာသင်ရန် ထိုစကားကိုပင် စံထားပြီး တိုက်တွန်းခဲ့ကြသည်မှာ နှစ်ပေါင်းငါးရာကျော်လေပြီ။

ဤနှစ်များအတွင်း ပညာရဲရင့်ပွဲလယ်တင့်စကား၏ အထောက်အပံ့ဖြင့် ပညာဆည်းပူး၍ ပညာတတ်ကြီးများဖြစ်ပြီး ပွဲလယ်တင့်သွားကြသူများမှာ အရှင်မြတ်၏ကျေးဇူးပင်ဖြစ်လေ၏။

"သူတော်အချင်းချင်း သတင်းလွှေ့လွှေ့ ပေါင်းဖက်တွေ့"ဟူ၍လည်း အရှင်မြတ်စပ်ဆိုတော်မူ၏။ ထိုစကားရပ်ဖြင့် မိမိတို့စိတ်တူ၊ သဘောတူ၊ ဝါသနာတူသည့် လူအချင်းချင်း ပေါင်းသင်းဆက်ဆံကာ လောကီလောကုတ္တရာ ကြီးပွားတိုးတက်အောင် ပူးပေါင်းဆောင်ရွက်ကြသဖြင့် အောင်မြင်မှုရသွားကြသည့် ဖြစ်ရပ်များလည်း အရှင်မြတ်၏ ကျေးဇူးပင်ဖြစ်လေ၏။

"အိမ်ထောင်မချ၊ သားမိန်းမအား မြင့်ရှည်ထားသော် မောင်ဖားမိဘ ထိန်းရခပဲ အရှက်ကွဲ" ဟူ၍လည်း လောကကိစ္စသိသင့်သမျှကို မိဘများသိရအောင် ဆုံးမတော်မူ၏။ ထိုသတိပေးစကားကြောင့် သမီးရှင်မိဘတို့မှာ မိမိတို့ သားသမီးအရွယ်ရောက်၍ အိမ်ထောင်ချပေးသင့်သည့်အရွယ်တွင် မိဘတို့ဝတ္တရားအရ အမျိုးကောင်းသားနှင့် ထိမ်းမြားပေးလိုက်သဖြင့် မိဘတို့မှာ အရှက်တကွဲမဖြစ်ရဘဲ အမွေစားအမွေခံသမီးအဖြစ်မှ စွန့်လွှတ်ခြင်းဟူသော အန္တရာယ်ကာကွယ်ပြီး ပျော်ရွှင်ကြည်နူးဖွယ်ကောင်းသော မိသားစုဖြစ်ရသည်မှာလည်း အရှင်မြတ်၏ ကျေးဇူးပင်ဖြစ်လေ၏။

"ဆိုရေးရှိက ဆိုအပ်လှ၏။ ဆိုစများလျှား ထားပချေမိ ငါ့ဝန်ရှိခဲ့" ဟူသောစကားမှာလည်း အရှင်မြတ်ဇာတ်ပေါင်းပျို့တွင် မိန့်ဆိုတော်မူ၏။ ထိုစကား၏ တိုက်တွန်းမှုကြောင့် အသင်းအဖွဲ့များမှာဖြစ်စေ၊ မိမိပတ်ဝန်းကျင်မှာဖြစ်စေ၊ မိမိအိမ်ထောင်စုမှာဖြစ်စေ ပြောကြားရန်အကြောင်းကိစ္စပေါ်ခဲ့သော် အကြွေးမထားဘဲပြောသင့်သည့်အချိန်တွင် ပြောကြားကြသောကြောင့် ကျရောက်မည့်ဘေးမှကင်းဝေးပြီး ကိုယ်စိတ်နှစ်ဖြာချမ်းသာကြရသည်မှာလည်း အရှင်မြတ်၏ အမြော်အမြင်ကြီးမားသော ကျေးဇူးများပင်ဖြစ်ကြလေ၏။

ယင်းသို့လျှင် မိမိတို့အိမ်ထောင်စုပတ်ဝန်းကျင်တွင်သာမက မြန်မာတစ်မျိုးသားလုံး အဆင့်အတန်းမြင့်မားစေရန် စာပေရသဂုဏ်ဖြင့် မြှင့်တင်ပေးတော်မူခဲ့သော အရှင်မဟာရဋ္ဌသာရသူမြတ်အား ယခုလို စာဆိုတော်ရာသီတွင် အမှတ်ထင်ထင် ဦးတင်ရှိခိုးပူဇော်ပါ၏။ ။



# မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် (တံတားဦး)တွင် ကျောက်စိမ်းတုံးများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၁၀**

တရားမဝင် ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုအောက်မှ Mobile Team အဖွဲ့များဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ မန္တလေး-မူဆယ် လမ်းကြောင်း၊ ရန်ကုန်-မြဝတီလမ်းကြောင်းနှင့် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးစခန်း အသီးသီးရှိ တရားမဝင် ဝင်၊ ထွက်ပေါက်များမှ တရားမဝင် ကုန်သွယ်မှုလုပ်ငန်းများ ဖြစ်ပေါ်နေခြင်းကို စစ်ဆေးဖော်ထုတ်၍ ထိရောက်စွာအရေးယူ ဆောင်ရွက်နိုင်ရန်အတွက် တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရာ နိုဝင်ဘာ ၆ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် (တံတားဦး)၌ အဖွဲ့ခေါင်းဆောင် ဦးစီးအရာရှိ ဦးထွန်းဦး ဦးစီးသည့် Mobile Team အဖွဲ့နှင့် တာဝန်ကျစစ်ဆေးရေးအဖွဲ့များက အဝင်၊ အထွက် ခရီးသည်များအား စစ်ဆေးစဉ် ပြည်ပထွက်ခွာလေယာဉ်ဖြင့် လိုက်ပါမည့် နိုင်ငံခြားသား တစ်ဦးသည် ပလတ်စတစ်အိတ်ဖြင့် ယူဆောင်လာသည့် ကျောက်စိမ်းဟု ယူဆရသော ကျောက်တုံးအပိုင်းအစ ကိုးတုံး အလေးချိန် လေးကီလိုခန့်အားပြသကာ မန္တလေးရှိ မိတ်ဆွေမှ လက်ဆောင်ပေး၍ ယူဆောင်လာကြောင်းကို Mobile Team နှင့် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့သို့ သယ်ဆောင်ခွင့်ပြုရန် သတင်းပို့ခဲ့ကြောင်း၊ Mobile Team အဖွဲ့မှ ပစ္စည်းပိုင်ရှင်နိုင်ငံခြားသားအား ယင်းကျောက်စိမ်းများသည် တရားဝင်ဝယ်ယူထားသည့် သတ်မှတ်အထောက်အထား စာရွက်စာတမ်းမပါရှိဘဲ သယ်ဆောင်ခွင့်မရှိပါကြောင်း၊ နောင်တွင်လည်း အထောက်အထား စာရွက်စာတမ်းမပါရှိပါက သယ်ဆောင်ခွင့်မရှိကြောင်း ရှင်းလင်းအသိပေး တားဆီးခဲ့ရာ အဆိုပါနိုင်ငံခြားသားက လက်ခံပြီး ကျောက်စိမ်းတုံးများအား စစ်ဆေးရေးအဖွဲ့ထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း၊ Mobile Team အဖွဲ့မှ စိစစ်တွေ့ရှိခဲ့သော ကျောက်စိမ်းဟု ယူဆရသည့် အလေးချိန် လေးကီလိုခန့်ရှိ ကျောက်တုံး အပိုင်းအစ ကိုးတုံးအား နိုဝင်ဘာ ၆ ရက်တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ အမှုတွဲဖွင့်လှစ်ပြီး အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# မွန်ပြည်နယ် ဝန်ကြီးချုပ်ဖလားဘောလုံးပြိုင်ပွဲ သထုံမြို့တွင် စည်ကားစွာကျင်းပမည်



**သထုံ၊ နိုဝင်ဘာ ၁၀**

မွန်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလားအသက် ၂၃ နှစ်အောက် ၁၀ မြို့နယ်ဘောလုံးပြိုင်ပွဲများကို ယခုနှစ် နိုဝင်ဘာလ ဒုတိယပတ်မှစတင်ကာ သထုံမြို့မအားကစားကွင်း၌ ကျင်းပမည်ဖြစ်ရာ ယခင်နှစ်များကထက်ပိုမိုစည်ကားစွာကျင်းပနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်က နိုဝင်ဘာ ၁၀ ရက် နံနက် ၉ နာရီတွင် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ ပြုလုပ်သည့် ဘောလုံးပွဲအောင်မြင်စွာကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး တွင်ပြောကြားခဲ့သည်။ "မြို့နယ်ဂုဏ်ဆောင်တဲ့ပြိုင်ပွဲတစ်ခုဖြစ်အောင် အခြားမြို့နယ်တွေမှာ ကျင်းပခဲ့တဲ့အတွေ့အကြုံတွေကို လေ့လာပြီး အဆင့်အတန်းမီတဲ့ ပြိုင်ပွဲဖြစ်ဖို့ စွမ်းအားရှိ သလောက်ကြိုးပမ်းနေပါတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ပြည်နယ်ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းအောင် တို့က နှုတ်ခွန်းဆက်စကားပြောကြားပြီး ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူတို့က မိမိတို့ကဏ္ဍအလိုက်ဆောင်ရွက်ထားရှိမှုများကိုရှင်းလင်းရာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ တွဲဘက်အတွင်းရေးမှူး၊ ပြည်နယ်အား/ကာလက်ထောက်ညွှန်ကြားရေးမှူး ဦးခင်ဇော်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးသည်။ ပြည်နယ်ဝန်ကြီးချုပ်ဖလားဘောလုံးပြိုင်ပွဲများကို ယခင်နှစ်များက မုဒုံ၊ ကျိုက်ထို၊သံဖြူဇရပ်မြို့နယ်များတွင် ကျင်းပခဲ့ပြီး ယခုနှစ်သထုံမြို့နယ်တွင် နိုဝင်ဘာ ၂၄ ရက်မှ ဒီဇင်ဘာ ၉ ရက် အထိကျင်းပသွားမည်ဖြစ်သည်။ **သက်ဦး(သထုံ)**

# ချန်ပီယံဖြစ်ရန် အလားအလာကောင်းတစ်ခုဟု မော်ရင်ဟိုပြောကြား



ချယ်လ်ဆီးအသင်း၏ ယခုနှစ်ဘောလုံးရာသီသည် ကောင်းမွန်သည့် ရလဒ်ဖြင့် စတင်ခဲ့သည်။ လက်ရှိတွင်လည်း ပရီမီယာလိဂ်ပြိုင်ပွဲ၌ ၁၁ ပွဲကစားခဲ့ရာတွင် ကိုးပွဲအထိ အနိုင်ရရှိခဲ့သည့်အသင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် နိုဝင်ဘာ ၈ ရက်ညပိုင်းက လီဗာပူးအသင်း၏ အန်ဖီးလ်ကွင်း၌ ကစားခဲ့သည့် ပွဲစဉ်တွင်လည်း နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ပရီမီယာလိဂ်တွင် ရှုံးပွဲမရှိစံချိန်နှင့်အတူ အမှတ်ပေးဇယားတွင်လည်း ထိပ်ဆုံးမှ ဆက်လက် ဦးဆောင်နိုင်ခဲ့သည်။

သို့ရာတွင် ရှုံးပွဲမရှိစံချိန်သည် တစ်ချိန်ချိန်တွင် ရပ်တန့်သွားလိမ့်မည်ဟု နည်းပြမော်ရင်ဟိုအနေဖြင့် ယုံကြည်ထားကြောင်း၊ ယခုကဲ့သို့ ရှုံးပွဲမရှိ စံချိန်တင်ထားနိုင်ခဲ့ခြင်းသည် ကစားသမားများ၏ စွမ်းဆောင်ရည်ကောင်းများကြောင့် ဖြစ်ကြောင်းနှင့် ပရီမီယာလိဂ်ချန်ပီယံဖြစ်ဖို့ အလားအလာကောင်းတစ်ခုဖြစ်ကြောင်း ပြောကြားခဲ့သည်။

လီဗာပူးအသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် ကွင်းလယ်ကစားသမားနှစ်ဦးဖြစ်သည့် ဖာဘရီဂတ်စ်နှင့် ရာမီရက်စ်တို့သည် ဒဏ်ရာပြဿနာကြုံတွေ့နေသည့်ကြားမှ ဝင်ရောက်ကစားကြခြင်းဖြစ်ကြောင်းနှင့် ဖာဘရီဂတ်စ်သည် လက်ရှိတွင်လည်းတံကောက်ကြောဒဏ်ရာ ရရှိထားခြင်းကြောင့် ဝက်စ်ဘရွန်းအသင်းနှင့် ကစားမည့် ပွဲစဉ်တွင် လွဲချော်ဖွယ်ရှိနေကြောင်း နည်းပြမော်ရင်ဟိုက ပြောကြားခဲ့သည်။ **(ငွေကြယ်)**

## မြန်မာအသင်း ကာတာခြေစမ်းခရီးစဉ်တွင် AL Kharitiyat အသင်းကို သရေကျ

**ရန်ကုန် နိုဝင်ဘာ ၁၀**

အာဆီယံဆူဇူကီးဖလား ပြိုင်ပွဲအတွက် ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင် အသင်းသည် ကာတာနိုင်ငံ ဒိုဟာမြို့တွင် စခန်းဝင်လေ့ကျင့်လျက်ရှိပြီး ယမန်နေ့ညပိုင်းက ကာတာပထမတန်းကလပ် Al Kharitiyat အသင်းနှင့် ခြေစမ်းပွဲအဖြစ် ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဂိုးစီ သရေကျခဲ့သည်။

မြန်မာအသင်းမှာ သီဟစည်သူ၊ ဒေးဗစ်ဒန်း၊ ဝင်းမင်းထွန်း၊ ဇော်မင်းထွန်း၊ ခင်မောင်လွင်၊ ကြည်လင်း၊ မင်းမင်းသူ၊ ချစ်စုမိုး၊ နန္ဒာလင်းကျော်ကျော်ချစ်၊ ငြိမ်းချမ်းအောင်၊ ကျော်ဇေယျာဝင်းတို့ဖြင့် ပွဲထွက်ကစားခဲ့သည်။

မြန်မာအသင်းမှာ ပထမပိုင်းတွင် ဂိုးပေးခဲ့ရသော်လည်း ၆၈ မိနစ်တွင် နောက်ခံလူ ဇော်မင်းထွန်းက ချေပဂိုးပြန်လည်သွင်းပေးခဲ့သည်။

မြန်မာအသင်းမှာ နိုဝင်ဘာ ၁၃ ရက်နေ့တွင် Al Mrkhia အသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ဖိုးသော်ဇင်**



# ကိုယ်ပိုင်ဆလွန်းကားအရှိန်လွန်ပြီး အငှားယာဉ်ကို ဝင်တိုက်

**ရန်ကုန် နိုဝင်ဘာ ၁၀**

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြန်မာ့ဂုဏ်ရည်လမ်းပေါ် ကန်တော်လေး (အရှေ့)ရပ်ကွက်ဘက်ခြမ်း ၉၄ လမ်းထိပ်အနီးတွင် နိုဝင်ဘာ ၉ ရက် ည ၁၀ နာရီခန့်ကခရီးသည်ဆင်းပြီး ပြန်ထွက်လာမည်ပြုနေသော အငှားယာဉ်တက္ကစီအား အမျိုးသမီးတစ်ဦးမောင်းနှင်လာသော ကိုယ်ပိုင်ယာဉ်ဆလွန်းကားတစ်စီးက အရှိန်မထိန်းနိုင်ဘဲ နောက်မှ ဝင်တိုက်မိသဖြင့် တက္ကစီ၏ နောက်ဘက်ခြမ်းနှင့်ကိုယ်ပိုင်ဆလွန်းကား၏ရှေ့ဦးခေါင်းပိုင်းတို့ ထိခိုက်ပျက်စီးသွားခဲ့သည်။

ဖြစ်စဉ်မှာ တက္ကစီအငှားယာဉ် EE/--- တိုရိုတာကယ်ဒီနာအမျိုးစားအဖြူရောင်သည် အခင်းဖြစ်နေရာ၌ အမျိုးသမီး နှင့်ကလေးငယ်တစ်ဦးတို့ကို ကားရပ်၍ ဆင်းစေပြီးထွက်ခွာရန်ပြင်နေစဉ် အမျိုးသမီးငယ်တစ်ဦးမောင်းလာသော နက်ပြာရောင်ဆန်နီစူပါဆလွန်း(DX)ကိုယ်ပိုင်ယာဉ် ၅ခ/----က အနောက်မှနေ၍ အရှိန်မထိန်းနိုင်ဘဲ ဝင်တိုက်မိခြင်းဖြစ်သည်။ မည်သူမျှထိခိုက်ဒဏ်ရာရမှုမရှိဘဲ တက္ကစီယာဉ်၏နောက်ပိုင်းနှင့် ကိုယ်ပိုင်ယာဉ်၏ ဦးခေါင်းပိုင်းတို့ ကျိုးပဲ့ပျက်စီးသွားသည်။ **(အပေါ်ပုံ)**

၎င်းနေရာသို့နယ်မြေခံရဲတပ်ဖွဲ့ဝင်များနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ ရောက်ရှိလာကာ ယာဉ်ကြောမပိတ်ဆို့ရေး ရှင်းလင်းဆောင်ရွက်ပေးပြီး ယာဉ်မှုစစ်ဌာနမှ ရောက်ရှိ၍အမှုဖွင့် အရေးယူထားသည်။ အဆိုပါ မြန်မာ့ဂုဏ်ရည်လမ်းအား ယာဉ်မရပ်ရလမ်းအဖြစ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးမှ မကြာမီရက်ပိုင်းက သတ်မှတ်ထားသော်လည်း အသိပေး ကြေညာမှုအားနည်းသဖြင့် ယာဉ် မောင်းများသိရှိသူ နည်းပါးကာ နေ့စဉ်ပင်လမ်းဘေးဝဲယာ နှစ်ဖက်စလုံးယာဉ်များတစ်နေကုန်ရပ်နားနေကြသည်ကိုတွေ့မြင်ရသည်။ ယခုအချိန်ထိ အရေးယူဆောင်ရွက်မှုများ မရှိသေးသဖြင့် စည်းကမ်းမဲ့လမ်းပေါ်ဈေးရောင်းသူများနှင့်ယာဉ်မရပ်ရလမ်းပေါ်ယာဉ်များ ရပ်နားထားမှုကြောင့် မြန်မာ့ဂုဏ်ရည်လမ်းသည် ယာဉ်ကြောပိတ်ဆို့မှုဖြစ်နေရကြောင်း ပြည်သူများက ပြောဆိုနေကြသည်။

**(အောင်သန်း-မင်္ဂလာတောင်ညွန့်)**

# ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲများနှင့်ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၀**

၂၀၁၄ ခုနှစ် (၁၀) ကြိမ်မြောက် Horizon Streetball ဘတ်စကက်ဘောပြိုင်ပွဲ၏ ဗိုလ်လုပွဲများနှင့်ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၉ ရက် ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ရှုခင်းသာမြို့ပတ်လမ်းရှိ ဘတ်စကက်ဘော အားကစားပြိုင်ပွဲရုံ၌ ကျင်းပသည်။

ပြိုင်ပွဲ၏ အမျိုးသမီး (၁၂) နှစ်အောက်ပြိုင်ပွဲတွင် Unique အသင်း၊ အမျိုးသား ၁၂ နှစ်အောက်ပြိုင်ပွဲတွင် TSP အသင်း၊ အမျိုးသမီး (၁၄) နှစ်အောက်ပြိုင်ပွဲတွင် Monstars(1) အသင်း၊ အမျိုးသား ၁၄ နှစ်အောက်ပြိုင်ပွဲတွင် Blanks အသင်း၊ အမျိုးသား (၁၆) နှစ်အောက်ပြိုင်ပွဲတွင် Shock အသင်း၊ အမျိုးသမီး ၁၆ နှစ်အောက်ပြိုင်ပွဲတွင် Biltz အသင်း၊ အမျိုးသား (၁၉) နှစ်အောက်ပြိုင်ပွဲတွင် Blanks အသင်း၊ အမျိုးသမီး Open Age ပြိုင်ပွဲတွင် Mingalarbas အသင်း၊ အမျိုးသား (၂၃) နှစ်အောက်ပြိုင်ပွဲတွင် Blanks အသင်းတို့က ပထမရရှိသွားကြသည်။

ပြိုင်ပွဲတွင် အကောင်းဆုံးဘတ်စကက်ဘော ကစားသမားအဖြစ် အမျိုးသားပြိုင်ပွဲ၌ ဝေယံ (Blanks အသင်း)နှင့် အမျိုးသမီးပြိုင်ပွဲ၌ Wintney Lee(Mingalarbas အသင်း) တို့က ဆွတ်ခူးရရှိသွားကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ Horizon International Schools စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ Dr.Arif Golmeksiz(Ph.D)နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်မှ နည်းပြမြန်မာလက်ရွေးစင်ဟောင်း ဦးသောင်းမြင့်တို့က ဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(ကြေးမုံ)**

# အထက-၂ (အလုံ) အာစရိယပူဇော်ပွဲ

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အထက-၂ ကျောင်းသား ကျောင်းသူများ၏ ၁၉၆၂-၁၉၆၃ မှ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အထိ ပညာသင်ကြားပေးခဲ့သော ဆရာကြီး ဆရာမကြီးများအား (၂၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကြီးကို ၁၃၇၆ ခု တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် (အမျိုးသားနေ့) ၁၆-၁၁-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အထက-၂ အလုံကျောင်းဝင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် ကျောင်းသား ကျောင်းသူများအားလုံး တက်ရောက်ပေးပါရန်နှင့်အလှူငွေများ ထည့်ဝင်လှူဒါန်းပေးပါရန် လေးစားစွာ တိုက်တွန်းနှိုးဆော်အပ်ပါသည်။

### အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့

| | | | | | |
|---|---|---|---|---|---|
| ဦးချိုမြင့် | ၀၉-၅၁၅၁၅၅၇ | ဦးထွန်းလှိုင် | ၀၉-၅၀၀၁၁၉၅ | ဒေါ်ယဉ်ယဉ်ဆွေ | ၀၉-၇၃၀၄၀၂၆၁ |
| ဒေါ်ကျင်လှိုင် | ၀၉-၅၁၁၁၅၇၈ | ဦးတင်ကြိုင် | ၀၉-၇၃၂၀၅၃၃၇ | ဦးမြတ်သိန်းမိုး | ၀၉-၄၉၂၉၅၅၃၅ |
| ဒေါ်စန်းစန်းဦး | ၀၉-၅၀၅၂၉၆၉ | ဒေါ်သန်းသန်းဝင်း | ၀၉-၇၃၀၉၇၀၈၄ | ဦးရန်နိုင်စိုး | ၀၉-၄၂၀၁၆၇၀၃၀ |
| ဦးထွန်းစိန် | ၀၉-၅၀၀၉၆၅၇ | ဒေါ်မြင့်မြင့်စန်း | ၀၉-၄၂၅၃၀၄၃၀၉ | ဦးဝေလွင် | ၀၉-၄၃၁၅၁၄၄၈ |

# ကယားပြည်နယ်အတွင်း မိုးစပါးများအား ရိတ်သိမ်းခြွေလှေ့စက်များဖြင့် ဆောင်ရွက်လျက်ရှိ



**လွိုင်ကော်၊ နိုဝင်ဘာ ၁၀**

ကယားပြည်နယ်အတွင်း စိုက်ပျိုးထားသော မိုးစပါးများ အောက်တိုဘာ ဒုတိယပတ်မှစတင်၍ ရင့်မှည့်လျက်ရှိရာ အလေအလွင့် နည်းပါးရေး၊ အရည်အသွေးကောင်းစပါးများရရှိရေး၊ သီးထပ်စိုက်ပျိုးနိုင်ရေးအတွက် တောင်သူများက ရိတ်သိမ်းခြွေလှေ့စက်များကို အသုံးပြုပြီးဆောင်ရွက်လျက်ရှိသည်။ ကယားပြည်နယ်အတွင်း အဓိက စပါးအများဆုံး စိုက်ပျိုးသည့် လွိုင်ကော်မြို့နယ်နှင့် ဒီးမော့ဆိုမြို့နယ်တို့တွင် နိုဝင်ဘာ ၉ ရက်က ရိတ်သိမ်းခြွေလှေ့စက်၁၂ စီးဖြင့် ဆောင်ရွက်လျက်ရှိသည်။ **(မြို့နယ်ပြန်/ဆက်)**

# ဆီဘောက်ဆာဆီထည့်စဉ် မီးလောင်မှုဖြစ်ပွား

**မန္တလေး၊ နိုဝင်ဘာ ၁၀**

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာန အမှတ်(၃)စက်ဝင်း (ချော်ဆိပ်) ဧရာဝတီဆိပ်ကမ်း၊ ကန့်သတ်နယ်မြေအတွင်းမှ လောင်စာဆီထုတ်ပေးသည့်နေရာတွင် ယနေ့ မွန်းလွဲ ၁ နာရီ မိနစ် ၄၀က ဘောက်ဆာယာဉ်မီးလောင်ခဲ့ရာ ငါးဦးဒဏ်ရာရရှိသည့်အနက် နှစ်ဦးမှာ ပြင်းထန်သဖြင့် ဆေးရုံတင်ထားရကြောင်း မီးသတ်တာဝန်ရှိသူကပြောသည်။

ဖြစ်စဉ်မှာ ပြင်ဦးလွင်မြို့ ချိုမီမီစက်သုံးဆီဖြန့်ဖြူးရေးမှ ဂါလန် ၂၈၀၀ ဆံ့ ဆီဘောက်ဆာယာဉ် ဆီထည့်နေစဉ် ကားဝါယာရိန်းမိန်းခလုတ် ပိတ်ထားခြင်းမရှိသဖြင့် ဆီငွေ့နှင့်တွေ့ပြီး စတင်လောင်ကျွမ်းရခြင်းဖြစ်သည်။

အဆိုပါဖြစ်စဉ်ကြောင့် ရေနံလုပ်သားလေးဦး၊ အရပ်သားယာဉ်မောင်းတစ်ဦး စုစုပေါင်း ငါးဦးဒဏ်ရာရရှိခဲ့ပြီး ကိုမင်း(၃၇)နှစ် ယာဉ်မောင်း(ပြင်ဦးလွင်)နှင့် ရန်နိုင်စိုး(၃၈)နှစ်၊ ရေနံလုပ်သား(ပုသိမ်ကြီး)တို့နှစ်ဦးမှာ စိုးရိမ်ရသည့် မီးလောင်ဒဏ်ရာများ ရရှိခဲ့သည်။

မီးလောင်ရာသို့ မီးသတ်ယာဉ် ၅၅ စီး၊ မီးသတ်တပ်ဖွဲ့ဝင် ၁၈၅ ဦးရောက်ရှိငြိမ်းသတ်ခဲ့ရာ ပတ်ဝန်းကျင်သို့ မီးကူးစက်မှုမရှိဘဲ မွန်းလွဲ ၂ နာရီ ၂ မိနစ်တွင်မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။ **(၀၀၂)**

❑

# မြတ်ဆုရှင်ဘုရားဝင်း၌ မူလတန်းကျောင်းဆောင် ဖွင့်ပွဲကျင်းပ

**မန္တလေး၊ နိုဝင်ဘာ ၁၀**

မြတ်ဆုရှင်ဘုရားဂေါပကအဖွဲ့မှဦးစီး၍ ပြည်ထောင်စုလွှတ်တော် ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေနှင့်အလှူရှင်ဦးအောင်ဌေး-ဒေါ်လဲ့လဲ့ဝင်း မိသားစုနှင့်ရပ်မိရပ်ဖ အလှူရှင်များပါဝင်သည့် စုပေါင်းအလှူငွေဖြင့် ဆောက်လုပ်သော အမှတ်(၂၀) အခြေခံပညာမူလတန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၉ ရက်နံနက် ၁၀ နာရီက ချမ်းအေးသာစံမြို့နယ် (၇၉) လမ်းနှင့် လမ်း (၈၀) ကြား၊ လမ်း (၃၀) ကဥ္စဏမဟီရပ်ကွက် မြတ်ဆုရှင်ဘုရားဝင်းအတွင်းရှိ အဆိုပါကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်မြင့်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးထွန်း၊ ချမ်းအေးသာစံမြို့နယ် အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်တင်မာနှင့် အလှူရှင်ဦးအောင်ဌေးတို့က ကျောင်းဆောင်သစ်ကြီးကို ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ ကျောင်းဆောင်ဖွင့်ပွဲကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကားပြောကြားခဲ့သည်။ ယင်းနောက် အလှူရှင်ဦးအောင်ဌေးက လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ကျောင်းဆောင်သစ်ဆောက်လုပ်ရေး နာယက ဦးခင်မောင်(မနောသုခ) က ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဒေါက်တာကျော်မြင့်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးထွန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်တင်မာတို့က အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့သည်။

ကျောင်းဆောင်သစ်မှာ အလျားပေ ၁၂၀၊ အနံ ပေ ၃၀ ရှိပြီး ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်း ၅၀ မတည်လှူဒါန်းကာ စုပေါင်းအလှူငွေကျပ်သိန်း ၃၁၈ ကျော်ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ **သီဟကိုကို(မန္တလေး)**

# ဆိုင်ကယ်နှင့်ထော်လာဂျီမျက်နှာချင်းဆိုင်တိုက်

**ကျောက်တန်း၊ နိုဝင်ဘာ ၁၀**

ရန်ကုန်(တောင်ပိုင်း)ခရိုင် ကျောက်တန်းမြို့နယ် တံတား-စင်မကော် ကွန်ကရစ်လမ်းမပေါ်တွင် ဆိုင်ကယ်နှင့် ထော်လာဂျီတို့တိုက်မိ၍ ဆိုင်ကယ်မောင်းသူသေဆုံးသွားကြောင်းသိရသည်။

ဖြစ်ပွားပုံမှာ နိုဝင်ဘာ ၉ ရက် ည ၁၀ နာရီခန့်က စင်မကော်ကျေးရွာမှ တံတားမြို့ဘက်သို့ နဂါး(ခ)ဝင်းနိုင် မောင်းနှင်လာသော ထော်လာဂျီနှင့် တံတားမြို့မှ စင်မကော်ကျေးရွာဘက်သို့ ခင်မောင်ရီ (၅၅)နှစ် မောင်းနှင်လာသော JLM-125 ဆိုင်ကယ်တို့ ကွန်ကရစ်လမ်းမပေါ်တွင် တိုက်မိကြရာ ခင်မောင်ရီမှာ အခင်းဖြစ်နေရာမှ ၎င်းအိမ်သို့သယ်ဆောင်သွားစဉ် လမ်း၌သေဆုံးသွားခဲ့သည်။ ထော်လာဂျီမောင်းသူ နဂါး(ခ)ဝင်းနိုင်မှာ တိမ်းရှောင်သွားသဖြင့် တံတားရဲစခန်းမှ ဒုရဲအုပ်ကျော်သူက တရားလိုပြုလုပ်၍ အမှုဖွင့်အရေးယူစုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(အောင်ဆွေ–ရွှေတံတား)**

# ကျောက်ဆောင်ကို ဝင်တိုက်မိ၍ရေယာဉ်တိမ်းမှောက်

**မကွေး၊ နိုဝင်ဘာ ၁၀**

မကွေးမြို့နယ်၊ မြင်ကွန်းကျေးရွာ အနောက်ဘက် ဧရာဝတီမြစ်အတွင်း ရန်ကုန်မှ မကွေးသို့ ထွက်ခွာလာသော ဦးသန်းရွှင်၊ ၄၆နှစ် ရေယာဉ်မှူး၊ ဇီးကျွန်းကျေးရွာ၊ ရေစကြိုမြို့နယ်နေသူ မောင်းနှင်သည့် ရေယာဉ်အမှတ် ၁၃၅၀၉၊ သစ္စာရှင်အမည်ရှိ တွန်းသင်္ဘောသည် ဘိလပ်မြေအိတ် ၁၅၀၀၀ အား တင်ဆောင်၍ မောင်းနှင်စဉ် ကမ်းပါး၌ရှိသော ကျောက်ဆောင်အား နိုဝင်ဘာ ၉ ရက်နံနက် ၁၁ နာရီ ၂၀မိနစ်ခန့်တွင် ဝင်ရောက်တိုက်မိပြီး တွဲအမှတ်(၂၆၀)မှာ တိမ်းမှောက်နစ်မြုပ်သွားကြောင်း သိရသည်။

တွန်းသင်္ဘောမှာ နစ်မြုပ်ခြင်းမရှိဘဲ တွဲရေယာဉ်မှာနစ်မြုပ်သွားသဖြင့် ကျပ်သိန်း ၇၅၀ တန်ဖိုးရှိ ပစ္စည်းများဆုံးရှုံးခဲ့ရကာ ရေယာဉ်မှူး(ပါ) ဝန်ထမ်းငါးဦးမှာ ထိခိုက်ဒဏ်ရာ ရရှိခြင်း မရှိကြောင်း သိရသည်။

ရေယာဉ်အား ပေါ့ဆစွာ မောင်းနှင်သူ ဦးသန်းရွှင်အား မကွေးမြို့နယ်၊ မိကျောင်းရဲနယ်မြေရဲစခန်းက (ပ)၆၆/၂၀၁၄၊ ပြစ်မှုပုဒ်မ ၂၈၀ အရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဇေယျာတု(မကွေး)**

# ပခုက္ကူမြို့၌လူတစ်ဦး ဓာတ်လိုက်သေဆုံး

**ပခုက္ကူ၊ နိုဝင်ဘာ ၁၀**

ပခုက္ကူ ပြည်သူ့ဆေးရုံကြီးတွင် ဓာတ်လိုက်သေဆုံးသည့် လူနာတစ်ဦး ရောက်ရှိနေကြောင်း သတင်းအရ နိုဝင်ဘာ ၉ရက်ည ၇နာရီခွဲတွင်ပခုက္ကူမြို့မရဲစခန်းမှ ဒုရဲအုပ်ဌေးဝင်းနှင့်အဖွဲ့သည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။

ပခုက္ကူမြို့၊အမှတ်(၄)ရပ်ကွက်၊ သိရိမ္ဂလာလမ်းနှင့် ထင်းတန်းလမ်းထောင့်ရှိ လမ်းဘေး တွင် အောင်ကိုဦး (၁၇နှစ်) ကားစပယ်ရာ၊ ကြံစိမ့်ကြီးကျေးရွာ၊ မြိုင်မြို့နယ် နေသူသည် ဦးတင်ဝင်းနေအိမ်မှ လျှပ်စစ်ဝါယာကြိုးဖြင့်သွယ်ပြီး လျှပ်စစ်ဖြင့် အသုံးပြုရသော ဖောက်စက်အား ကားအိပ်ဇောပိုက်အရင်းမှ အထိုင်ငုတ်အတွက် အသုံးပြုနေစဉ် ဝါယာကြိုး အပေါက်မှထွက်နေသော ကြေးနန်းကြိုးနှင့် ကားသံဘော်ဒီတို့ ထိမိရာမှ ဓာတ်လိုက်သေဆုံးခြင်းဖြစ်ကြောင်း သိရသည်။

ယင်းသေဆုံးမှုနှင့် ပတ်သက်၍ ဓမ္မတာအတိုင်းသေဆုံးခြင်းဟုတ်၊ မဟုတ် သိရှိနိုင်ရန်အတွက် နိုဝင်ဘာ ၉ ရက် ည ၉ နာရီတွင် ဒုရဲအုပ်ဌေးဝင်းမှ တရားလိုပြုလုပ်တိုင်တန်းသဖြင့် ပခုက္ကူမြို့နယ်၊ မြို့မရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၁၈/၂၀၁၄ အရ အမှုရေးဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဇေယျာတု(မကွေး)**

# ရေးမြို့လူသတ်မှု နာရီ၆၀အတွင်း ဖော်ထုတ်ဖမ်းဆီးရမိ

**ရေး၊ နိုဝင်ဘာ ၁၀**

ရေးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်သော်ဦးဆောင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဒုဦးစီးမှူး ရပ်ကွက်အုပ်ချုပ်ရေးမှူး သက်သေများနှင့်အတူ နိုဝင်ဘာ ၆ ရက် နံနက် ၃ နာရီ ၅၅ မိနစ်က အခင်းဖြစ်နေရာသို့ သွားရောက် ကြည့်ရှုစစ်ဆေးရာ ရေးမြို့မ ခြံအုပ်စု မင်းပညာကွင်းခြံဝင်းလမ်း၌ ဦးအောင်ငွေ (ခ) ဦးကွန်းငွေ (၆၈) နှစ်သီရိခေမာရပ်ကွက် ရေးမြို့နေသူသည် လည်းပင်းပြတ်ရှ ခန္ဓာကိုယ် ဓားခုတ်ဒဏ်ရာများဖြင့်သေဆုံးသွား၍ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးမြင့်သော်က အနီးကပ်ကြီးကြပ် ညွှန်ကြားမှုဖြင့် ရေးရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ကိုကိုချစ်နှင့်အဖွဲ့အား နိုဝင်ဘာ ၈ ရက် နံနက်၇ နာရီတွင်ပြစ်မှုကျူးလွန်သူများအား ခိုအောင်းနိုင်သည့်နေရာများသို့ အမာခံသတင်းပေးတို့ဖြင့် ပူးပေါင်းပိတ်ဆို့ရှာဖွေဖမ်းဆီးရန် တာဝန်ပေးအပ်ခဲ့သည်။

နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ကိုကိုချစ် တပ်ကြပ်ဇေယျာစိုးမြင့်၊ တပ်ကြပ်ကိုကိုနိုင် ဒုတပ်ကြပ်ဟန်ထွန်း၊ ဒုတပ်ကြပ်အောင်မျိုးဦးတို့မှ အံဒင်ကျေးရွာအုပ်စု ရေပေါ်သောင်ကွင်းတွင် ပြစ်မှုကျူးလွန်သူများအား ခိုအောင်းတိမ်းရှောင်နေသည်ဟု သတင်းရရှိ၍ ပစ်မှတ်နေရာတွင် ဝပ်ကင်းချထားစောင့်ကြည့် ဆောင်ရွက်ခဲ့သည်။

နိုဝင်ဘာ ၉ ရက် နံနက် ၉ နာရီတွင် ပင်လယ်ကမ်းစပ်အနီး လူမနေသည့် ဇီးခြံတဲတွင် ပြစ်မှုကျူးလွန်သူဟု ယူဆရသော နှစ်ဦးရောက်ရှိနေကြောင်း သတင်းအရ အံဒင်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမောင်ရှင် ကျေးရွာအထောက်အကူပြုအဖွဲ့နှင့်အတူ သက်သေများ ပါဝင်သောပူးပေါင်းအဖွဲ့ဝင်များသည် ဝင်ရောက်ဖမ်းဆီးစဉ် ယင်းတို့နှစ်ဦးမှာ ပင်လယ်ပြင်ဘက်သို့ ရောက်ရန် နှစ်မိုင်ခန့်ဝေးသည့် ရွှံ့နွံတောထဲသို့ တစ်လမ်းစီခွဲ၍ ထွက်ပြေးခဲ့ရာ ကျော်နိုင်မှာ နွံနစ်နေ၍ တပ်ဖွဲ့ဝင်များက လုံးထွေးဖမ်းဆီးရမိခဲ့သည်။

အောင်သန်းမှာ ရွှံ့နွံတောမှ တစ်ဆင့် ပင်လယ်ကမ်းစပ်အတိုင်း နှစ်ကရင်ကျေးရွာဘက်သို့ ထွက်ပြေးရာတပ်ဖွဲ့ဝင်များထပ်ချပ်မခွာလိုက်လံပြီး နှစ်ကရင်ကျေးရွာ ရွာခွဲခေါင်းဆောင် အောင်မြင့်စိန်ထံဆက်သွယ်မှုရယူ၍ ရဲမှူးမြင့်သော်၊ ရေးရဲစခန်းမှူး ဒုရဲမှူးပြုံးချိုနှင့်အဖွဲ့မှ နှစ်ကရင်ကျေးရွာ လှေဆိပ်မှ စက်လှေဖြင့် ကမ်းစပ်အတိုင်း ပိတ်ဆို့ဖမ်းဆီးခဲ့ရာ ကမ်းနှင့် ငါးဖာလုံခန့်အကွာ ရေပြင်အတွင်း အောင်သန်းမှာ ကူးခတ်နေစဉ် ဝိုင်းဝန်း ဖမ်းရာအောင်သန်းမှ ရေတွင်မျောပါသည့် တုတ်ပိုင်းနှင့် ပြန်လည်ခုခံသဖြင့် အမာခံရွာသားတစ်ဦးက တုတ်နှင့်ရိုက်၍ အောင်သန်း၏ ယာချိုစောင်းတွင် ပေါက်ပြဲဒဏ်ရာတစ်ချက်ရရှိပြီး ဖမ်းဆီးရမိခဲ့သည်။

ယင်းတို့နှစ်ဦးအား နိုဝင်ဘာ ၉ ရက် ညနေ ၃ နာရီ ၄၀ မိနစ်တွင် ရေးရဲစခန်းက တရားဥပဒေနှင့်အညီ အမှုမှန်ပေါ်ပေါက်နိုင်ရေးအတွက် စစ်ဆေးဆောင်ရွက်လျက်ရှိသည်။ **ထွဋ်ထွဋ် (ရေး)**

# ၂၂ဘီးယာဉ်အား ဆိုင်ကယ်မှအရှိန်လွန်ဝင်တိုက်မိပြီး နှစ်ဦးစလုံးသေဆုံး

**ရေတာရှည်၊ နိုဝင်ဘာ ၁၀**

အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ စီးနင်းလာသော ဆိုင်ကယ်မှအရှိန်လွန်ပြီး ရှေ့မှသွားနေသော ၂၂ ဘီးကုန်တင်ယာဉ်၏ နောက်ပိုင်းကိုဝင်တိုက်မိခဲ့ရာ ဆိုင်ကယ်စီးနင်းသူနှစ်ဦးစလုံး နေရာ၌ ပွဲချင်းပြီး သေဆုံးသွားခဲ့သော အမှုတစ်ခု နိုဝင်ဘာ ၉ ရက် ည ၉ နာရီခန့်က ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ ဆွာမြို့ တောင်ဘက် နှစ်မိုင်ခွဲခန့်အကွာ ရွှေသပြေကျေးရွာအနီးတွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဆွာမြို့တောင်ဘက် ရန်ကုန်-မန္တလေးပုံမှန်ကားလမ်း မိုင်တိုင် ၁၉၉/၂ နှင့် ၁၉၉/၃ ကြားတွင်ယာဉ်တိုက်မှုဖြစ်ပွားကြောင်းသတင်းအရ စခန်းမှူး ရဲအုပ်သောင်စံဦးစီးသည့် အဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ တောင်မှ မြောက်သို့ ဇော်မြင့်ဦးအသက် ၂၅ နှစ်၊ သပြေညိုရပ်သာ၊ ဆွာမြို့နေသူ မောင်းနှင်ပြီး နောက်တွင်မမိုးမိုးနိုင်၊ အသက် ၄၃ နှစ်၊ မြောက်ပိုင်း(၅)ရပ်ကွက်၊ ဆွာမြို့နေသူစီးနင်း လိုက်ပါလာသည့် အော်တိုကလပ်ဆိုင်ကယ်မှ အရှိန်မထိန်းနိုင်ဘဲ ရှေ့တွင်တောင်မှမြောက်သို့ မောင်းနှင်နေသည့် ဆမ်ဆောင်း ၂၂ ဘီးနောက်တွဲယာဉ်၏နောက်ပိုင်း ဝဲဘက်ခြမ်းကို ဝင်တိုက်မိပြီး ဆိုင်ကယ်တိမ်းမှောက်သွားခဲ့သည်။ ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်ပေါ်ပါနှစ်ဦးစလုံးနေရာ၌ပင်ပွဲချင်းပြီးသေဆုံးသွားခဲ့၍ ဆွာနယ်မြေ ရဲစခန်းမှ ယာဉ်(ပ)၁၈/၂၀၁၄ ပုဒ်မ ၃၀၄-က ဖြင့်အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**





# မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှု လက်မှုလုပ်ငန်းရှင်များအသင်းအမှုဆောင် အဖွဲ့ ရွေးကောက်တင်မြှောက်ပွဲ ကျင်းပမည်

**မန္တလေး၊ နိုဝင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း လက်ရှိအမှုဆောင်အဖွဲ့၏ သက်တမ်းမှာ ကုန်ဆုံးပြီဖြစ်ရာ လာမည့် ၂၀၁၄ မှ ၂၀၁၇ ခုနှစ် သုံးနှစ်တာကာလအတွက် အမှုဆောင်အဖွဲ့သစ်များ ရွေးကောက်တင်မြှောက်ပွဲကို ဒီဇင်ဘာလတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။

ယင်း အသင်း၏ ၂၀၁၄-၂၀၁၇ အမှုဆောင်သစ်ရွေးချယ်ရေးအတွက် ရွေးကောက်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်နှင့် ရွေးကောက်ပွဲ ဖြစ်မြောက်ရေးကော်မတီတို့ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၈ ရက်မွန်းလွဲ ၂ နာရီက ချမ်းအေးသာစံမြို့နယ် (၇၈) လမ်းနှင့် (၃၄) လမ်းထောင့် ရတနာပုံ စူပါစင်တာ စတုတ္ထထပ်ရှိမန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းခန်းမတွင် ကျင်းပခဲ့ရာ အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အသင်းဝင်များ၊ ညီနောင်အသင်းများ တက်ရောက်ခဲ့ကြသည်။

၎င်းအသင်းကို အသင်းသားများအတည်ပြုပြီးဖြစ်သည့်သင်းဖွဲ့မှတ်တမ်းစည်းမျဉ်းသစ်နှင့်အညီ နှစ်၂၀ အတွင်းအသင်းသားအသင်းသူများကိုယ်တိုင် ဒီမိုကရေစီနည်းလမ်းတကျ အမှုဆောင်အဖွဲ့ကို ညီနောင်အသင်းအဖွဲ့များနှင့် လက်တွဲကာ ဒီဇင်ဘာ ၇ရက်တွင်ရွေးချယ်မည်ဖြစ်သည်။

လက်ရှိအမှုဆောင် ၆၀ ရာခိုင်နှုန်း နုတ်ထွက်ကာ မျိုးဆက်သစ်အမှုဆောင်သစ်များကို ရွေးကောက်သွားမည်ဖြစ်ကြောင်းလည်းသိရသည်။ **သီဟကိုကို(မန္တလေး)**

## ရထားရဲတပ်ဖွဲ့အမှတ်(၆) တပ်ခွဲ၊ မြစ်ငယ် တိုက်ပွဲဝင်မွမ်းမံသင်တန်းဆင်းပွဲ အမရပူရမြို့နယ်၌ ပြုလုပ်

**မြစ်ငယ်၊ နိုဝင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ရထားရဲတပ်ဖွဲ့ အမှတ်(၆) တပ်ခွဲ မြစ်ငယ်သင်တန်းကျောင်းတွင် တိုက်ပွဲဝင်မွမ်းမံသင်တန်း အမှတ်စဉ်(၂၄/၂၀၁၄) သင်တန်းဆင်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၇ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားသို့ ရထားရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး(ကိုယ်စား) အမှတ်(၁) တပ်ဖွဲ့ခွဲ (မန္တလေး) ခေတ္တတပ်ဖွဲ့ခွဲမှူး ရဲမှူး ခင်မောင်လွင်က တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားခဲ့ပြီး သင်တန်းဆင်းပွဲအခမ်းအနားသို့ ရထားရဲတပ်ဖွဲ့ အမှတ်(၄) တပ်ခွဲ၊ မန္တလေးမှ ဒုရဲမှူးအောင်ဇော်ဦး၊ အမှတ်(၂) တပ်ခွဲ၊ ရွာထောင်တပ်ခွဲမှူး ရဲအုပ်ကျော်တင့်၊ အမှတ်(၆) တပ်ခွဲ၊ မြစ်ငယ်တပ်ခွဲမှူး ရဲအုပ် ချစ်စိန်၊ အမှတ်(၆) တပ်ခွဲ၊ တပ်စု(၁) တပ်စုမှူး ဒုရဲအုပ် တင်ထွန်းအောင်နှင့် အခြားအဆင့် သင်တန်းသား ၄၀ တက်ရောက်ခဲ့သည်။

သင်တန်းကာလမှာ အောက်တိုဘာ ၁၃ ရက်မှ နိုဝင်ဘာ ၇ ရက်ထိ ဖွင့်လှစ်ခဲ့ပြီး အဆိုပါသင်တန်းတွင် ပထမဆုရ၊ ရထားရဲတပ်ဖွဲ့၊ အမှတ်(၃)တပ်ဖွဲ့ခွဲမှ ရဲတပ်ကြပ်အောင်လွင်ဦး၊ ဒုတိယဆုရ အမှတ်(၅) တပ်ခွဲ လားရှိုးမှ ရဲဒုတပ်ကြပ် ကျော်လှိုင်ထွန်း၊ တတိယဆုရ အမှတ်(၁) တပ်ဖွဲ့ခွဲ၊ မန္တလေးမှ ရဲဒုတပ်ကြပ်မောင်မောင်တို့အား အမှတ်(၁) တပ်ဖွဲ့ခွဲ (မန္တလေး)ခေတ္တ တပ်ဖွဲ့ခွဲမှူး ရဲမှူး ခင်မောင်လွင်က ဆုများအသီးသီးပေးအပ်ခဲ့သည်။ **မောင်မောင်စိုး(မြစ်ငယ်)**

## ဟုမ္မလင်းလေယာဉ်ကွင်းအတွင်း နွားများလှတ်ကျောင်းနေ၍ အန္တရာယ်ရှိနေ

**ဟုမ္မလင်း၊ နိုဝင်ဘာ ၁၀**

ခန္တီးခရိုင် ဟုမ္မလင်းလေယာဉ်ကွင်းအတွင်းသို့ခြံစည်းရိုးပေါက်မှ ဒေသခံတောင်သူအချို့သည် နွားများဝင်ရောက်လွှတ်ကျောင်းလျက်ရှိရာ အတက်အဆင်းပြုလုပ်နေသော လေယာဉ်များအတွက် အန္တရာယ်ရှိကြောင်းနှင့် တစ်စုံတစ်ရာ အန္တရာယ်ဖြစ်ပွားပါက နွားများနှင့်မွေးမြူသူများလည်း နစ်နာမှုရှိကြောင်း အဆိုပါလေယာဉ်ကွင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ဟုမ္မလင်းနယ်တွင် နွားစာစုဆောင်းသည့် အလေ့အထမရှိဘဲ လွှတ်ကျောင်းလေ့ သာရှိခြင်းကြောင့် ဒေသတောင်သူအများစုသည် တောင်သူလုပ်ငန်းခွင်ပြီးစီးကြသည့်အခါခိုင်းနွားကြီးများကို လွှတ်ကျောင်းလေ့ရှိကြောင်းသိရသည်။

လေယာဉ်ကွင်းအတွင်း နွားများဝင်ရောက်လွှတ်ကျောင်းသည့်အတွက်လေယာဉ် အတက်အဆင်းပြုလုပ်ရာတွင် အန္တရာယ် ရှိစေနိုင်၍ မတော်တဆမှုများဖြစ်ပေါ်လာပါက နစ်နာမှုများဖြစ်စေနိုင်ပြီး သက်ဆိုင်ရာက အမြန်ဆုံးရှင်းလင်းဆောင်ရွက်သင့်ကြောင်း လေယာဉ်စီးခရီးသည်တစ်ဦးက အကြံပြုပြောကြားသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

## ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီမှ ဒေသတွင်းရှိ မီဒီယာများနှင့် လူမှုရေးအဖွဲ့တို့အားတွေ့ဆုံ၊ ဒေသတွင်း တရားဥပဒေစိုးမိုးရေး လက်တွဲဆောင်ရွက်ရန် ပြောကြား

**ကလေး၊ နိုဝင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင် ကလေးမြို့တွင် ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် မီဒီယာအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များတွေ့ဆုံပွဲကို နိုဝင်ဘာ ၈ ရက်မွန်းလွဲ ၂ နာရီတွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီရုံးခန်းတွင် တွေ့ဆုံခဲ့ကြသည်။

"မီဒီယာအဖွဲ့တွေရော၊ လူမှုရေးအသင်းအဖွဲ့တွေရော၊ ဒေသအုပ်ချုပ်ရေးအဖွဲ့တွေရော တွေ့ဆုံတာ ပထမဆုံးအကြိမ်လို့ ပြောလို့ရပါတယ်။ ဒေသတိုးတက်ဖို့နဲ့ တည်ငြိမ်ဖို့၊ တရားဥပဒေစိုးမိုးဖို့တွေကို အတူတူလက်တွဲ လုပ်ကြဖို့ ပြောပါတယ်။မီဒီယာတွေဖက်ကလည်းအရှိကိုအရှိ အတိုင်းပွင့်ပွင့်လင်းလင်းပြောဖို့၊ အပြုသဘောနဲ့ ရေးသားကြဖို့ ပြောသွားပါတယ်" ဟု အဆိုပါ တွေ့ဆုံပွဲသို့ တက်ရောက်လာသော လူမှုရေးအသင်းမှ အသင်းဝင်တစ်ဦးက ပြောသည်။

"ဒေသအုပ်ချုပ်ရေးအဖွဲ့တွေရယ်၊ မီဒီယာတွေရယ်၊ လူမှုရေးအဖွဲ့တွေရယ် တွေ့တာကောင်းပါတယ်။ အားလုံးရင်းရင်းနှီးနှီးဖြစ်သွားတာပေါ့ဒေသတွင်းသတင်းတွေကိုလည်း လွတ်လွတ်လပ်လပ် မေးမြန်းခွင့်နဲ့ ရယူခွင့်တွေပြောသွားပါတယ်။ နောက်ပြီး ဒေသတိုးတက်ရေးနဲ့ တည်ငြိမ်ရေးအတွက်လည်း ကူညီပေးကြဖို့ ပြောသွားပါတယ်" ဟု ယင်းတွေ့ဆုံပွဲသို့ တက်ရောက်သည့်သတင်းထောက်တစ်ဦးက ပြောသည်။

အဆိုပါ ကလေးခရိုင်၊ ကလေးမြို့တွင် ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် မီဒီယာအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ တွေ့ဆုံဆွေးနွေးပွဲသို့ ခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးနှင့် အဖွဲ့ဝင်များဖြစ်ကြသောခရိုင်ရဲတပ်ဖွဲ့မှူး၊ခရိုင်စီမံကိန်းဦးစီးဌာနမှူး၊ ခရိုင်ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အထောက်အကူပြု ကော်မတီအဖွဲ့နှင့် ဒေသတွင်းရှိ မီဒီယာအဖွဲ့အစည်းများ၊ လူမှု ရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြကြောင်းသိရသည်။ **လင်းလက်ကြယ်စင်**


### အသိပေးကြေညာခြင်း

ဗိုလ်တထောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉ကေ၊ ၉အယ်လ်၊ ၉အယ်လ် ၁)ရှိ (ယခင် စီအိုဒီဝင်း) Botataung Time Square အိမ်ရာစီမံကိန်း မြေနေရာနှင့်ပတ်သက်၍ အထောက်အထားတင်ပြ လျှောက်ထားလာသူများအား သင့်လျော်သော လျော်ကြေး/ခံစား ခွင့်များပေးနိုင်ရေးစိစစ်ရေးအဖွဲ့မှ စိစစ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ၃-၁၀-၂၀၁၄ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများဖြစ်သော မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင် ထည့်သွင်းကြေညာခဲ့ပြီးဖြစ်ပါသည်။ အကြောင်းအမျိုးမျိုးကြောင့် မသိရှိသေးသူများမှ ယခုအခါ ထပ်မံလျှောက်ထားလျက်ရှိရာ အဆိုပါမြေတိုင်းရပ်ကွက်အတွင်းရှိ မြေနေရာနှင့်ပတ်သက်၍ ထပ်မံလျှောက်ထားလိုပါက ၁၀-၁၂-၂၀၁၄ ရက် နောက်ဆုံးထား၍ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၂၂၈/၂၃၄)ရှိ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေနှင့်အခွန်ဌာနရှိ စိစစ်ရေးအဖွဲ့သို့ ခိုင်လုံသော အထောက်အထားများနှင့်တကွ လာရောက်လျှောက်ထားလာပါရန်နှင့် သတ်မှတ်ရက် ထက်ကျော်လွန်ပါက အရေးယူဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**စိစစ်ရေးအဖွဲ့၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁/ဝေဘာဂီ)၊ မြေကွက်အမှတ်(၂၀၆)၊ မြေကွက်တည်နေရာအမှတ်(၂၀၆)၊ ဘုရင့်နောင်လမ်း၊ ဒေါ်တင်ရွှေ[၁၂/ဥကမ(နိုင်)၀၃၈၉၀၆]၊ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်တင်ရွှေက ဂရန်ခြကိုက်ပျက်စီးကြောင်း ကျမ်းကျိန်လွှာ ကိုယ်တိုင်ဝန်ခံချက် တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားရာ ခိုင်လုံသော အထောက်အထားဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ




### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၅)ရပ်ကွက်၊ ရွှေနှင်းဆီလမ်း၊ အမှတ် (၄၁၄/က)ဟုခေါ်တွင်သော ဦးတင်အုန်း အမည်ပေါက် ပါမစ်မြေကွက်၊ အလျား(ပေ၄၀)× အနံ (ပေ၆၀)၏ မခွဲမစိတ်ရသေးသော ခေါင်းရင်းဘက်ခြမ်း အလျား(ပေ၂၀)×အနံ(ပေ ၆၀) ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်နှင့်လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက် ပိုင်ဆိုင်သူ ဦးတင်အုန်းထံမှ အရပ်ကတိအရောင်း အဝယ်စာချုပ်အဆက်စပ်ဖြင့် လက်ဝယ်ရရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်မာရီ [၅/အတန(နိုင်)၀၀၄၃၄၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြင့်လွင်က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း(မူရင်း) အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးဇော်မင်းနိုင်**
**LL.B,DL-101 WIPO(Switzerland)**
**အထက်တန်းရှေ့နေ**
**ဖုန်း-၀၉-၇၃၉၀၃၃၀၇**

**ဒေါ်သက်ဆုရည်**
**ဥပဒေဘွဲ့(LL.B)**
**အထက်တန်းရှေ့နေ**
**ဖုန်း-၀၉-၄၂၀၁၂၄၈၈၆**

**ရုံး-အမှတ်(၅၀)၊ ဒုတိယထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

### ရန်ကုန်မြို့၊ လသာမြို့နယ်၊ လမ်း၂၀၊ အမှတ်(၁၁၉)၊ မြေကွက်၏ မြေရှင်အခွင့်အရေးနှင့်ပိုင်ရေးဆိုင်ခွင့်စီမံခန့်ခွဲမှုတို့နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လသာမြို့နယ်၊ လမ်း(၂၀)၊ အမှတ်(၁၁၉)ရှိ ဒေါ်အေးကြွယ်အမည်ပေါက် မြေကွက်၏မြေရှင်အခွင့်အရေးနှင့် ပိုင်ရေးဆိုင်ခွင့်စီမံခန့်ခွဲမှု တို့နှင့်ပတ်သက်၍ကျွန်ုပ်၏မိတ်ဆွေ များဖြစ်သည့် ဦးစိုးမြင့်[၁၂/ကမရ(နိုင်) ၀၃၅၁၁၄]နှင့် ဦးသန့်စင်[၁၂/အစန(နိုင်)၁၀၆၄၄၈]တို့၏ ခွင့်ပြုချက်မရဘဲ အထက်ပါမြေကွက်အား မည်သူတစ်ဦးတစ်ယောက်ကမျှ ငှားရမ်းခြင်း၊ လွှဲပြောင်း ခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ မပြုလုပ်ရန်နှင့် ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူသွားမည်ဖြစ်ကြောင်းအများသိစေရန် အသိပေးကြေညာ အပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမောင်မောင်သူရ(မြောင်းမြ)
**LL.B,A.G.T.I.(EP), D.B.L,D.M.L**
**WIPO (SWITZERLAND)**
တရားလွှတ်တော်ရှေ့နေ(စဥ်-၈၁၀၈)
ဘဏ်ရှေ့နေနှင့်ဥပဒေအကြံပေး

ဒေါ်တင်တင်လှ
**LL.B,LL.M (Civil)**
တရားလွှတ်တော်ရှေ့နေ(စဥ်-၈၃၉၀)
ဒေါ်ချယ်ရီလှိုင်
**LL.B, WIPO (SWITZERLAND)**
တရားလွှတ်တော်ရှေ့နေ(စဥ်-၈၈၆၁)

အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၈၄၀၄၂၊ ၀၉-၄၂၅၂၈၇၁၃၄၊ ၀၉-၇၃၁၁၅၉၆၀

# ကျောက်ပန်းတောင်း၌ တစ်ဧက ပိဿာ ၁၀၀၀ ကျော်ထွက်ရှိနိုင်သည့် အထူးအထွက်တိုး ချည်မျှင်ရှည်ဝါ စံပြစိုက်ခင်း၊ တောင်သူပညာပေးကွင်းပြပွဲ ကျင်းပ

**ကျောက်ပန်းတောင်း၊ နိုဝင်ဘာ ၁၀**

တစ်ဧကဝါပိဿာ ၁၀၀၀ ကျော်ထွက်ရှိနိုင်သည့်၊ရွှေတောင်-၈နှင့် ငွေချည်-၉ အထူးအထွက်တိုး ချည်မျှင်ရှည်ဝါမျိုးသစ် စံပြစိုက်ခင်း၊ တောင်သူပညာပေးကွင်းပြပွဲကို နိုဝင်ဘာ ၄ ရက် နံနက် ၈ နာရီက မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ တောင်ဦးကျေးရွာအုပ်စု ရေင်းကျေးရွာရှိ ကွင်းအမှတ်(၂၅၁၃)၊ တောင်သူဦးထွန်းလင်း၏ ဝါစိုက်ခင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ တောင်သူပညာပေးကွင်းပြပွဲသို့ တောင်ဦးကျေးရွာ၊ ရေင်းကျေးရွာ၊ ကြက်ပြစ်ကျေးရွာအစရှိသည့်ကျေးရွာများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ စုစုပေါင်း ၇၅ ဦး တက်ရောက်ကြပြီး၊ မြို့နယ်စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဒေါက်တာဝါဝါခင်နှင့် ဝန်ထမ်းများက ရွှေတောင်-၈နှင့်ငွေချည်-၉ ချည်မျှင်ရှည်ဝါမျိုးသစ်၏ ထူးခြားကောင်းမွန်သော အရည်အချင်းများနှင့် တစ်ဧကဝါပိဿာ ၁၀၀၀ နှုန်းထွက်ရှိရေး လိုက်နာဆောင်ရွက်ရမည့် သိပ္ပံနည်းကျစိုက်နည်းစနစ်ပါ အချက် ၁၀ ချက်တို့ကို တောင်သူများအား အစုအဖွဲ့ခွဲ၍ လက်တွေ့ပညာပေး ရှင်းလင်းခဲ့ကြသည်။

"ကျွန်တော်တို့ အရင်တုန်းကတော့ ငွေချည်-၆ကိုပဲအားထားပြီး စိုက်ခဲ့တာပါ။အခုလို ရွှေတောင်-၈နဲ့ ငွေချည်-၉တို့ကို တကယ်နည်းစနစ်မှန်မှန်နဲ့စိုက်လို့ တစ်ဧက ပိဿာ ၁၀၀၀ ရရင်စိုက်မှာပေါ့ဗျာ။ ဒါပေမယ့် အဲဒီသိပ္ပံနည်းကျစိုက်နည်းစနစ်တွေနဲ့ ပိုးသတ်ဆေးသုံးစွဲနည်းတွေကို ရှေ့တန်းစခန်းအလိုက်ပဲဖြစ်ဖြစ် တောင်သူတွေကို စုဝေးပြီး သင်တန်းပေးစေချင်ပါတယ်။ နောက်ပြီး ဒီလိုမျိုးကောင်း မျိုးသန့်တွေကို လုံလုံလောက်လောက်လည်း ဖြန့်ဖြူးပေးစေချင်ပါတယ်"ဟု ကြက်ပြစ်ကျေးရွာအုပ်စုမှ တောင်သူ ဦးမင်းညွန့်ကပြောသည်။

ကျောက်ပန်းတောင်းမြို့နယ်၏ ၂၀၁၄-၂၀၁၅ စိုက်ပျိုးရာသီတွင် မိုးကြိုကာလမှ မိုးနှောင်းကာလအထိ ချည်မျှင်ရှည်ဝါ ၁၇၃၀ ဧက စိုက်ပျိုးခဲ့ပြီး လက်ရှိစိုက်ပျိုး ဧကများလည်း အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်းသိရသည်။

ယင်းသို့ဆောင်ရွက်ရခြင်းသည် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ မျိုးကောင်း မျိုးသန့် မျိုးစေ့ထုတ်လုပ်ပေးရန်၊ တောင်သူလယ်သမားများ ခေတ်မီနည်း ပညာများရရှိအသုံးပြုနိုင်စေရေး လေ့ကျင့်ပေးရန်နှင့် အရည်အသွေးနှင့် အထွက်နှုန်း ကောင်းမွန်သည့်မျိုးကောင်းမျိုးသန့်ထုတ်လုပ်ပေးနိုင်ရန် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်းသိရသည်။



**ကိုနေ(ကျောက်ပန်းတောင်း)**

## သံဖြူဇရပ်မြို့တွင် ဓမ္မစကူးလ်နှစ်နှစ်ပြည့် နှစ်ပတ်လည်နေ့အဖြစ် စာပေဟောပြောပွဲ အခမ်းအနားကျင်းပ

**သံဖြူဇရပ်၊ နိုဝင်ဘာ ၁၀**

ရင်သွေးငယ်ကလေးများ ယဉ်ကျေးလိမ္မာသော အခြေခံကောင်းများ ရရှိစေရေးအတွက် သံဖြူဇရပ်မြို့ အောင်ဇေယျရပ်ကွက် ဓမ္မာရာမတောရကျောင်းတွင် ဖွင့်လှစ်ထားသည့် ဓမ္မစကူးလ် နှစ်နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို နိုဝင်ဘာ ၆ ရက် နံနက် ၁၁ နာရီက ကျင်းပခဲ့သည်။

အဆိုပါ ဓမ္မစကူးလ် နှစ်ပတ်လည်နေ့တွင် ဓမ္မာရာမတောရ (ရွှေကျင်) ကျောင်းဓမ္မာရုံတော်၌ စာရေး ဆရာချစ်ဦးညိုနှင့် ဓမ္မစက္က ဦးမောင်မောင်တို့က မြတ်ဗုဒ္ဓ၏ ယဉ်ကျေးလိမ္မာစာပေများကို ဟောပြောခဲ့သည်။

ဆက်လက်၍ သံဖြူဇရပ်မြို့ ကြာကန်ရပ်ကွက်တွင် ဖွင့်လှစ်ထားသည့် ဗုဒ္ဓဂုဏ်ရည် စာကြည့်တိုက်၏ (၅)နှစ်မြောက် နှစ်ပတ်လည် နေ့ အခမ်းအနားကို နိုဝင်ဘာ ၆ ရက် ည ၇ နာရီက အထက-၂ ခန်းမတွင် ကျင်းပခဲ့သည်။

ထို့နောက်ပထမပိုင်းအစီအစဉ်အရ အထက်တန်း၊ အလယ်တန်း ကျောင်းသား၊ ကျောင်းသူ ရှစ်ဦးကဧင်းတို့ ဖတ်ရှုလေ့လာခဲ့သောဗုဒ္ဓဓမ္မစာပေများမှ နှစ်သက်ရာ ခေါင်းစဉ်များ ဖြင့်ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍အခမ်းအနားကို ကျင်းပရာအမျိုး၊ ဘာသာ၊သာသနာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ စာစီစာကုံးပြိုင်ပွဲတွင် ကျောင်းအသီးသီး မှ ဝင်ရောက်ဖြေဆိုခဲ့ကြသည့်အထက်တန်း၊ အလယ်တန်း၊မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခဲ့ပြီးနောက်စာပေဟောပြောပွဲအဖြစ်ဆရာဓမ္မစက္က ဦးမောင်မောင်နှင့်ဆရာချစ်ဦးညိုတို့က ဟောပြောခဲ့ကြောင်း သိရသည်။

**ကျော်ဝင်း(သံဖြူဇရပ်)**

## ပေါက်ကွဲစေတတ်သောယမ်းများ သိမ်းဆည်းထားသူကိုအရေးယူ

**နေပြည်တော်၊ နိုဝင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊အုန်းချောနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၇ ရက် မွန်းလွဲ ၂ နာရီက ပုသိမ်ကြီးမြို့နယ်၊ အုန်းတောကျေးရွာ၊ အမှတ်(၃)ရပ်ကွက်နေ အောင်ကျော်စိုး အသက် ၂၆ နှစ်၏ ၎င်းနေထိုင်သော နေအိမ်တွင် ပေါက်ကွဲစေတတ်သော ယမ်းများသိုလှောင်ထားရှိကြောင်း သတင်းအရ သက်သေများနှင့်အတူ သွားရောက်ရှာဖွေခဲ့ကြသည်။

ထိုသို့ရှာဖွေရာ Electric Detonator စာတန်းပါ ကက်သီးဂျပ်ဖာ ၇၈ ဖာ (တစ်ဖာလျှင် ကက်သီးတောင့် ၁၀၀၀ တောင့်)၊ စုစုပေါင်း ၇၈၀၀၀ တောင့်အား သိမ်းဆည်းရမိခဲ့ကြောင်းသိရသည်။

ထိုသို့နေအိမ်တွင် ပေါက်ကွဲစေတတ်သော ယမ်းများ သိုလှောင်ထားရှိသဖြင့် အောင်ကျော်စိုးအားအုန်းချောနယ်မြေရဲစခန်း (ပ)၂၃၃/၂၀၁၄၊ ပေါက်ကွဲစေတတ်သော ပစ္စည်းများဥပဒေ ပုဒ်မ ၅ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**(ရဲပြန်ကြား)**

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် ရပ်ကွက် အထောက်အကူပြု အဖွဲ့များ တွေ့ဆုံ

**မန္တလေး၊ နိုဝင်ဘာ ၁၀**


ပြည်ထောင်စုလွှတ်တော်၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများ ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၈ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့ ချမ်းအေးသာစံ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။



အခမ်းအနားသို့ ချမ်းအေးသာစံမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာကျော်မြင့်၊ ချမ်းအေးသာစံ မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဒေါ်တင်မာ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့ဒေါက်တာ ခင်မောင်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခွန်စိုးလွင်၊ စည်ပင်သာယာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်အောင်၊ မြို့နယ်အထောက်အကူပြုအဖွဲ့ အတွင်းရေးမှူးဦးသန်းထွန်းနှင့် မြို့မိ မြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌများ တက်ရောက်ကြသည်။


ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာကျော်မြင့်ကပြည်သူ့လွှတ်တော် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ချမ်းအေးသာစံမြို့နယ်အတွင်းဆောင်ရွက်ပေးမည့် လုပ်ငန်းစဉ်များကိုရှင်းလင်းပြောကြားခဲ့သည်။

ပြည်ထောင်စုလွှတ်တော်၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများ ညှိနှိုင်းအစည်းအဝေးကို တက်ရောက်လာသောရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက် အထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌများက ရပ်ကွက်အလိုက် ဆောင်ရွက်ပေးစေလိုသောလုပ်ငန်းများအား တင်ပြရာ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တို့က ပြန်လည်ပေါင်းစပ်ဆွေးနွေးခဲ့ကြောင်းသိရသည်။

**သီဟကိုကို(မန္တလေး)**





မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် ရန်ကုန်မြို့ ဗုဒ္ဓကလျာဏယုဝ အသင်းမှကျင်းပခဲ့သော(၆၅)ကြိမ်မြောက် ၃၈ ဖြာမင်္ဂလာနှင့် ဗုဒ္ဓဝင်စာမေးပွဲတွင် စာအောင်ဆုရရှိသူများအား နိုဝင်ဘာ ၈ ရက် မွန်းလွဲ ၁ နာရီခွဲတွင် အနောက်တောရကျောင်း ဓမ္မာရုံ၌ ဆုနှင်းသဘင်ပွဲကို ကျင်းပခဲ့ရာ အဆိုပါအခမ်းအနားတွင် ဗဟိုဆုတစ်ဦး၊ အထူးဆု ၃၀ ဦး သာမန်ဆု ၂၁၈ ဦး ပေါင်း ၂၄၈ ဦးနှင့် ၂၀၁၄ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာစာ ဂုဏ်ထူးရကျောင်းသူတစ်ဦးတို့အား ဆုများအသီးသီးချီးမြှင့်ပေးကြကြောင်း သိရသည်။ သတင်းနှင့်ဓာတ်ပုံ- ကိုမျိုး(ယောရော)

## သားကောင်နှင့်မှားယွင်းပြီး တူမီးသေနတ်ဖြင့် ပစ်ခတ်မိသောကြောင့် ဒဏ်ရာရ

**နေပြည်တော်၊ နိုဝင်ဘာ ၁၀**

နိုဝင်ဘာ ၆ ရက် နံနက် ၂ နာရီ ၄၅ မိနစ်တွင် ရှမ်းပြည်နယ်၊ ကွမ်းလုံဆေးရုံ၌ တူမီးသေနတ်ဒဏ်ရာရရှိသူတစ်ဦး ရောက်ရှိနေကြောင်း သတင်းအရ ကွမ်းလုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။

ယင်းသို့စစ်ဆေးရာ ကွမ်းလုံမြို့နယ်၊ ကန်မိန်းကျေးရွာနေ လွမ်းခေါင် (၃၂)နှစ်သည် ကန်မိန်းကျေးရွာအရှေ့ဘက်ရှိ တောင်ယာပြောင်းခင်းတဲ၌ တစ်ရွာတည်းနေ ဦးဟောင်ဇယ်၊ ဦးဇောင်ချန်တို့နှင့်အတူ အိပ်နေရာမှ နံနက် ၁၂ နာရီ ၄၅မိနစ်တွင် အပေါ့ထသွားစဉ် သားကောင်ပစ်ရန် စောင့်ဆိုင်းနေသည့် ကွမ်းလုံမြို့နယ်၊ လောက်ခိုင်ကျေးရွာနေ ဟန်လောက်အဲ (၃၂)နှစ်မှ သားကောင်နှင့် မှားယွင်းပြီး တူမီးသေနတ်ဖြင့် ပစ်ခတ်ခဲ့ကြောင်း သိရသည်။

ယင်းသို့မှားယွင်းပစ်ခတ်မှုကြောင့် လွမ်းခေါင်တွင် ဝဲလက်ဖျံ ပေါက်ထွက်ဒဏ်ရာတစ်ချက်၊ ဝမ်းဗိုက်ဝဲဘက်ခြမ်းပေါက်ထွက် ဒဏ်ရာနှစ်ချက်တို့ ရရှိခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ဟန်လောက်အဲအား ကွမ်းလုံမြို့မရဲစခန်း (ပ) ၁၉/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၃၈ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**

**အတွေးအမြင်ဆောင်းပါး**

# သင်သည်သာ သင့်ဘဝရဲ့မန်နေဂျာ

**ဓ** သရက်တန်းစိုးရွှေ(စိတ်ပညာ)

မိခင်၏ဝမ်းအတွင်းမှထုံးဖြူဖြူအုတ်ဂူအထိ သွားသောခရီးကို ဘဝခရီးဟု အလွယ်ဆိုနိုင်ပေသည်။ ဘဝတစ်ခုကိုရလာသူတိုင်းမဖြစ်မနေလုပ်ဆောင်ရသောအရာမှာ စီမံခန့်ခွဲခြင်း များပင်ဖြစ်သည်။ တစ်နည်းအားဖြင့်လူသည် ကိုယ့်ဘဝအတွက်တာ ကိုယ်သာမန်နေဂျာ ဖြစ်နေတတ်ပေသည်။ မန်နေဂျာတစ်ဦးအတွက် စီမံခန့်ခွဲမှုတို့ကောင်းရန်လိုအပ်လှပေသည်။ ထို့အပြင် လူတိုင်းမသိမသာ ပြုမူနေသော စီမံခန့်ခွဲမှုကလေးများကို မေ့နေတတ်ကြပေသည်။ လူတိုင်းသည် ကိုယ့်ဘဝအတွက် မန်နေဂျာဖြစ်သည့်အတွက် အိပ်ရာထမှစကာ မျက်နှာသစ်ခြင်း၊ သွားတိုက်ခြင်း၊ အိမ်မှုကိစ္စလုပ်ခြင်းမှ အမျိုးမျိုး ကိုယ်တိုင်စီမံခန့်ခွဲလုပ်ဆောင်ပြီး ဖြစ်နေပေသည်။ သို့အတွက် စာရှုသူ ပထမဦးစွာ သိရှိရသည့်အရာမှာ လူတိုင်းဟာ မန်နေဂျာပင်ဖြစ်ပေသည်။

လူတိုင်း နေ့စဉ်သင်ယူနေကြရသည်။ အသက်ကြီးသည်အထိ သင်ယူနေကြရသည့် လူမှုပတ်ဝန်းကျင်မှလူတိုင်းကို သင်ပေးနေမြဲပင် ဖြစ်သည်။ အသက် ၈၀ အရွယ်အဘွားဖြစ်သူမှ သူ့မြေးမလေး ဝတ်စားပုံကိုကြည့်ကာ စိုးရိမ်စွာသတိပေးသော စကားတွင် "ငါ့မြေး ထမီကွဲနေတယ်ဟဲ့ မသိဘူးလား" ဟု မေးလာတတ်ပေသည်။ မြေးဖြစ်သူက ထမီကွဲတာမဟုတ်ပါဘူး ထမီစကတ်ကို သက်သက်ခွဲထားတာဟု ရှင်းပြခြင်းသည်ပင်အလိုလို သင်ယူပြီးဖြစ်သွားတတ်ပေသည်။

သင်ယူခြင်းနှင့် ပတ်သက်သမျှ သုတေသနပြုလုပ်ထားသည်မှာ ကြားခြင်းသည် ၂၀ ရာခိုင်နှုန်း မှတ်မိစေသည်။ ငါကြားတယ်။ ငါမေ့တယ်ဟု အလွယ်မှတ်ထားလေ့ရှိသည်။ မြင်ခြင်းသည် ၂၀ ရာခိုင်နှုန်း မှတ်မိစေကာ မြင်ခြင်းသည် စွဲမြဲစေပြီး ငါမြင်တယ် ငါမှတ်မိတယ်ဟု မှတ်သားလေ့ရှိသည်။

ထို့အတူပင် ကိုယ်တိုင်လက်တွေ့ပြုမူခြင်းသည် ၈၀ ရာခိုင်နှုန်းအထိ မှတ်မိပြီး ပြုလုပ်ရန် အသင့်တော်ဆုံးနှင့် အသုံးအဝင်ဆုံးပင်ဖြစ်သည်။ အလွယ်မှတ်သားမှုတွင် ငါကိုယ်တိုင်လုပ်တယ်။ ငါနားလည်သွားပြီဟု မှတ်သားထားတတ်ကြပေသည်။

လူတိုင်း ကိုယ့်ဘဝအတွက်မန်နေဂျာဖြစ်သည့်အတွက် ကိုယ့်ဘဝအောင်မြင်ရေးအတွက် အဓိကဆောင်ထားရမည့် အရာတစ်ခုရှိပေသည်။ ထိုအရာမှာ စေ့ဆော်တိုက်တွန်းခြင်း စိတ်တွန်းအားပေးခြင်း (Motivation)ပင်ဖြစ်သည်။ လုပ်ကိုင်ဆောင်ရွက်မှုအစုစုတွင် စိတ်တက်ကြွစွာ ပါဝင်ဆောင်ရွက်ရေးစိတ်ကို တွန်းအားပေးကြရပေမည်။

တောင်တက်မည်ဆိုပါက တောင်တက်ကြတာပေါ့ဆိုသော လေသံထက် တက်မယ်ကွာ ရောက်အောင်တက်မယ်ဆိုသော အားပါသည့် လေသံတို့ဖြစ်အောင်တွန်းအားပေးကြရပေမည်။ ပြေးမည်ဆိုက ပြေးကြတာပေါ့ဆိုခြင်းထက် ပြေးမယ်ကွာ ပန်းတိုင်ရောက်အောင် ပြေးမယ်ဟုဆိုကာ ပြေးသင့်လှပေသည်။

အနေအထိုင်အပြုအမူ အပြောအဆိုတိုင်း တက်ကြွနေစေရန်ဘဝမန်နေဂျာများ ပြုလုပ်ပေးကြရပေမည်။ ကိုယ့်ဘဝအတွက် ကိုယ်တိုင်တက်ကြွစွာ စီမံတတ်ကြရပေမည်။ ဘဝမန်နေဂျာများ အောင်မြင်ရေးအတွက် သစ္စာရှိခြင်း၊ ပန်းတိုင်ရှိခြင်း၊ အကောင်းမြင်တွေးတတ်ခြင်း၊ ဖြစ်နိုင်ခြေဘက်မှ စတင်ခြင်း၊ အောင်မြင်မှုမရမခြင်းဆက်လက် လုပ်ဆောင် တတ်သောဇွဲများရှိအောင် မွေးမြူကြရပေမည်။ အောင်မြင်လိုသူတိုင်း အောင်မြင်စေသည့် သီအိုရီများကို လေ့လာကျင့်သုံးကြရမည်ဖြစ်သည်။

၂၁ ရာစုတွင် အောင်မြင်တိုးတက်ရေး အဘက်ဘက်မှ ထူးချွန်သူများကို တိုင်းတာရာတွင်စံငါးချက်ဖြင့် တိုင်းတာတတ်သည်။ ထိုစံများမှာ 1.physical Quotient (pQ) 2. Intellectual Quotient (IQ) 3. Emotional Quotient (EQ) 4. Social Quotient 5. Cultural Quotient တို့ပင်ဖြစ် သည်။ သက်ဆိုင်ရာအ ထူးပြုလုပ်ငန်းစဉ်အလိုက်သက်ဆိုင်ရာစွမ်းဆောင်မှုတို့ အားသာခြင်း အားနည်းခြင်းပေါ်ကြည့်ရှုဆုံးဖြတ်နိုင်ပေသည်။

သာမန်ပြောဆိုသော အရွယ်သုံးပါး လုပ်ငန်းစဉ်တွင် ပထမအရွယ်ပညာရှာ၊ ဒုတိယအရွယ် ဥစ္စာရှာ၊ တတိယအရွယ်တရားရှာဟု သတ်မှတ်ထားပေသည်။ ဘဝမန်နေဂျာကောင်းများအတွက်မူ အရွယ်သုံးပါးတွင်လုပ်ဆောင်ရန် အချက်များစွာပါဝင်နေပေသည်။

ပထမအရွယ်ပညာ ရှာဖွေခြင်းတွင် ပညာရှာခြင်းလုပ်ငန်းခွင်ဝင်ကာ လုပ်ငန်းခွင်အတွင်းမှ ထပ်မံပညာရှာခြင်း မိမိကျင်လည်ရာ လူမှုပတ်ဝန်းကျင်ကမ္ဘာတစ်ခွင် ဖြစ်ပျက်နေသမျှထဲမှ ပညာရှာခြင်းများမှသည်မိမိ မိသားစုဘဝကို စတင် တည်ထောင်ခြင်းများလည်း ပါဝင်နေပေသည်။

ဒုတိယအရွယ်အတွက်မူ လုပ်ငန်းခွင်အတွင်း လူမှုဝန်းကျင်အတွင်း အောင်မြင်မှုကို ဖော်ဆောင်ကြရပေမည်။ အောင်မြင်ခြင်းကျရှုံးခြင်း၊ ဖြစ်ရပ်များအခက်အခဲများစွာအတွင်းမှ အတွေ့အကြုံများကို အခြေခံကာ မှုတမှုကို ရယူကြရမည်ဖြစ်သည်။ အစွန်းရောက်ခြင်း မရှိသောအလယ်အလတ် လမ်းစဉ်ဖြင့်သာ ဆောင်ရွက်နိုင်အောင် ကြိုးစားကြရပေမည်။

ထို့အတူပင် ပတ်ဝန်းကျင်အသိုင်းအဝိုင်း လူမှုဖွံ့ဖြိုးမှုများကိုလည်း ဟန်ချက်ညီညီဆောင်ရွက်ပေးတတ်ရပေမည်။ ဒုတိယအရွယ် လုပ်ဆောင်ဖွယ်ရာများစွာထဲတွင် နောက်ဆုံးအနေဖြင့် မိဘများကို ကူညီနိုင်သော သားကောင်း၊ သမီးကောင်းများဖြစ်အောင် စွမ်းဆောင်ကြိုးစားကြရပေမည်။ သို့မှသာ ကိုယ်တိုင်ကောင်းစွာ စီမံခန့်ခွဲတတ်သည့် ဘဝမန်နေဂျာကောင်းတစ်ဦး ဖြစ်လာပေမည်။

တတိယအရွယ်၏ လုပ်ဆောင်မှုတွင်မူ အသက်အရွယ်အပိုင်းအခြားအရ အနားယူမှုတို့ ပြုလုပ်ကြရပေမည်။ ရုပ်ပိုင်းဆိုင်ရာများကို ဂရုပြုလာကြရပေမည်။ ကျန်းမာရေးအတွက် ဂရုစိုက်ပေးလာကြရပေမည်။ လုပ်ငန်းမှ အနားယူကာဘဝအတွက် အကောင်းဆုံး ပြင်ဆင်ရမည့် ကာလများပင်ဖြစ်သည်။ တာဝန်ကျေသူ၊ မိဘကို ကောင်းစွာလုပ်ကျွေးနိုင်ခဲ့သူ၊ တိုင်းပြည်တာဝန်ကိုကျေပွန်ခဲ့သူ၊ ပတ်ဝန်းကျင်အတွက်ကောင်းကျိုးပြုနိုင်ခဲ့သူအဖြစ် စာရင်းဝင်အောင်ပြုလုပ်ကာ ရဲရဲရင့်ရင့် တာဝန်ကျေစွာသေခြင်းအတွက် ပြင်ဆင်ကြရပေမည်။

ထို့နောက်တွင် ကိုယ်တိုင်စီမံခဲ့သော ကိုယ့်ဘဝမန်နေဂျာတစ်ဦးအနေဖြင့် မျိုးဆက်သစ်တို့ကို သမိုင်းကောင်းများ ညွှန်ပြခြင်းဖြင့် လက်ဆင့်ကမ်းရပေမည်။

စာရှုသူအဆွေ. . . သင့်ဘဝအတွက်တာ . . . သင်သာမန်နေဂျာပင်ဖြစ်သည်။ သင်နေ့စဉ် ပြုမူပြောဆို လုပ်ကိုင်မှုတိုင်းသည် သင်၏ စီမံခန့်ခွဲမှုများပင်ဖြစ်သည်။ သင်၏ သမိုင်းကောင်းရေးသင်ကိုယ်တိုင် သင်ယူလုပ်ကိုင်ပေးကြရပေမည်။ သို့အတွက် လူတိုင်းသည် ကိုယ့်ဘဝအတွက် ကိုယ်တိုင်မန်နေဂျာများဖြစ်နေသောကြောင့် စကားတစ်ခွန်းပြောလိုသည်က 'ကိုယ့်ဘဝအတွက်သာ ကိုယ်သာမန်နေ ဂျာ' ဟူ၍သာလျှင် ဖြစ်ပေသည်။

> မိဘကို ကောင်းစွာလုပ်ကျွေးနိုင်ခဲ့သူ၊ တိုင်းပြည်တာဝန်ကိုကျေပွန်ခဲ့သူ၊ ပတ်ဝန်းကျင်အတွက် ကောင်းကျိုး ပြုနိုင်ခဲ့သူအဖြစ် စာရင်းဝင်အောင် ပြုလုပ်ကာ ရဲရဲရင့်ရင့် တာဝန်ကျေစွာသေခြင်း အတွက်ပြင်ဆင် . . .

**သစ်လုံးခွဲမည်**

Band Saw သစ်စက်ကြီးဖြင့် သစ်လုံးခွဲစိတ်ခြင်း၊ ဟိုတယ်၊ အဆင့်မြင့်အိမ်ရာများတွင်သုံးရန် သစ်များအက်ကွဲခြင်း၊ ကျုံ့ခြင်း၊ ကွဲခြင်း၊ လိမ်ကောက်ခြင်း၊ မူလသဘာဝအရောင်မပျက်အောင် ထိန်းသိမ်းခြင်း၊ မှိုတက် ခြင်းများ ကာကွယ်ရန်အတွက် သစ်ပေါင်းဖိုများဖြင့် အခြောက်ခံခြင်း၊ အဆင့်မြင့် သစ်အချောထည်များ ထုတ်လုပ်ပေးခြင်း၊ ပြည်တွင်းပြည်ပ စျေးကွက်ရှာဖွေပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးပါမည်။

ဖုန်း-၀၉-၅၁၀၇၈၃၂၊ ၀၉-၈၆၃၅၇၆၆၊
၀၉-၅၁၀၇၈၃၀၊ ၀၉-၅၁၀၇၈၂၃

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ ပထမနှစ်၊ ဘူမိဗေဒတွင် ပညာသင်ကြားနေသော မောင်ဝင်းအောင်၏ဖခင် ဦးချစ်သဲနှင့် ဦးချစ်ကိုကို[၁၂/လသယ(နိုင်)၀၄၇၇၃၈]မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ ဦးချစ်သဲ(ခ)ဦးချစ်ကိုကို


**ရောင်းရန်ရှိသည်**

ရွှေပြည်သာဇုန်(၂)၊ ကမ်းနားလမ်းနှင့် ဒေါ်ဖွားရှင်လမ်းထောင့်ကွက်၊ ၃ဒသမ ၇၃၇ဧက (အလျားပေ ၆၆၀ × အနံ ၂၄၅ပေ) ရောင်းရန် ရှိသည်။

ခြံစည်းရိုးခတ်ပြီး။ မြေဖို့ပြီး။

ဆက်သွယ်ရန် ဖုန်း-**09-8303999, 09-8303888, 09-8302666**





## ဟသ်ာတတက္ကသိုလ်ပညာရေး မြှင့်တင်မှု ညှိနှိုင်းဆွေးနွေး

**ဟသ်ာတ၊ နိုဝင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတတက္ကသိုလ်တွင် ပညာရေးအရည်အသွေးမြှင့်တင်မှုဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၂၈ ရက်က ဟသ်ာတ တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၊ သစ်တောနှင့် သတ္တုဝန်ကြီး ဦးစိုးမြင့်က အမှာစကားပြောကြားပြီး ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခိုင်မြကြ ပညာရေးအရည်အသွေး မြှင့်တင်အကောင်အထည်ဖော်ရေးကို တင်ပြဆွေးနွေးခဲ့သည်။

ယင်းနောက် ရန်ကုန်ပညာရေးတက္ကသိုလ်၊ ပါမောက္ခချုပ် ဒေါက်တာအောင်မင်းက လူထုပူးပေါင်းပါဝင်မှုဖြင့် ပညာရေးအရည်အသွေး မြှင့်တင် အကောင်အထည်ဖော်ရေး အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဥပဒေပြုစုရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၊ အဖွဲ့ဝင် ဒေါက်တာကြူကြူဆွေ၊ ပါမောက္ခဥပဒေပညာဌာန၊ ဒဂုံတက္ကသိုလ်က အမျိုးသားပညာရေးဥပဒေနှင့် ဆက်စပ်သည့် ဥပဒေများကို ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ဟသ်ာတတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒုတိယပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများ၊ စီမံအရာရှိများ၊ ဝန်ထမ်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် အုပ်ချုပ်ရေးမှူးများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အဖွဲ့အသီးသီးမှ ဥက္ကဋ္ဌများ၊ မြို့မိမြို့ဖများ၊ အခြေခံပညာမှ ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြသည်။

**ကိုရဲ (ဟသ်ာတ)**



# စပါးခင်းများ နှင့် ပဲစိုက်မြေများသို့ ရေဝင်ရောက် ပိတ်ဆို့ တာတမံများအား ရှင်းလင်းဆောင်ရွက်

**ရေကြည်၊ နိုဝင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ရေကြည်မြို့နယ်၌ ပြီးခဲ့သည့်ရက်အတွင်းက မိုးများရွာသွန်းမှုကြောင့် ရေသွင်းရေထုတ်မြောင်းများ ရေလျှံပြီး ရိတ်သိမ်းချိန်ရောက်ရှိနေပြီဖြစ်သော စပါးခင်းများနှင့် ပဲစိုက်လယ်မြေများသို့ ရေများဝင်ရောက်နေကြောင်း တောင်သူများက ရေကြည်မြို့နယ် အုပ်ချုပ်ရေးမှူးထံသို့ အကြောင်းကြားခဲ့ကြောင်းသိရသည်။

မြို့နယ်အုပ်ချုပ်ရေးမှူးမှ သတင်းရလျှင် ရခြင်း ရေများလျော့ကျစေရန်အတွက် မြို့နယ်စိုက်ပျိုးရေးနှင့် တိုးမြှင့်ရေးအဖွဲ့များက နိုဝင်ဘာ ၈ ရက် နံနက်တွင် သက်ဆိုင်ရာ ကျေးရွာများသို့ သွားရောက်ကာ လယ်ယာမြေများသို့ ရေဝင်နေမှု အခြေအနေနှင့် ဝင်ရောက်ပြီးရေများ အမြန်ဆုံး ပြန်ထွက်နိုင်ရေးအတွက် ရုံးတုံးကျေးရွာအုပ်စု၊ ကျားချောင်ကျေးရွာအုပ်စု၊ သယ်န်းဒေါင့်ကျေးရွာအုပ်စုရှိ ရေသွင်းရေထုတ်မြောင်းများအား ပိတ်ဆို့ပြီး ငါးရှာနေသူများကိုခေါ်ယူပြီး ပညာပေးဟောပြောခဲ့သည်။

ယင်းနောက်တာတမံများကိုလည်း အချိန်နှင့်တစ်ပြေးညီ ဖျက်ဆီးရန်လိုကြောင်း တိုက်တွန်းပြောကြားပြီး တာတမံပိတ်ဆို့သူများကို စိုက်ပျိုးရေးနှင့်တိုးမြှင့်ရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများရှေ့တွင် ဝန်ခံကတိလက်မှတ်ရေးထိုးခြင်းများပြုလုပ်စေပြီး ရေများအချိန်မီ ကျဆင်းနိုင်ရန်အတွက် တာတမံပိတ်ဆို့သူများက တာဝန်ရှိသူများရှေ့တွင် တာတမံ ပိတ်ဆို့မှုများကို ဖယ်ရှားပေးခဲ့ကြောင်း သိရသည်။

**မင်းဇော်ဦး (ရေကြည်)**

## မန္တလေးပဒေသာကပွဲ ကြည့်ရှုသူများပြား

**မန္တလေး၊ နိုဝင်ဘာ ၁၀**

မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များ လက်ဆင့်ကမ်း ထိန်းသိမ်းရေး၊ မြန်မာ့အနုပညာများကို သိရှိခံစားနိုင်စေရေး၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း မြှင့်တင်ရေးအတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန(မန္တလေးဌာနခွဲ) တို့ ပူးပေါင်းကျင်းပသည့် မြန်မာ့ရိုးရာ ယဉ်ကျေးမှု ပဒေသာကပွဲကို နိုဝင်ဘာ ၈ ရက် ည ၇ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် (၆၆) လမ်းရှိ အမျိုးသားကဇာတ်ရုံ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အနုပညာချစ်မြတ်နိုးသူများ၊ နိုင်ငံခြားသား ခရီးသွားဧည့်သည်များ လာရောက်အားပေးကြသည်။

ပဒေသာကပွဲတွင် အနုပညာဦးစီးဌာနမှ ပဏာမဧည့်ခံဂီတသံ၊ လူငယ်တို့၏ ဆီမီးခွက်ယိမ်းအက၊ ရုပ်သေးအက၊ ဇာတ်မင်းသားကြီးရွှေမန်းတင်၏ မျိုးဆက်သစ်အမွေ၊ ချင်းတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ ဖျော်ဖြေတင်ဆက်မှု၊ မျက်လှည့်၊ ချိန်တွင်းဆည်းဆာဒို့တောရွာ တေးသရုပ်ဖော်၊ မြန်မာ့ခြင်းလုံး၊ လူရွှင်တော်ချစ်စရာ တစ်ခန်းရပ်ဟာသတို့ဖြင့် ဝေဝေဆာဆာ တင်ဆက်ကပြရာပြည်တွင်း ပြည်ပမှ လာရောက်ကြည့်ရှုသူများအထူး နှစ်သက်ကြသည်။ **သီဟကိုကို(မန္တလေး)**

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာလမ်းများအားအဆင့်တိုးမြှင့် ဆောင်ရွက်

**ရမည်းသင်း၊ နိုဝင်ဘာ ၁၀**

ကျေးလက်ဒေသများတွင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်အတွက် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်းတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ကြီးဌာန၏ လမ်းညွှန်မှုနှင့်အညီ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် သီးကုန်းကျေးရွာ၊ ပဲ့ဆည်ကျေးရွာ ကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ယင်းသို့ သီးကုန်းကျေးရွာမှ ပဲ့ဆည်ကျေးရွာအထိ မြေသားလမ်းဖောက်လုပ်ရာတွင် ၅/၀ မိုင် × ၂၀ ပေ ×၂ ပေ အတိုင်းအတာ ဖောက်လုပ်ခဲ့သည်။

လမ်းများဖောက်လုပ်ပေးခြင်းကြောင့် ပဲ့ဆည်ရွာ၊ မင်စုတောင်ရွာ၊ ပင်စုမြောက်ရွာနှင့် သီးကုန်းကျေးရွာများမှ ဒေသခံပြည်သူများမှာ ယခင်ကထက် သွားလာရေးလွယ်ကူ အဆင်ပြေချောမွေ့ ဒေသထွက်ကုန် ကုန်စည်စီးဆင်းမှုမှာလည်း မြန်ဆန်လာကြောင်း ဒေသခံများက ပြောသည်။

အလားတူ ရမည်းသင်းမြို့နယ်အတွင်းတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ရင်ဂါတ်ကုန်း-ကျောက်ဖူးလမ်း၊ ကျောက်ဖူး-အင်းတောလေးလမ်း ဖောက်လုပ်ခဲ့သည်။

ယင်းအပြင် ကန်ဆွယ်-ရန်ကုန်-မန္တလေးလမ်း၊ ရမည်းသင်း ရွာတန်း-အုန်းသီးကွဲလမ်း၊ ရန်ကုန်-မန္တလေး-မြိုင်သာယာလမ်း၊ အင်တိုင်း- ကင်းရွာလမ်း၊ သီးကုန်း-ပင်စု(တ)-ပဲ့ဆည်လမ်း၊ အလယ်ကုန်း-ဘုရားကုန်းလမ်း၊ မကျီးစု-ထိန်ကန်လမ်း၊ ထီးလှိုင်-ရေဦးလမ်း၊ အိုင်ပုတ်-စည်ခုံလမ်းတို့ကိုလည်း ဖောက်လုပ်ခဲ့သည်။

ရွာတန့်သဲကျွန်း-ရွှေဒါးလမ်း၊ကျွဲတပ်-သစ္စေးလမ်းနှင့် ရန်ကုန်-မန္တလေးအဝေးပြေးလမ်းမှ ဆက်ထိုးကြီး- ညောင်ပင်သာ-ဆက်ထိုးပေါက်-ဇလုပ်ကြီးလမ်း အစရှိသော လမ်းများကိုလည်း မြေသားလမ်းအဆင့် ဖောက်လုပ်ခဲ့သည်။

ကျောက်ရောရာ မြေ(ယိစာ) ခင်းခြင်း၊ ကျောက်ချောလမ်းအဖြစ် လမ်းအဆင့်တိုးမြှင့်ဆောင်ရွက်ခြင်းများကိုလည်း ကျေးရွာချင်းဆက်လမ်းပေါင်း ၂၆ လမ်း၌ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှု ရှိမှသာလျှင် ကျေးလက်နေပြည်သူများ၏ ဆင်းရဲနွမ်းပါးမှု လျော့ကျရေးနှင့် လူမှုဘဝဖူလုံရေးအတွက်များစွာအထောက်အကူပြုမည်ဖြစ်ကာ ဒေသအတွင်းတွင်လည်း ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ပညာရေးကဏ္ဍများမှာ အချိန်နှင့်တပြေးညီ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

**လှိုင်သန်းတင့် (ရမည်းသင်း)**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ ဇီးကုန်းကျေးရွာအပိုင်း(၁၂)မှ ပြောင်းရွှေ့ချထားခံရသူ ဒေါ်အေးကျင် [၁၂/ရပသ(နိုင်)၀၁၅၁၀၇]သည် မြေတိုင်းရပ်ကွက်အမှတ်(န/၅၃)၊ မြေကွက်အမှတ်(၄၁၄)၊ အကျယ်အဝန်း(၄၀'×၆၀')တွင် ပြန်လည်နေရာချထားပေးခဲ့ပါသည်။ အမည်ပေါက် ဒေါ်အေးကျင်မှ မြေချပါမစ်မထုတ်ရသေးပါသဖြင့် ၎င်းအမည်ဖြင့် ပါမစ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ မြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ဤရုံးသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဒေါ်အေးကျင်အမည်ဖြင့် မြေချပါမစ် ထုတ်ပေးသွားမည် ဖြစ်ပါသည်။

မြေယာရုံးခွဲ(၁၁)၊ မြေနှင့်အခွန်ဌာနခွဲ ရွှေပြည်သာမြို့နယ်၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ


ရွှေပြည်သာမြို့နယ်၊ ဇီးကုန်းကျေးရွာအပိုင်း(၁၂)မှ ပြောင်းရွှေ့ချထားခံရသူ ဦးဌေးအောင် [၁၂/ရပသ(နိုင်)၀၇၁၀၁၂]သည် မြေတိုင်းရပ်ကွက်အမှတ်(န/၅၃)၊ မြေကွက်အမှတ်(၄၁၅) အကျယ်အဝန်းပေ(၄၀×၆၀)တွင် ပြန်လည်နေရာချထားပေးခဲ့ပါသည်။ အမည်ပေါက် ဦးဌေးအောင်မှ မြေချပါမစ် မထုတ်ရသေးပါသဖြင့် ၎င်းအမည်ဖြင့် ပါမစ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ မြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ဤရုံးသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဦးဌေးအောင် အမည်ဖြင့် မြေချပါမစ်ထုတ်ပေးသွားမည် ဖြစ်ပါသည်။

မြေယာရုံးခွဲ(၁၁)၊ မြေနှင့်အခွန်ဌာနခွဲ ရွှေပြည်သာမြို့နယ်၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်-၂၂၁/ခ၊ မြေကွက်တည်နေရာအမှတ်-၂၂၁/ခ၊ သိင်္ဂီ(၃)လမ်းတောင်၊ (၅)ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးအောင်မြင့်)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးအောင်မြင့်(ဖခင်)နှင့် ဒေါ်လှဝင်း(မိခင်)တို့ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ၁။ဒေါ်ယဉ်ယဉ်အောင်[၁၂/မဂဒ(နိုင်)၀၉၇၉၀၁]၊ ၂။ဒေါ်ခင်ထားဝေ[၁၂/သကတ(နိုင်)၁၂၈၈၆၆]၊ ၃။ဒေါ်ခင်မာချို[၁၂/သကတ(နိုင်)၁၂၈၈၆၇]၊ ၄။ဒေါ်ရီရီအောင်[၁၂/သကတ(နိုင်)၁၂၈၈၆၈]၊ ၅။ဦးနေဝင်း[၁၂/သကတ(နိုင်)၁၂၈၈၆၉]၊ ၆။ဦးသိန်းထိုက်[၁၂/သကတ(နိုင်)၁၃၂၉၅၃]၊ ၇။ဦးမျိုးဝင်း[၁၂/သကတ(နိုင်)၁၄၆၁၉၀] ၈။ဦးကျော်ကျော်အောင်[၁၂/သကတ(နိုင်)၁၆၁၁၉၀]၊ ၉။ဦးရာဇာဖြိုး[၁၂/သကတ(နိုင်)၁၆၁၁၉၁]မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်နိုင်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/အနော်မာ၊ မြေကွက်အမှတ်(၁၀၀)၊ မြေကွက်တည်နေရာအမှတ်-၁၀၀၊ အနော်မာ(၁)လမ်း၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးကြီးမြင့်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား သာကေတမြို့နယ်၊ တရားရုံး၌ ဒေါ်သန်းသန်းအေး+၃မှ ၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၉၄ဖြင့် ဦးကြီးမြင့်အား ပဋိညာဉ်အတိုင်း မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီနှင့် ၂၀၁၄ ခုနှစ် တရားမဇာရီမှုအမှတ်-၁၂၀ အမိန့်တို့တင်ပြ၍ တရားရုံးကိုယ်စားဘီလစ်ဒေါ်မင်းမင်းကြိုင်[၁၂/ခမစ(နိုင်)၀၀၄၆၂၁]မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/ထူပါရုံ)၊ မြေကွက်အမှတ်(၁၃၆၅)၊ မြေကွက်တည်နေရာအမှတ်-၁၃၆၅၊ ထူပါရုံ(၁၀)လမ်းအရှေ့၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဒေါ်တင်တင်ဝင်း၊ ဒေါ်ခင်မြဝင်း၊ ဒေါ်အေးအေးမြင့်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၌ ဦးထွန်းထွန်းဝင်း+၂မှ ၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၃၃၄ ဖြင့် ဒေါ်တင်တင်ဝင်း+၂အား ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီနှင့် ၂၀၁၄ ခုနှစ် တရားမဇာရီမှုအမှတ်-၁၃၁ အမိန့်တို့တင်ပြ၍ တရားရုံးကိုယ်စားဘီလစ် ဒေါ်မင်းမင်းကြိုင်[၉/ခမစ(နိုင်)၀၀၄၆၂၁]မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၂၊ မြေကွက်အမှတ်-၅၃၊ မြေကွက်တည်နေရာအမှတ်-(၅၃)၊ (၄၂)ရပ်ကွက်၊ ဒဂုံမြောက် ဒေါ်နွယ်နွယ်လှိုင်(MTA-၁၇၆၇၇၁) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်နွယ်နွယ်လှိုင်(တရားရှုံး)(ကိုယ်စား) ဘီလစ် ဒေါ်လဲ့လဲ့ခိုင်[၁၃/တကန(နိုင်)၀၀၃၄၁၉]မှ တရားမကြီးမှုအမှတ်-၁၉၈/၁၃(၂၉-၁၂-၁၃) နှင့် တရားမဇာရီမှုအမှတ်-၁၃၁/၁၃(၃၁-၁၂-၁၃) တို့ကိုတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၂၃I)၊ မြေကွက်အမှတ်(V ၉၁)၊ မြေကွက်တည်နေရာအမှတ်-၄၂၊ ဧရာဝတီလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ်၊ ဦးသောင်းထွန်း အမည်ပေါက် နှစ်(၉၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးသောင်းထွန်း ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်လှလှ [၁၂/အလန(နိုင်)၀၂၈၄၁၂]မှ သေစာရင်း၊ ကျမ်းကျိန်လွှာ၊ မှတ်ပုံတင်ဂရန်မြေခွန်ပြေစာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာခိုင်လုံသောအထောက်အထားများဖြင့်(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်လာခြင်းမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်(၁၁၆၆)၊ မြေကွက်တည်နေရာအမှတ်(၁၁၆၆)၊ ၁၃ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဦးညိုဝင်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးညိုဝင်း တရားရှုံးကိုယ်စား ဘီလစ် ဒေါ်ရီရီလှ[၁၂/ဥကမ(နိုင်)၀၅၅၂၉၈]မှ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ တရားရုံး၏တရားမကြီးမှုအမှတ်-၄၇/၂၀၁၄ (၁၅-၈-၂၀၁၄) တရားမဇာရီမှုအမှတ် ၃၀/၂၀၁၄ နှင့် ဘီလစ်ခန့်အပ်ကြောင်း အကြောင်းကြားစာများ တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ဘာဆယ်ကွန်ဗင်းရှင်းသို့ မြန်မာနိုင်ငံက အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ရေးကိစ္စ လွှတ်တော်အတည်ပြု

**နေပြည်တော်  နိုဝင်ဘာ  ၁၀**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ကျင်းပသည်။

အစည်းအဝေးတွင် ဘာဆယ်ကွန်ဗင်းရှင်း (Basel Convention) သို့ မြန်မာနိုင်ငံက အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ရေးကိစ္စကို လွှတ်တော်က အတည်ပြုခဲ့သည်။

ဘာဆယ်ကွန်ဗင်းရှင်းသို့ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ပါက လူသားတို့၏ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်အားကာကွယ်နိုင်ခြင်း၊ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုစနစ်နှင့် ထိန်းချုပ်မှုစနစ်များအား ရရှိနိုင်ခြင်း၊ ကမ္ဘာတစ်ဝန်းဒေသတွင်းနှင့် ဒေသဆိုင်ရာလမ်းညွှန်မှုများ၊ အလေ့အကျင့်များ၊ သဘောတူညီမှုများနှင့် လုပ်ငန်းစီမံကိန်းများ လက်ခံရရှိနိုင်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်နိုင်ခြင်း၊ လူတစ်ဦးချင်းစီ၏ အသိအမြင်နိုးကြားမှုများ တိုးတက်လာနိုင်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အဆင့်မြင့်အရာရှိကြီးများတွေ့ဆုံပွဲများ စသည်တို့မှတစ်ဆင့် ဒေသတွင်းအသိအမြင်နိုးကြားမှုများကို မြှင့်တင်ပေးနိုင်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ်မြှင့်တင်မှု၊ လိုအပ်ချက်နှင့် ဦးစားပေးလုပ်ငန်းရပ်များအကြား ဆက်စပ်မှုများကို ဖန်တီးပေးနိုင်ခြင်း၊ နယ်စပ်ဖြတ်ကျော်သော စွန့်ပစ်ပစ္စည်းများနှင့် ပတ်သက်သည့်

**စာမျက်နှာ ၈ ကော်လံ ၃ သို့** ✳

# တပ်တစ်တပ် အရည်အချင်းပြည့်ဝရန် လေ့ကျင့်ရေးသည် အရေးကြီးဆုံးဖြစ်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခေတ်မီဆက်သွယ်ရေးစက်ကိရိယာများအား ကြည့်ရှုစဉ်။ (မြဝတီ)

**နေပြည်တော်  နိုဝင်ဘာ  ၁၀**

ယနေ့ကာလတွင် စက်မှုနှင့် အီလက်ထရွန်နစ်နည်းပညာများ၊ သတင်းဆက်သွယ်ရေးနည်းပညာများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ စစ်ရေးဆိုင်ရာအယူအဆသဘောတရားများသည်လည်း လိုက်ပါတိုးတက်ပြောင်းလဲလာနေပြီဖြစ်ကြောင်း၊ စစ်မှုဆိုင်ရာအတတ်ပညာများ သာမက နိုင်ငံတကာတွင် ဖြစ်ပေါ်တိုးတက်ပြောင်းလဲနေမှုများကိုလည်း စဉ်ဆက်မပြတ်လေ့လာပြီး မိမိနိုင်ငံတော်ကို ဘက်ပေါင်းစုံက ကာကွယ်နိုင်စွမ်းရှိအောင် လေ့ကျင့်ပြင်ဆင်ထားရန်လိုကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့နံနက်ပိုင်းတွင် အုတ်တွင်းတပ်နယ် တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်း၌ ကျင်းပသော ဗဟိုအဆင့်စစ်ရေးစွမ်းရည်အထောက်အကူပြု Professional Skills ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားသည်။

အဆိုပါ ဗဟိုအဆင့် စစ်ရေးစွမ်းရည်အထောက်အကူပြု Professional Skills ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံ၏ ကာကွယ်ရေးမူဝါဒသည် မည်သည့်နိုင်ငံကိုမျှ ကျူးကျော်ရန်မဟုတ်ဘဲ မိမိနိုင်ငံတော်ကို ကာကွယ်ရန်သာဖြစ်ကြောင်း၊ နိုင်ငံတော်ကို ကာကွယ်နိုင်ရန် တပ်မတော်ကို နိုင်ငံတကာစံချိန်စံညွှန်းနှင့်

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

# နှစ်ပေါင်းများစွာ မကျင်းပနိုင်ခဲ့သည့် အမျိုးသားအားကစားပွဲတော် ပြန်လည်ကျင်းပမည်

သတင်း-ချစ်ကိုကို ❖ ဓာတ်ပုံ-ရှိုင်းထက်ဇော်

တစ်နိုင်ငံလုံးမှ အားကစားသမားများဝင်ရောက်ယှဉ်ပြိုင်နိုင်သည့် အမျိုးသားအားကစားပွဲတော်ကို မကျင်းပနိုင်ခဲ့သည်မှာ ကြာမြင့်နေခဲ့ပြီဖြစ်သည်။ ၁၉၉၇ ခုနှစ်က နောက်ဆုံးကျင်းပခဲ့ပြီး ဆယ်နှစ်ကျော်ကြာ ကျင်းပနိုင်ခြင်းမရှိခဲ့ရာမှ ၂၀၁၅ ခုနှစ် နှစ်ဆန်းပိုင်းတွင် ပြန်လည်ကျင်းပနိုင်တော့မည်ဖြစ်သည်။

စင်ကာပူနိုင်ငံတွင် ကျင်းပမည့်(၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကြီးကို အထောက်အကူပြုနိုင်ရန်အတွက် အမျိုးသားအားကစားပွဲတော်ကို ပြန်လည်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။ အမျိုးသားအားကစားပွဲတော်ကို ယခင်က သုံးကြိမ်သာကျင်းပနိုင်ခဲ့ပြီး ယခုကျင်းပမည့်ပြိုင်ပွဲမှာ စတုတ္ထအကြိမ်မြောက် ကျင်းပသည့် ပြိုင်ပွဲဖြစ်လာမည်ဖြစ်သည်။ စတုတ္ထအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၁၈ ရက်အထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိကွင်း၊ လေ့ကျင့်ရေးကွင်းများ၊ ဝဏ္ဏသိဒ္ဓိ Indoor အားကစားရုံများ၊လယ်ဝေးကွင်း၊ ပေါင်းလောင်းကွင်း၊ ငလိုက်ဆည်တို့တွင် ကျင်းပသွားမည်ဖြစ်သည်။

အမျိုးသားအားကစားပွဲတော်တွင် အားကစားနည်း ၂၆ မျိုးထည့်သွင်းကျင်းပမည်ဖြစ်ပြီး ဆီးဂိမ်းပြိုင်ပွဲဝင်မည့် အားကစားနည်းအများစုပါဝင်လာသည်။ ပါဝင်မည့် အားကစားနည်းများမှာ ပြေးခုန်ပစ်၊ ကြက်တောင်၊ ဘတ်စကက်ဘော၊

**စာမျက်နှာ ၈ ကော်လံ ၃ သို့** ●



အမျိုးသားအားကစားပွဲတော်တွင် ပါဝင်မည့် အားကစားနည်းများ ပြိုင်ပွဲဝင်နေစဉ်။

ယနေ့ မာတိကာ


အခါမဲ့ မိုးလေကို အစဉ်သတိပြု

စာတည်းရှုထောင့် စာမျက်နှာ - ၂

ဘာလီမှသည် နေပြည်တော်သို့

ဆောင်းပါး စာမျက်နှာ - ၆


(၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး(အထူးထုတ်) လေးမျက်နှာ ပါရှိပါသည်။



# ဝန်ထမ်းအလိုရှိသည်

(1) Admin Supervisor M(1)Post
- ရုံးလုပ်ငန်းအတွေ့အကြုံရှိပြီး စီမံရေးရာနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်နိုင်သူ ဖြစ်ရမည်။
- စီမံရေးရာလုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၂)နှစ်ရှိရမည်။
- Microsoft Word,Excel, Internet & Email အသုံးပြုနိုင်ရမည်။ အသက်(၄၀)ကျော်သူ ဦးစားပေးမည်။

(2) Admin Staff M/F(2)Posts
- ရုံးလုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၁)နှစ်ရှိရမည်။
- Microsoft Word,Excel, Internet & Email အသုံးပြုနိုင်ရမည်။
- Store (သို့) Stock ကိုင်ဖူးသူ ဦးစားပေးမည်။

(3) Sales & Marketing Manager M/F(1)Post
- Quarterly နှင့် Annual Marketing Budget ကို ပြုစုတင်ပြနိုင်သူ ဖြစ်ရမည်။
- အရောင်းဝန်ထမ်းများကို တာဝန်ချထားပေးခြင်း၊ ၎င်းတို့၏ Performance ကို စောင့်ကြည့်ပြီး ကြီးကြပ်နိုင်သူဖြစ်ရမည်။

(4) Sales M/F(2)Posts
- အရောင်းနှင့်ပတ်သက်သည့်လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၁)နှစ်ရှိသူ ဖြစ်ရမည်။
- လိုအပ်လျှင် နယ်သို့ခရီးသွားလာနိုင်သူ ဖြစ်ရမည်။

အမှတ်စဉ်(၁၊ ၂၊ ၄)တို့သည် ရွှေလင်ဗန်းစက်မှုဇုန်၊ လှိုင်သာယာတွင်လည်းကောင်း၊ အမှတ်စဉ်(၃)သည် အောက်ဖော်ပြပါရုံးတွင်လည်းကောင်း တာဝန်ထမ်းဆောင်ရမည်။

**"Advanced Stainless Steel Co.,Ltd"**

**အမှတ်(၅၈၈)၊ ၄လွှာ၊ ကမ်းနားလမ်းနှင့် ၇ လမ်းထောင့်၊ လမ်းမတော်မြို့နယ်။**

**(Columbus Travels ၏အောက်ခန်း)ဖုန်း-၀၁-၂၂၈၄၄၅**

---

## CWP

## အရှေ့အနောက်ပါရမီဆေးရုံနှင့်အထူးကုဆေးခန်း

အရှေ့အနောက်ပါရမီဆေးရုံနှင့် အထူးကုဆေးခန်းတွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါဝန်ထမ်းများအလိုရှိသည်။

၁။ Medical Officer ကျား/မ (၂) ဦး
- ဆေးပညာဘွဲ့(M.B.,B.S)ရရှိသူ ဖြစ်ရမည်။
- မြန်မာနိုင်ငံ ဆေးကောင်စီလက်မှတ်(ဆမ)ရရှိသူ ဖြစ်ရမည်။

၂။ ဆေးဝါးကျွမ်းကျင်ဝန်ထမ်း(Pharmacist) မ (၂) ဦး
- ဆေးဝါးတက္ကသိုလ်မှဘွဲ့(B.Pharm)ရရှိသူ ဖြစ်ရမည်။

၃။ ဆေးအရောင်းဝန်ထမ်း(Pharmacy Sales Staff) မ (၂) ဦး
- ဆေးဝါးကျွမ်းကျင်သင်တန်းအောင်လက်မှတ်ရရှိသူဖြစ်ရမည်။
- တက္ကသိုလ်မှ ဘွဲ့ရရှိသူဖြစ်ရမည်။

၄။ လုံခြုံရေးဝန်ထမ်း(Security) ကျား (၃) ဦး
- ရိုးသားကြိုးစား၍ အထက်လူကြီး၏အမိန့်ကို နာခံတတ်သူဖြစ်ရမည်။
- ပညာအရည်အချင်း အလယ်တန်းအဆင့်အောင်ရမည်။
- အသက်(၁၈)နှစ်ပြည့်ပြီးသူ ဖြစ်ရမည်။

အမှတ်စဉ်(၁)မှ (၃)အထိ ကွန်ပျူတာကျွမ်းကျင်သူကို ဦးစားပေးမည်။ အမှတ်စဉ်အားလုံးအတွက် ကိုယ်ရေးရာဇဝင်၊ မှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်နှင့် ရဲစခန်းထောက်ခံစာမူရင်း၊ (၆)လအတွင်း ရိုက်ကူးထားသော ပတ်စပို့ဆိုဒ်ဓာတ်ပုံ(၂)ပုံ၊ သက်ဆိုင်ရာဘွဲ့(သို့) အောင်လက်မှတ်မိတ္တူတို့နှင့်အတူ လာရောက်လျှောက်ထားနိုင်သည်။ နေ့/ညမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ ဒဂုံမြို့သစ်(မြောက်ပိုင်း)အနီးတစ်ဝိုက်တွင် နေထိုင်သူနှင့် လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။

**(လျှောက်လွှာပိတ်ရက် ၃၀-၁၁-၂၀၁၄)ရက်**

**အရှေ့အနောက်ပါရမီဆေးရုံနှင့် အထူးကုဆေးခန်း**

**အမှတ်(၆၃၄/၆၃၅)၊ ခါတော်မီလမ်း၊ (၃၆)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်။**

**ဖုန်း-၀၁-၅၈၄၁၁၀၊ ၅၈၄၀၅၄၊ ၈၀၀၀၄၇၈၊ ၀၉-၂၅၀၀၇၈၀၁၃၆**

**လိုင်းခွဲ-၂၀၀၊ ၄၀၀၊ ၅၀၀၊ ၅၅၅၊ ၆၀၀**

---

## Compass Co.Ltd.

Ph : 01-2301321

Branded Fashion

1. Accountant မ (၂)ဦး
2. Marketing Executive ကျား (၂)ဦး
3. Sale Representative ကျား (၅)ဦး
4. Merchandiser ကျား (၂)ဦး
5. Graphic Designer ကျား (၁)ဦး
   Photoshop, Illustrator ... Design ... Creation Skill ...
6. Inventory Controller မ (၈)ဦး
7. Warehouse Staff ကျား (၃)ဦး
8. Driver ကျား (၂)ဦး

---

ဝန်ထမ်းအလိုရှိသည်

၁။ Marketing ကျား/မ (၃ ဦး)
၂။ Accountant မ (၁ ဦး)
၃။ ကျား (၂ ဦး)

Phone - 09 - 425279000
09 - 30090311
09 - 5280514

---

## Top Three Co.,Ltd.

Top Three Co.,Ltdသည် လုပ်ငန်းများတိုးချဲ့ရန် အောက်ဖော်ပြပါဝန်ထမ်းများ လိုအပ်လျက်ရှိပါသည်။

1. Marketing Supervisor ကျား/မ(၅)ဦး
   - တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိပြီး၊ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိရမည်။ နယ်ထွက်နိုင်ရမည်။
2. Marketing Staff ကျား/မ(၃၀)ဦး
   - ၁၀တန်းအောင်(သို့) ဘွဲ့ရဖြစ်ရမည်။ နယ်ထွက်နိုင်ရမည်။
3. Assistant Accountant မ(၂)ဦး
   - စီးပွားရေးနှင့်ပတ်သက်သော ဘွဲ့တစ်ခုခုရရှိသူ ဖြစ်ရမည်။

**နေပြည်တော်ရုံးခွဲတွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါ ဝန်ထမ်းများ လိုအပ်လျက်ရှိပါသည်။**

1. Admin Assistant မ(၂)ဦး
   - ဘွဲ့ရဖြစ်ရမည်။ နေပြည်တော်တွင် နေထိုင်နိုင်သူ (သို့) နေပြည်တော်တွင် နေထိုင်သူ ဖြစ်ရမည်။
2. Marketing Staff ကျား/မ(၁၀)ဦး
   - ၁၀ တန်းအောင် (သို့)ဘွဲ့ရဖြစ်ရမည်။ နယ်ထွက်နိုင်ရမည်။
   - နေပြည်တော်တွင် နေထိုင်နိုင်သူ (သို့) နေပြည်တော်တွင် နေထိုင်သူ ဖြစ်ရမည်။

စိတ်ဝင်စားသူများ ဓာတ်ပုံ(၁)ပုံ၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်း၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာမိတ္တူများနှင့် အောက်ဖော်ပြပါ လိပ်စာ(သို့)အီးလ်မေးသို့(၂)ပတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

**အမှတ်(၂၀)၊ ဝဏ္ဏဝင်လမ်း၊ လှိုင်သာယာစက်မှုဇုန်(၅)၊ လှိုင်သာယာမြို့နယ်။**

**ဖုန်း-၀၉-၄၂၀၀၅၀၂၈၀၊ ၀၉-၃၀၃၃၅၀၀၅၊ ၀၉-၂၅၄၄၄၈၆၃၆**

**Email:topthreemyanmar@gmail.com, info@city-lubricants.com**

---

ဝန်ထမ်းအလိုရှိသည်

(1) Project Engineer (M) (1) Post B.E/M.E/AGTI (EP)
(2) Site Engineer (M) (2) Posts B.E/B.Tech/AGTI (EP)
(3) Quantity Surveyor (M/F) (1) Post B.E/B.Tech/AGTI (EP)

AUTHENTIC CONSTRUCTION CO.,LTD

---

## Pretty Paragon Textile Co., Ltd

## Kerismas Batik & Beauty Queen Batik

---

## ဝန်ထမ်းအလိုရှိသည်

၁။ Sales & Marketing Manager
၂။ Sales & Marketing Executive
၃။ Operation Manager

# မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ကမာ္ဘအေးဗီလာနေ ဗိုလ်မှူးချုပ်ကိုကိုဝင်း-ဒေါ်အေးအေးမွန်တို့၏ သားလှရတနာ

## ဗိုလ်ဝဏ္ဏကိုကို

**M.B.,B.S(D.S.M.A)**

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ မြကန်သာဥယျာဉ်အိမ်ရာနေ

ဦးတင်ဝင်း M.D(Yadanar Steel Group Co.,Ltd)-ဒေါ်သန်းသန်းထွေးတို့၏ သမီးလှရတနာ

## ဒေါက်တာဖူးပွင့်သင်း

**M.B.,B.S**

**Director (Yadanar Steel Group Co.,Ltd)**

တို့၏ ၂-၁၁-၂၀၁၄ရက်(တနင်္ဂနွေနေ့) Sedona Hotel (Grand Ballroom)၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲတွင်ကြွရောက်ချီးမြှင့်ပေးပါသော နှစ်ဖက်မိဘဆွေမျိုးမိတ်သင်္ဂဟများ၊ စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများ၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်များ ဆင်မြန်းပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်(ငြိမ်း)နှင့် ဇနီးဒေါက်တာဒေါ်တင်လင်းမြင့်အားလည်းကောင်း၊ ၂၉-၁၀-၂၀၁၄(ဗုဒ္ဓဟူးနေ့)တွင် ဇေယျာသိဒ္ဓိစာသင်တိုက်၌ ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော နှစ်ဖက်သောမိဘဆွေမျိုးမိတ်သင်္ဂဟများ၊ စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ ၃၁-၁၀-၂၀၁၄(သောကြာနေ့) Sedona Hotel (ဒဂုန်ခန်းမ)တွင် ကျင်းပပြုလုပ်သည့် မင်္ဂလာမော်ကွန်းတင်အခမ်းအနားတွင် လက်မှတ်ရေးထိုးပေးပါသော ဦးဝင်းဆွေ(တရားသူကြီးချုပ်) ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်အားလည်းကောင်း၊ မင်္ဂလာအသိသက်သေများအဖြစ် ဆောင်ရွက်ပေးပါသော ဗိုလ်မှူးချုပ်မြင့်စိုး(ငြိမ်း)နှင့် ဦးသန်းဝင်းအားလည်းကောင်း၊ မင်္ဂလာမော်ကွန်းတင်အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်သူလင်းအားလည်းကောင်း၊ မင်္ဂလာမော်ကွန်းတင်အခမ်းအနားတွင် အဆင်ပြေအောင် ဆောင်ရွက်ပေးပါသော ဒေါ်ခင်ခင်တော်(လက်ထောက်ညွှန်ကြားရေးမှူး)ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်အားလည်းကောင်း၊ မင်္ဂလာအခါတော်တေးသီဆိုပေးပါသော အကယ်ဒမီများရှင် ဒေါ်ချိုပြုံး၊ မင်္ဂလာတေးသံသာများ တီးခတ်ပေးပါသော (The Ace)တေးဂီတအဖွဲ့တို့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော ဒေါက်တာခင်လင်းမော်၊ မမြတ်ဆုမွန်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးပါသော မကြည်ပြာအောင်မျိုး၊ မင်္ဂလာလက်စွပ်ကလပ်ကိုင်ဆောင်ပေးပါသော မနိုနိုကေဦး၊ မင်္ဂလာသတို့သားအရံများဖြစ်သော ဗိုလ်ကျော်မင်းဇံနှင့် ဗိုလ်ချစ်ကိုကို၊ မင်္ဂလာသတို့သမီးအရံများဖြစ်သော ဒေါက်တာထက်ထက်ခိုင်နှင့် ဒေါက်တာခင်လှလှတို့အားလည်းကောင်း၊ မင်္ဂလာပန်းအလှဆင်ပေးပါသော (Eternal Floral)အားလည်းကောင်း၊ မေတ္တာဖြင့် ပိုးထည်များနှင့် ရတနာများဆင်မြန်းပေးပါသော အန်တီဒေါ်နီလာစိန်၊ မြောက်ကျွန်းသူ ပိုးထည်တိုက်မှ အန်တီသန္တာပြုံးအားလည်းကောင်း၊ မင်္ဂလာလက်ဝတ်ရတနာများကို မေတ္တာဖြင့်ဆင်မြန်းပေးပါသော(စကြာရွှေရည်) ရတနာဆိုင်မိသားစုနှင့် Bewitch မိသားစုအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားများတွင် မင်္ဂလာသတို့သမီးဝတ်စုံ ဖန်တီးချုပ်လုပ်ပေးပါသော Designer မင်းသက်စံ(Sweet & Smart)အားလည်းကောင်း၊ အရံသတို့သမီးဝတ်စုံများ ဖန်တီးချုပ်လုပ်ပေးပါသော Designer မေမြတ်ဝါဆို (Happy Heart)အားလည်းကောင်း၊ မိတ်ကပ်မေဦးမောင်(တော်ဝင်သူ)နှင့်အဖွဲ့၊ မိတ်ကပ်ကိုဦး(ခင်စန်းဝင်း)နှင့်အဖွဲ့၊ Pre Wedding Photos ရိုက်ကူးပေးပါသော 7 Picture အဖွဲ့၊ မင်္ဂလာမှတ်တမ်းတင်ဗီဒီယိုနှင့်ဓာတ်ပုံရိုက်ကူးပေးပါသော ကိုနိုင်နိုင်ထွန်း (Exposure)နှင့်အဖွဲ့၊ မင်္ဂလာဖိတ်စာများ ရိုက်နှိပ်ပေးပါသော Lucky Prize အားလည်းကောင်း၊ ၃-၁၁-၂၀၁၄ရက် Summit Parkview Hotel ညစာစားပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော မိတ်ဆွေသူငယ်ချင်းများအားလည်းကောင်း၊ လူကိုယ်တိုင်ကြွရောက်မချီးမြှင့်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာစားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံပေးပါသော Sedona Hotel မှ မန်နေဂျာ၊ ဝန်ထမ်းများအားလည်းကောင်း၊ အဘက်ဘက်မှ ကူညီပံ့ပိုးပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးအား အထူးပင်လှိုက်လှဲစွာ ကျေးဇူးတင်ရှိအပ်ပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်ဝဏ္ဏကိုကို-ဒေါက်တာဖူးပွင့်သင်း**


ကိုးဘဲ့ရှိပိသော၌ အမြတ်ဆုံး သိမ်၊ ဘုရား၊ ကျောင်း ဒကာခံယူပါ။

ပိတ်ကျော်ဆိုင်

၀၉၅ ၀၉၅ ၀၉၅, 01-682944

ရွှေပလ္လင်

TEA. COFFEE. NOODLES.

ဆိုင်(၁) ဟံသာဝတီလမ်း 538736, 527850

ဆိုင်(၂) Ocean (North Point)

ဆိုင်(၃) Junction - 8

ဆိုင်(၄) Junction - Square

ဆိုင်(၅) Junction - Maw Tin

ဆိုင်(၆) City Mart

"လက်ဖက်ရည်"

အရမ်းကောင်းဆိုပဲ!


# လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ FMI City နေ

ဦးထွန်းအောင်-ဒေါ်မိမိတို့၏ တစ်ဦးတည်းသောသား

## မောင်စိုးမိုးအောင်

**B.E(Electronics)၊ ရန်ကုန်နည်းပညာတက္ကသိုလ်**

**M.Sc(Computer Control & Automation),Nanyang Technological University Project Manager-Semco Maritime Pte Ltd**

နှင့်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ၃၄ရပ်ကွက်နေ

(ဦးတင်မောင်ဝင်း)-ဒေါ်မြင့်တို့၏သမီးလတ်

## မစုသွယ်သွယ်ဝင်း

**B.Sc(Computing & Information Systems),Oxford Brookes University**

**Master of Computing, National University of Singapore**

**Senior Manager-PricewaterhouseCoopers LLP**

တို့အား ၂၀၁၄ခုနှစ်၊ မေလ ၂၄ရက် စင်ကာပူနိုင်ငံ Nanyang Technological University Alumni Office တွင် နှစ်ဖက်သောမိဘများရှေ့မှောက်၌ ထိမ်းမြားမင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုး လက်ထပ်ခဲ့ပြီးဖြစ်ပါသည်။ ၂၀၁၄ခုနှစ်၊ နိုဝင်ဘာလ ၉ရက် စင်ကာပူနိုင်ငံ Hilton Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသော နှစ်ဖက်သောမိဘများ၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ကူညီပေးခဲ့သော သူငယ်ချင်းများ၊ မင်္ဂလာညှော်ခံပွဲအောင်မြင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသော မိဘဆွေမျိုး၊ မိတ်သင်္ဂဟများအား အထူးပင် လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်စိုးမိုးအောင်-မစုသွယ်သွယ်ဝင်း**


YCTC Business Institute

Association of Business Executives (ABE)

Higher Diploma in Business Management

Graduate Diploma in Business Management

December Intake

Installment Plan Available !!

Study Grant for Outstanding Students !!

Ph : (01) 542033, (09) 4201 8100, (09) 250640429

၁၂ နှစ်ပြည့်အကြိုအခြိမ်

မိတ်ဆွေကောင်းမိတ်သင်္ဂဟများအား Container သဘောကို

အထူးသက်သာသောဈေးနှုန်းဖြင့် ကြိုဆိုဆောင်းရွက်ပေးနေပါပြီ

Yangon → Singapore
→ Malaysia : Portklang, Penang, Sibu, Kota Kinabalu
→ Vietnam : Hochiminh City, Haiphong
→ Thailand : Bangkok
→ India : Chennai, Nhavasheva, Calcutta, ICD Ports
→ China : Shanghai, Wenzhou, Qingdao, Guangzhou
→ Gulf Ports & Middle East Ports
→ Korea : Busan, Incheon

Integrated Shipping Co.,Ltd.

No.95, ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

Ph : 01-299559, 201663, 398525,

ကိုထက်အောင်ဌေး 09-43185086

# ဒေါ်သူဇာဝင်း (စာရင်းကိုင်သင်တန်း)

# LCCI I,II,III
## MYOB & AutoCount

June 2015 Series ... December ...

(ကျောင်းအပ်လက်ခံပြီ)

Ph: 09-5024621, 09-5402724, 09-250371045


## ပျောက်ဆုံးကြောင်း

လှိုင်သာယာမြို့နယ်၊ အမှတ်(၄၉၃/ခ)၊ ဂန္ဓမာလမ်း၊ ညောင်ကျေးရွာနေ ဒေါ်နုနုရီ (ဘ)ဦးပွကြီး [၁၂/လသယ(နိုင်)၀၂၁၁၅၉] ကိုင်ဆောင်သူ၏ မြေချပါမစ်မူရင်းနှင့် အမှတ်(၅၆၇/ခ)၊ ပိတောက်ရွှေဝါလမ်းသွယ်(၂)လမ်း၊ ညောင်ကျေးရွာ၏ အမည်ပေါက် မြေပိုင်ဆိုင်မှု စလစ်ပြား တို့မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၃၁၆၀၀၆၄


## အိမ်ရောင်းမည်

အင်းစိန်မြို့နယ်၊
နံ့သာကုန်းရပ်ကွက်၊
မင်္ဂလာလမ်း၊
Ph: 01-646593, 09-8550540

## ရောင်းမည်

ကုန်းတလဘောင်(မင်္ဂလာဒုံ)
ရွှေစေတီ(၃)လမ်း
(ပေ ၆၀× ၆၅ပေ)
Ph:09-73203718, 09-254270518

## မြေကွက်ဝယ်လိုသည်

09 255781353
09 250644566
09 254046497



# "စိန်ပင်လယ်" စိန်ရွှေရတနာဆိုင်

1. Junction Square Center,(C-049)
2. AKK Shoping Mall, B-1
3. ... Myanmar Culture Valley.


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁ဘီ၊ မြေကွက်အမှတ် ပဥ္စမတန်းစား၊ ၄၇၁-အေ၊ မြေကွက်တည်နေရာ (၆၆)၊ လမ်း-၁၂၀၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (ဦးမောင်မောင်)အမည်ပေါက် နှစ်(၉၀)ဂရန်မြေအား အမည်ပေါက် ဦးမောင်မောင်ထံမှ အရောင်းအဝယ်စာချုပ်(၁၈၇၂/၁၇-၅-၀၇) အရဦးဘရွှေမှ ပိုင်ဆိုင်လာပြီး ဦးဘရွှေကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်အဘီဒါဘီဘီ[၁၂/မဂတ(နိုင်)၀၇၅၉၆၄]နှင့် သားသမီးများ မောင်ဘထွန်း[၁၂/မဂတ(နိုင်)၀၈၉၆၆၃]၊ မခိုင်ရွှေဝင်း [၁၂/မဂတ(နိုင်)၀၉၄၀၉၉]၊ မနီလာဝင်းရွှေ[၁၂/မဂတ(နိုင်)၀၉၉၅၃၃]တို့မှ ဇနီးနှင့် သားသမီးများတော်စပ်ကြောင်း ကတိသစ္စာပြုလွှာနှင့် သေစာရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**


UMA

Aptis Test သမ္မတပညာသင်ဆု

5:00 to 6:30pm

K100,000 (Daily)



## စာအုပ်စာပေ လှူမိတ်ဆွေ



# ပညာရေးဝန်ကြီးဌာန
## အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်
## National Management College (NMC)

### ADVANCED DIPLOMA IN BUSINESS MANAGEMENT
နှင့်
### ADVANCED DIPLOMA IN FINANCE & BANKING

အမှတ်စဉ် (၁) သင်တန်းသားများ စလျှောက်လွှာခေါ်ယူခြင်း

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် နှင့် STI Myanmar University တို့ ပူးပေါင်း၍ ...

(က) Advanced Diploma in Business Management (ADBM)
(ခ) Advanced Diploma in Finance and Banking (ADFB)

... DBM နှင့် DFB ...

... The Open University of Hong Kong ၏ Bachelor of Business Administration (Finance and Banking/Management) BBA ...

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် STI Myanmar University



# Lotus
School of Hospitality

(Front Office Operation)
(Housekeeping Operation)
(Food & Beverage Service)
(Bartending)
(International Culinary Arts)
(International Bakery & Pastry)
(Hotel Management)
(Grammar and Conversational English)


## မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှု အများပိုင်ကုမ္ပဏီလီမိတက်
**Myanma Tourism Development Public Co.,Ltd.**
## ဝန်ထမ်းအလိုရှိသည်

Project Engineer/Site Engineer (ကျား/မ-၁ဦး)

- B.E(Civil)/M.E(Civil)ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
- အသက်(၃၀)နှစ်မှ (၄၅)နှစ်ကြားရှိသူဖြစ်ရမည်။
- သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၅)နှစ်နှင့်အထက် ရှိရမည်။
- Analytical Skill, Design Skill, Project Management, Process Improvement, Technical Understanding, Documentation Skill and Safety Management တို့ကို ကောင်းမွန်စွာနားလည်ဆောင်ရွက်နိုင်သည့် အရည်အချင်းရှိရမည်။
- လုပ်ငန်းသုံးကွန်ပျူတာ [AutoCAD(2D/3D), MS.Office, M&E]ကို ကောင်းမွန်စွာ အသုံးပြုနိုင်ရမည်။
- မန္တလေး၊ တံတားဦးမြို့တို့တွင် သွားရောက်နေထိုင်နိုင်ပြီး ခရီးသွားနိုင်သူဖြစ်ရမည်။
- ညှိနှိုင်းလစာစနစ်ဖြင့် ရွေးချယ်ခံရသူအား အလုပ်ခန့်အပ်သွားမည်ဖြစ်ပါသည်။
- လျှောက်လွှာများအား ၁၉-၁၁-၂၀၁၄ ရက် နောက်ဆုံးထားပေးပို့ရမည် ဖြစ်ပါသည်။

**ဆက်သွယ်ရန်လိပ်စာ**

အမှတ်(၃-က)၊ သံသုမာလမ်းနှင့် ဝေဇယန္တာလမ်းထောင့်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၁-၈၅၅၁၀၁၃၊ ၅၆၁၅၀၁
Email:mtdc.ygnoffice@gmail.com

## ကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်းကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဒေါ်မာဂရက်(ယူအာရ်ဂျီအင်န်-၀၀၉၆၀၈)(ဘ)ဦးသောမတ်စ်၊ မမြနန်းကေသီ(ခ) FLORENCE (အိပ်ချ်အယ်လ်ဂျီ-၀၃၉၇၇၈) (ဘ)ဦးဇော်သန့်နှင့် မောင်ရန်ပိုင်ထွန်း(ခ) GILBERT (အိပ်ချ်အယ်လ်ဂျီ-၀၃၉၇၇၉)(ဘ)ဦးဇော်သန့်၊ အမှတ်-၃၁၂၊ ကမ်းနားလမ်း၊ လင်းစဒေါင်းကားဂိတ်ရှေ့၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့နေသူတို့က ဦးဂျွန်ပေါလ်[၁၂/ဒဂမ(နိုင်)၀၁၃၅၀၉](ဘ)ဦးအေစီဘတ်စ်စတီယံနှင့် ဒေါ်ရီတာ[၇/ပခန(နိုင်)၁၈၂၅၁၇] (ဘ)ဦးလှထွန်း၊ တိုက်-၅၉(အေ)၊ မြေညီထပ်၊ ပေ-၅၀လမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ လှည်းတန်းဈေး၊ ရန်ကုန်မြို့တွင် နေထိုင်သူတို့အား ၁-၄-၂၀၁၄ရက်တွင် ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ အထွေထွေကိုယ်စားလှယ်လွှဲစာမှတ်ပုံတင်အမှတ်-၉၄၄၇/၂၀၁၄ဖြင့်လည်းကောင်း၊ ဦးဝင်းမောင်(ခ)ဦးယာယာခန်း (အမ်ဒီဒဗလျူ-၂၄၈၇၄၃)၊ အမှတ်-၁၄၉၊ ဒု-ထပ်၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ နေထိုင်သူအား ၁-၄-၂၀၁၄ရက်တွင် ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ အထွေထွေကိုယ်စားလှယ်လွှဲစာမှတ်ပုံတင်အမှတ်-၉၄၄၈/၂၀၁၄ဖြင့် လည်းကောင်း လွှဲပေးခဲ့သည့် အထွေထွေကိုယ်စားလှယ်လွှဲစာအား ရုပ်သိမ်းလိုက်ပါကြောင်းနှင့် အဆိုပါကိုယ်စားလှယ်လွှဲစာဖြင့် မည်သည့်ဆောင်ရွက်မှုကိုမျှ ဆောင်ရွက်ခွင့်မရှိပါကြောင်း သက်ဆိုင်ရာရုံးအသီးသီးနှင့် အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဦးမြင့်သောင်း** | **ဒေါ်ကျော့ကျော့ဝေ** | **ဒေါ်အေးအေးလှ** |
| **(B.Sc; D.A;R.L)** | **(LL.B;D.B.L)** | **(LL.B)** |
| **စဉ်-၄၀၄၄** | **စဉ်-၇၈၉၂** | **စဉ်-၃၅၉၇၉** |
| **တရားလွှတ်တော်ရှေ့နေများ** | | **အထက်တန်းရှေ့နေ** |

**အမှတ်(၂၀၃)၊ (၃)လွှာ၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

ကြေးမုံ
(၂၅)ကြိမ်မြောက်
အာဆီယံထိပ်သီးအစည်းအဝေး
JPM for 25th ASEAN Summit
MYANMAR, 2014
နိုဝင်ဘာ ၁၁ ရက် ၂၀၁၄ ခုနှစ် (အင်္ဂါနေ့)
အထူးထုတ်




(၂၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ကြမည့် နိုင်ငံ့ခေါင်းဆောင်များ၏ လုံခြုံရေးတာဝန်ထမ်းဆောင်ကြမည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အထူးတာဝန်တပ်ဖွဲ့ဝင်များ၏ ကြိုတင်လေ့ကျင့်နေမှုကို တွေ့ရစဉ်။

# အာဆီယံနိုင်ငံသား ကျွန်တော်

မောင်ဘုန်းသိမ်

**"အာဆီယံ"၊ "ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များအားနွေးထွေးစွာ ကြိုဆိုပါ၏"၊ "ရှေ့သို့တူညီ တက်လှမ်းချီ ငြိမ်းချမ်းဝေစည် အာဆီယံအသိုက်အဝန်းဆီ" ဆိုတဲ့ စာလုံးလေးတွေကို ဒီနှစ်ထဲမှာ ကျွန်တော် မကြာခဏ ကြားနေရတာပါ။ ဒါပေမဲ့ အဓိပ္ပာယ်ကို သေချာနားလည်သဘော မပေါက်ခဲ့ပါ။ စိတ်လည်း မဝင်စားမိခဲ့ပါ။ ကျွန်တော်တို့ မိသားစုလေးဟာ လက်လုပ်လက်စား လူတန်းစားထဲမှာ ပါဝင်ပါတယ်။ မိသားစုစားဝတ်နေရေးသာ အဓိကကျတဲ့ ကျွန်တော်အဖို့ တက္ကသိုလ်ဝင်တန်းအောင်ခဲ့ပေမဲ့ မိသားစုစားဝတ်နေရေးချောင်လည်ဖို့အတွက် ကျောင်းဆက်မတက်ဖြစ်ခဲ့ဘဲ ဝမ်းရေးကိုသာ ဦးစားပေးခဲ့ရပါတယ်။**

တနေ့ ကျွန်တော် အလုပ်ကိစ္စနဲ့ နေပြည်တော်ကိုရောက်တဲ့အခါမှာ တစ်လမ်းတည်းနေခဲ့တဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနမှာ အလုပ်လုပ်နေတဲ့သူငယ်ချင်းနဲ့ သပြေကုန်းဈေးထဲမှာမထင်မှတ်ဘဲ ပြန်လည်ဆုံဆည်းခဲ့ပါတယ်။ ငယ်သူငယ်ချင်းနှစ်ဦး လက်ဘက်ရည် အတူသောက်ရင်း ရှေးဟောင်းနှောင်းဖြစ်တွေ ပြောကြရင်းစကားစမြည်ပြောဖြစ်ခဲ့ပါတယ်။ စကားပြောကြရင်း နေပြည်တော် လမ်းတစ်လျှောက်မှာရှိတဲ့ ကြိုဆိုရေးမုဒ်ဦးတွေနဲ့ ပွဲနိုင်းများအကြောင်း ရောက်သွားကြပါတယ်။ ဒီအခါကြမှ သတင်းစာတောင်မှန်မှန်မဖတ်ဖြစ်ခဲ့တဲ့ ကျွန်တော်ဟာ အာဆီယံဆိုတဲ့ စကားလုံးကို ထိုသူငယ်ချင်းရဲ့ကျေးဇူးနဲ့ နားလည်သဘောပေါက်ခဲ့ပါတယ်။

အာဆီယံဆိုတာ အရှေ့တောင်အာရှမှာ ရှိတဲ့ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မြန်မာ၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ် စတဲ့ နိုင်ငံ (၁၀) နိုင်ငံဖြင့် ဖွဲ့စည်းထားတဲ့ အရှေ့တောင်အာရှ နိုင်ငံများအသင်းကိုခေါ်တဲ့ အတိုကောက် စကားလုံးတဲ့။ အဖွဲ့ဝင်နိုင်ငံတွေထဲက နိုင်ငံတစ်နိုင်ငံစီမှ အာဆီယံဥက္ကဋ္ဌတာဝန်ကို အလှည့်ကျထမ်းဆောင်ပြီး အစည်းအဝေးတွေကို လက်ခံပြီး ဦးဆောင်ကျင်းပလေ့ရှိတယ်တဲ့။ အာဆီယံကို ၁၉၆၇ ခုနှစ်ကတည်းက တည်ထောင်ခဲ့ပြီး၊ မြန်မာနိုင်ငံက ၁၉၉၇ ခုနှစ်မှာ အဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့တာတဲ့။ လွန်ခဲ့တဲ့ (၁၇)နှစ်ကတည်းက အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ပေမဲ့ အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ကို ဒီနှစ် ၂၀၁၄ ခုနှစ်မှ ပထမဦးဆုံးစတင်ထမ်းဆောင်နိုင်တာတဲ့။ ကျွန်တော် နည်းနည်းတော့ အံ့သြသွားပါတယ်။ ၁၉၉၇ ခုနှစ်ကတည်းက အဖွဲ့ဝင်ဆိုရင် အနည်းဆုံး တစ်ကြိမ်တော့ ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ပြီးဖြစ်ရမှာပေါ့။ သူငယ်ချင်းက ဆက်ပြီးရှင်းပြပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အလှည့်ကျဥက္ကဋ္ဌတာဝန်ကို ၂၀၀၆ ခုနှစ်မှာ ထမ်းဆောင်ရမှာဖြစ်ပေမယ့် အဲဒီအချိန်တုန်းက နိုင်ငံတော် ရှေ့ဆက်သွားမယ့် လမ်းပြမြေပုံ (၇)ရပ်ကို အကောင်အထည်ဖော်နေဆဲဖြစ်လို့ ဖိလစ်ပိုင်နိုင်ငံကို လွှဲပြောင်းပေးခဲ့တာတဲ့။



မြန်မာနိုင်ငံအနေနဲ့ ၂၀၁၆ ခုနှစ်မှ အာဆီယံအလှည့်ကျဥက္ကဋ္ဌရာထူးကို ထမ်းဆောင်ဖို့ နောက်တစ်ကြိမ် အလှည့်ကျမှာဖြစ်ပေမဲ့ ၂၀၀၆ ခုနှစ်ကတည်းက အာဆီယံနိုင်ငံခြားရေးဝန်ကြီးတွေက မြန်မာနိုင်ငံအနေနဲ့ အာဆီယံဥက္ကဋ္ဌရာထူးကိုတာဝန်ယူဖို့ အဆင်သင့်ဖြစ်တဲ့အချိန်မှာ ဥက္ကဋ္ဌရာထူးကို ထမ်းဆောင်နိုင်တယ်လို့ သဘောတူညီခဲ့ကြတယ်တဲ့။ ဒီလိုနဲ့ ၂၀၁၁ ခုနှစ် ပြည်ထောင်စုအစိုးရအဖွဲ့သစ်ပေါ်ပေါက်လာခဲ့ပြီးနောက်ပိုင်း နိုင်ငံတော်အစိုးရနေနဲ့ အာဆီယံဥက္ကဋ္ဌရာထူးကို ထမ်းဆောင်ဖို့အသင့်ဖြစ်ပြီဖြစ်တဲ့အတွက် အာဆီယံဥက္ကဋ္ဌတာဝန် ထမ်းဆောင်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် ကော်မတီတစ်ရပ်ကို ၂၀၁၁ ခုနှစ် ဧပြီလတွင်းမှာ ဖွဲ့စည်းခဲ့တယ်တဲ့။ စာမျက်နှာ ၂ သို့ » »

နိုဝင်ဘာ ၁၁ ရက်၊ ၂၀၁၄



(၂၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိမှုကို တွေ့ရစဉ်။

# အာဆီယံနိုင်ငံသား ကျွန်တော်

» » ရှေ့ဖုံးမှ

၂၀၁၁ ခုနှစ် နိုဝင်ဘာလအတွင်းက ဘာလီမြို့မှာ ကျင်းပခဲ့တဲ့ အာဆီယံထိပ်သီး အစည်းအဝေးမှာ ၂၀၁၄ ခုနှစ်မှာ မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌရာထူးကိုတာဝန်ယူဖို့ အာဆီယံခေါင်းဆောင်တွေက တစ်ညီတစ်ညွတ်တည်း သဘောတူခဲ့ကြတာတဲ့။ မြန်မာနိုင်ငံအနေနဲ့ အာဆီယံဥက္ကဋ္ဌရာထူးတာဝန်ထမ်းဆောင်တာဟာ အာဆီယံပဋိညာဉ်စာတမ်းအရ အာဆီယံအဖွဲ့ဝင်တစ်ဦးရဲ့တာဝန်ကို ထမ်းဆောင်တာဖြစ်သလို မြန်မာနိုင်ငံရဲ့ လွတ်လပ်၊ တက်ကြွပြီး ဘက်မလိုက်တဲ့ နိုင်ငံခြားရေးမူဝါဒနဲ့အညီ အာဆီယံရေးရာတွေမှာ မြန်မာနိုင်ငံက ဦးဆောင်မှုအခန်းကဏ္ဍမှာ ပါဝင်ဖို့ကြိုးပမ်းခြင်း ဖြစ်တယ်တဲ့။

အာဆီအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံနဲ့ အာဆီယံဥက္ကဋ္ဌတာဝန်ထမ်းဆောင်နိုင်ခြင်းဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းရပ်တွေမှာ မြန်မာနိုင်ငံအနေနဲ့ အကျိုးကျေးဇူးတွေ အများကြီးရတယ်တဲ့။ ထိုအခါမှာ ကျွန်တော် နည်းနည်းတော့ နားရှုပ်သွားပြီး သူငယ်ချင်းကို ငါတို့လို လူတွေနားလည်အောင်သာ ရှင်းပြပါလို့ ပြောရပါတော့တယ်။ အဲတော့ သူငယ်ချင်းက အခုလိုရှင်းပြပါတယ်။

"နိုင်ငံရေး အကျိုးအမြတ်တွေရတယ်ဆိုတာကတော့ အာဆီယံအနေနဲ့ မြန်မာနိုင်ငံအပေါ် အနောက်နိုင်ငံတွေက ဝေဖန်တိုက်ခိုက်နေတဲ့ကြားက အပြုသဘောဆောင်တဲ့ ထိတွေ့မှုလို့ခေါ်တဲ့ (constructive engagement)ကို လက်ကိုင်ထားပြီး မြန်မာနိုင်ငံကို အာဆီယံသို့ ဝင်ရောက်ခွင့်ပြုခဲ့တယ်။ မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးရာကိစ္စများကိုလည်း ပြည်တွင်းမှာသာဖြေရှင်းတဲ့ နည်းလမ်းတွေနဲ့ ဖြေရှင်းတာကိုထောက်ခံပြီး မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီစနစ်သို့ ကူးပြောင်းရာမှာ တစ်စိုက်မတ်မတ် အားပေးကူညီခဲ့တယ်။ ဒါ့အပြင် မြန်မာနိုင်ငံက အာဆီယံ အလှည့်ကျဥက္ကဋ္ဌတာဝန်ထမ်းဆောင်ရေးကိစ္စမှာလည်း သူငယ်ချင်းကို အစက ပြောပြခဲ့သလိုပဲ မြန်မာနိုင်ငံက ဥက္ကဋ္ဌတာဝန်ထမ်းဆောင်ဖို့ အဆင်သင့်ဖြစ်တာနဲ့တစ်ပြိုင်နက် မြန်မာနိုင်ငံကို ယုံယုံကြည်ကြည်နဲ့ တာဝန်ပေးအပ်ခဲ့တယ်။ ၂၀၁၄ ခုနှစ်ဟာ အာဆီယံအတွက် အလွန်အရေးကြီးတဲ့နှစ်ဖြစ်တယ်။ ဘာလို့လဲဆိုတော့ ၂၀၁၅ ခုနှစ်အကုန်မှာ ပေါ်ပေါက်လာမယ့် အာဆီယံအသိုက်အဝန်းကြီးအတွက် နောက်ဆုံး ပြင်ဆင်ရမယ့် နှစ်ဖြစ်တယ်။ အာဆီယံအသိုက်အဝန်းဆိုတာကတော့ သူငယ်ချင်း

> **အာဆီယံ ဥက္ကဋ္ဌရာထူးကို တာဝန်ယူဖို့ အာဆီယံ ခေါင်းဆောင်တွေက တစ်ညီတစ်ညွတ်တည်း သဘောတူခဲ့ကြတာတဲ့။**

နားလည်အောင်ပြောပြရရင် အာဆီယံကို ရွာကြီးတစ်ရွာသဘောမျိုး စဉ်းစားကြည့်လိုက်ကွာ၊ တစ်နိုင်ငံနဲ့တစ်နိုင်ငံ သွားလာဆက်ဆံကြတဲ့အခါမှာ အတားအဆီးမရှိသွားလာနိုင်မယ်၊ ဥပမာ - ဗီဇာတွေဘာတွေ မလိုတော့ဘူးကွာ၊ ၂၀၀၆ ခုနှစ်ကတည်းက ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်ဆိုင်ရာ မူဘောင်သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ပြီး နှစ်နိုင်ငံပြည်ဝင်ဗီဇာကင်းလွတ်ခွင့် သဘောတူညီချက်တွေ ချုပ်ဆိုပြီး၊ အာဆီယံနိုင်ငံသား မည်သူမဆိုကွာ ဘယ်အာဆီယံနိုင်ငံကိုပဲဖြစ်ဖြစ် လွတ်လွတ်လပ်လပ်သွားလာနိုင်ဖို့ ကြိုးစားနေကြတယ်၊ မြန်မာနိုင်ငံနဲ့ဆို စင်ကာပူရယ်၊ ထိုင်းရယ်၊ မလေးရှားရယ်ပဲ နှစ်နိုင်ငံသဘောတူစာချုပ်ချုပ်ဖို့ ကျန်တော့တယ်။ ဒါ့ကြောင့် မြန်မာနိုင်ငံသား ဘယ်သူမဆို သံတမန်နိုင်ငံကူးလက်မှတ်ပဲ ကိုင်ကိုင် official နိုင်ငံကူးလက်မှတ်ပဲကိုင်ကိုင်၊ သာမန်နိုင်ငံကူးလက်မှတ်ပဲကိုင်ကိုင် ကျန်အာဆီယံခြောက်နိုင်ငံကို ဗီဇာလျှောက်စရာမလိုဘဲ လွတ်လွတ် လပ်လပ်သွားနိုင်နေပြီ။ အဲဒီက တစ်ဆင့် မိမိနိုင်ငံရဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေကို ဖော်ထုတ်ပြသနိုင်ပြီး အာဆီယံနိုင်ငံသားတွေရဲ့ ယဉ်ကျေးမှုတွေကိုပါ လေ့လာနိုင်တယ်။"

"ဟေ . . . ဒါဆိုပျော်စရာကြီးပေါ့"

ကျွန်တော်စကားဖြတ်ပြောမိပါတယ်။

သူငယ်ချင်းက ဆက်ရှင်းပြပါတယ်။

"ဒါတင်ဘယ်ကအုံးမလဲ . . . . သူငယ်ချင်း၊ စီးပွားရေးအရလည်း အတားအဆီးတွေ မရှိတော့ဘူး။ ဥပမာ - တစ်နိုင်ငံနဲ့ တစ်နိုင်ငံ ကူးသန်းရောင်းဝယ်ကြတဲ့နေရာမှာ အခွန်အကောက်တွေဘာတွေ မရှိတော့ဘဲ အတားအဆီးမရှိ အာဆီယံနိုင်ငံအားလုံးတပြေးညီ လွတ်လပ်စွာကူးသန်းရောင်းဝယ်နိုင်တော့မယ်။ ဒီနေ့ အာဆီယံမှာ နိုင်ငံရေးအယူအဆ၊ ဘာသာအယူဝါဒနဲ့ အုပ်ချုပ်ပုံစနစ်တွေ ကွဲပြားခြားနားပြီး ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာတွေစုံလင်တဲ့ နိုင်ငံတွေပါဝင်တဲ့ အဖွဲ့အစည်းတစ်ခုဖြစ်တယ်။ အဲတော့ လူမျိုးအစုံ၊ ဘာသာအစုံရှိတဲ့ အာဆီယံမှာ အာဆီယံနိုင်ငံသားတွေအားလုံးဟာ တစ်ဦးနဲ့တစ်ဦး အချင်းချင်း ပေါင်းစည်းဆက်သွယ်မှုတွေ တိုးမြှင့်လာပြီး ယဉ်ကျေးမှုတွေဖလှယ်၊ နားလည်မှုတွေနဲ့ ကွဲပြားခြားနားမှုကနေစည်းလုံးမှု (Unity in Diversity)ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ပေါင်းစည်းမှုကို ဆောင်ရွက်နိုင်နေပြီ။ တစ်နိုင်ငံချင်းစီရဲ့ ကြိုးပမ်းမှုတွေကနေ ဒေသတစ်ခုလုံးရဲ့ ကျယ်ပြန့်ပြီး အားလုံး အကျိုးခံစားနိုင်တဲ့ စာမျက်နှာ ၃ သို့ » »



(၂၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိမှုကို တွေ့ရစဉ်။



(၂၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေး လုံခြုံရေးဆောင်ရွက်နေမှုကို တွေ့ရစဉ်။

> “နိုင်ငံတကာအသိုက်အဝန်းကလည်း မြန်မာနိုင်ငံကို စောင့်ကြည့်နေကြတယ်။ အချို့နိုင်ငံတွေက ဆိုရင် မြန်မာနိုင်ငံကို မလုပ်နိုင်ဘူးလို့ အထင်အမြင်သေးကြတာတွေတောင်ရှိတယ်။
>
> မြန်မာရဲ့ဂုဏ်သိက္ခာကို မြှင့်တင်နိုင်ပြီး ကမ္ဘာမှာ မြန်မာဆိုတာ ခပ်ညံ့ညံ့လူမျိုးတွေထဲမှာမပါဘူး။ လူတော်တွေဖြစ်ကြတယ်ဆိုတာကို သက်သေပြလိုက်တာပဲဖြစ်တယ်

» » စာမျက်နှာ ၂ မှအဆက်

ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းနိုင်ခဲ့ကြတယ်ကွ။ အာဆီယံနည်းလမ်း (ASEAN Way) လို့ခေါ်တဲ့ တစ်ဦးကိုတစ်ဦး ဝင်ရောက်စွက်ဖက်ခြင်းမရှိဘဲ သာတူညီမျှ တူညီဆန္ဒနဲ့ ဆုံးဖြတ်ချက်ချလေ့ရှိတဲ့ ထုံးစံလေးဟာ ကောင်းမွန်တဲ့ ချစ်ကြည်ရင်းနှီးတဲ့ စိတ်ဓာတ်ကို ဖြစ်ပေါ်စေတယ်လေ။ ဥရောပသမဂ္ဂလို အာဆီယံအတွင်းရေးမှူးချုပ်ရုံးကို အကြီးကြီး မထူထောင်ဘဲ အလှည့်ကျတဲ့ အာဆီယံနိုင်ငံက ဥက္ကဋ္ဌရဲ့ ဦးစီးဦးဆောင်မှုအောက်မှာ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ပြီး အာဆီယံရဲ့ အကျိုးစီးပွားကို တစ်ဆင့်ပြီး တစ်ဆင့် ထူထောင်နိုင်ခဲ့ကြတယ် . . . . သူငယ်ချင်း”လို့ သူငယ်ချင်းကပြောလိုက်တော့ ကျွန်တော်ကိုယ်ကျွန်တော် အာဆီယံနိုင်ငံသားတစ်ယောက်ဖြစ်ရတာ ဂုဏ်ယူသွားပါတယ်။ သူငယ်ချင်းက ဆက်ပြီးရှင်းပြပါတယ်။

“၂၀၁၅ ခုနှစ်မှာ အာဆီယံအသိုက်အဝန်း ထူထောင်ဖို့ကိုလည်း နိုင်ငံရေးနဲ့ လုံခြုံရေးအသိုက်အဝန်းမဏ္ဍိုင်၊ စီးပွားရေး အသိုက်အဝန်းမဏ္ဍိုင်နဲ့ လူမှုယဉ်ကျေးမှု အသိုက်အဝန်းမဏ္ဍိုင်ဆိုပြီး မဏ္ဍိုင် (၃) ရပ်ခွဲပြီး လမ်းပြမြေပုံတွေရေးဆွဲပြီး တစ်ဆင့်ချင်း တစ်ဆင့်ချင်း အကောင်အထည်ဖော်လာတာ အခုဆိုရင် နိုင်ငံရေးနဲ့ လုံခြုံရေးအသိုက်အဝန်းမဏ္ဍိုင်မှာဆိုရင် ၈၅ ရာခိုင်နှုန်း၊ စီးပွားရေးအသိုက်အဝန်းမဏ္ဍိုင်မှာဆိုရင် ၈၂ ရာခိုင်နှုန်းနဲ့ လူမှုယဉ်ကျေးမှုအသိုက်အဝန်းမဏ္ဍိုင်မှာဆိုရင် ၉၀ ရာခိုင်နှုန်းကျော်ခန့် ပြီးစီးသွားပြီဖြစ်တယ်။”

“ဒါဆိုအချိန်ကိုက်ပဲပေါ့ ၂၀၁၅ ခုနှစ်လည်းကုန်ရော အာဆီယံအသိုက်အဝန်းကြီးလဲ ပေါ်ပေါက်လာရောပေါ့”လို့ ပြောလိုက်မိပါတယ်။

သူငယ်ချင်းက “ဒါပေါ့သူငယ်ချင်းရာ။ နောက်ပြီး၂၀၁၄ခုနှစ်မှာ အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ထမ်းဆောင်ခြင်းဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအနေနဲ့ အခြားအာဆီယံနိုင်ငံတွေနည်းတူ အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်နိုင်တယ်ဆိုတာကို ပြသနိုင်တာပဲ။ ဘာလို့လဲဆိုတော့ မြန်မာနိုင်ငံဟာ အာဆီယံအဖွဲ့ဝင်ဖြစ်လာတာ (၁၇) နှစ်ရှိလာပြီ ဖြစ်ပေမယ့် အာဆီယံဥက္ကဋ္ဌတာဝန်ကို ပထမဆုံးအကြိမ် ထမ်းဆောင်တာပဲဖြစ်တယ်။ နိုင်ငံတကာအသိုက်အဝန်းကလည်း မြန်မာနိုင်ငံကို စောင့်ကြည့်နေကြတယ်။ အချို့နိုင်ငံတွေက ဆိုရင် မြန်မာနိုင်ငံကို မလုပ်နိုင်ဘူးလို့ အထင်အမြင်သေးကြတာတွေတောင်ရှိတယ်။ ဒါ့ကြောင့် ဒီနှစ်မှာ မြန်မာနိုင်ငံဟာ အခြားအာဆီယံနိုင်ငံတွေနည်းတူ လုပ်နိုင်တယ်ဆိုတာကို ပြသရာလည်းရောက်တယ်။ တစ်နည်းအားဖြင့်ပြောရရင် မြန်မာရဲ့ဂုဏ်သိက္ခာကို မြှင့်တင်နိုင်ပြီး ကမ္ဘာမှာ မြန်မာဆိုတာ ခပ်ညံ့ညံ့လူမျိုးတွေထဲမှာမပါဘူး။ လူတော်တွေဖြစ်ကြတယ်ဆိုတာကို သက်သေပြလိုက်တာပဲဖြစ်တယ်”လို့ ရှင်းပြပါတယ်။

အဲလိုပြောလိုက်တော့ ကျွန်တော့်စိတ်ထဲမှာ မခံချင်စိတ်ဖြစ်သွားပါတယ်။ ကျွန်တော်ဟာ အခွင့်အရေးမသာလို့သာ စီးပွားရေးကိုဇောက်ချလုပ်နေရပေမယ့် မြန်မာနိုင်ငံသားပီပီ လူမျိုးချစ်စိတ်တော့ ပြင်းထန်ပါတယ်။ ကျွန်တော်တို့ မြန်မာတွေဆိုရင် အထင်အမြင်သေးတာတွေ။ ကျွန်တော်တို့ မြန်မာနိုင်ငံကို စီးပွားရေးကန့်သတ်တာတွေ နိုင်ငံရေးကန့်သတ်တာတွေကိုတော့ ကျွန်တော်လုံးဝမခံချင်ပါ။ ကျွန်တော်တို့ မြန်မာနိုင်ငံကိုလည်း ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံကြီးတစ်နိုင်ငံ ဖြစ်စေချင်ပြီး၊ မြန်မာနိုင်ငံသားတွေကိုလည်း အဆင့်အတန်းမြင့်မြင့်နေစေချင်တာ ကျွန်တော့်စိတ်ရင်း အမှန်ပါ။ သူငယ်ချင်းက ဆက်ပြီးရှင်းပြပါတယ်။

“နောက်ပြီး ဒီနှစ်ဆို မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌဖြစ်တဲ့အတွက် အာဆီယံအစည်းအဝေးတွေကို အိမ်ရှင်အဖြစ် လက်ခံကျင်းပနေတာ မင်းလည်းအသိပဲ၊ အစည်းအဝေးတွေကို လာတက်ကြတဲ့ ကိုယ်စားလှယ်တွေက မြန်မာနိုင်ငံမှာ နိုင်ငံခြားငွေတွေ သုံးမယ်ကွာ၊ နောက်ပြီးလေ့လာရေးခရီးတွေ သွားကြမယ်ကွာ၊ မြန်မာနိုင်ငံ ထုတ်ကုန်ပစ္စည်းတွေ ဝယ်ကြမယ်ကွာ၊ အဲတော့ မြန်မာ့ယဉ်ကျေးမှုအနုပညာလက်ရာတွေကို ပြသနိုင်ရုံမကဘဲ ယဉ်ကျေးမှုတွေလည်း ဖလှယ်နိုင်မယ်၊ မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်းကို အထောက်အကူဖြစ်စေမယ်။ နိုင်ငံခြားဝင်ငွေတွေ သိသိသာသာ တိုးတက်လာမယ်၊ နောက်ပြီး ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်တွေလည်း စီးပွားရေးအခွင့်အလမ်းတွေ အများကြီးရကြတယ်လေ၊ နောက်ပြီး------ ဆိုပြီး သူငယ်ချင်းက နာရီတစ်ချက်ကြည့်လိုက်ပြီး” ဟာ. . . လို့ အကျယ်ကြီး အော်လဲအော် မတ်တပ်လဲပြုန်းကနဲဆိုရပ်ပြီး ပြောလိုက်ပါတယ်။

“ငါ အစည်းအဝေးတစ်ခုသွားရဦးမယ်ကွ သတိရလိုက်လို့ တော်သေးတယ်။ မင်းကို နောက်မှဆက်ပြီးရှင်းပြမယ်။ ပြောပြစရာတွေ အများကြီးကျန်သေးတယ်။ သူငယ်ချင်းကို အပေါ်ယံလေးပဲ ပြောရသေးတာ။ နောက်မှ အေးဆေးထပ်တွေ့ကြမယ်ကွာ။ အခုတော့ ခွင့်လွှတ်ကွာ၊ ငါသွားတော့မယ်။”ဆိုပြီး ခြေလှမ်းပြင်လိုက်ပါတယ်။

ကျွန်တော်လည်း ရုတ်တရက်ဆိုတော့ အံ့သြမင်သက်ပြီး “အေးအေး” တစ်ခွန်းပဲ ပြောလိုက်နိုင်ပါတော့တယ်။ သူငယ်ချင်းက အာဆီယံအကြောင်းကို အပေါ်ယံလေးပဲ ပြောပြသေးတာဆိုပေမယ့် ကျွန်တော်အဖို့တော့ အာဆီယံအကြောင်း ဗဟုသုတတွေ တအုံတမကြီးရလိုက်ပါတယ်။ နောက်ပြီးပေါင်းများစွာနဲ့ ထွက်သွားတဲ့ သူငယ်ချင်းရဲ့ နောက်ကျောကိုကြည့်ပြီး ရင်ထဲမှာလည်း မျိုးချစ်စိတ်ဓာတ်အပြည့်ရှိတဲ့ မြန်မာနိုင်ငံသားပီပီ မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌတာဝန်ကို (၁၇)နှစ်ကြာမှပထမဆုံးအကြိမ် ထမ်းဆောင်နေတာကို ဂုဏ်ယူစိတ်နဲ့ အလေးအနက်တန်ဖိုးထားတဲ့စိတ်နဲ့၊ အာဆီယံနိုင်ငံသားတစ်ယောက်ဖြစ်ရတာကိုလည်း ဂုဏ်ယူတဲ့စိတ်တွေ တဖွားဖွားဖြစ်လာပါတယ်။ ။



(၂၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေး လုံခြုံရေးဆောင်ရွက်နေမှုကို တွေ့ရစဉ်။



(၂၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကာလ၌ နိုင်ငံ့အကြီးအကဲများတည်းခိုမည့် ဟိုတယ်အတွင်း ပြင်ဆင်ထားရှိမှုကို ဤသို့တွေ့ရစဉ်။







နေပြည်တော် ခုတင်(၁၀၀၀) အထွေထွေရောဂါကုဆေးရုံ အထူးကြပ်မတ်ကုသဆောင်တွင် ကြိုတင်ပြင်ဆင်ထားရှိမှုကို တွေ့ရစဉ်။

Mr.Paul Blake & Mrs.Magda Blake တို့
Think in English
IELTS

သက်ရှိလောကတည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ရွှေနဂါး
Ph:228077, 09-73187000

H.A.L TRAVELS

ရွှေဝင်းရှုပ် Travels & Tours

| | | |
|---|---|---|
| | | USD 450 |
| | | USD 950 |
| | | USD 2700 |
| | | USD 2600 |
| | | USD 3500 |
| | | USD 4200 |
| | | USD 4800 |
| | | USD 6000 |

Hot Line: 09-73083772

COHABO
70000
Ph: 203519
09 516 4775, 09 731 61775

01-293150
01-9009293
09-5150948

Promotion
Ph-01-200113/392216



(၁)လုံး - 1500Ks

Myanmar B2B Management Magazine

နိုဝင်ဘာလထုတ် ထွက်ပြီ



DVD Magazine

PANDA Engineering Group
Air Con
Air-Con Second-hand
Air-Con
Electrical Installation
09 515 8803,
09 732 29024, 09 519 8402,
09 253 833810, 09 254 838242

# Congratulations
To
**MYANMAR ENGINEERING SOCIETY**
*For Hosting of*
## 32nd CONFERENCE OF ASEAN ENGINEERING ORGANIZATIONS
## CAFEO - 32
**10th~13th, November 2014 at SEDONA HOTEL, Yangon, MYANMAR**
*Best wishes from*
Sponsor Companies

SKY NET
WEG
NIBBAN
Asia World
Z&A
UBM
Schneider Electric
UNITED
Y.E.S
ORANGE


EXAM SPECIAL CLASS


Bangkok
Singapore
HongKong


KHIN MAUNG NYUNT TRADING CO., LTD.
KHIN MAUNG NYUNT TRADING CO., LTD
No.18, Pyidaungsu Road, (24) Ward, South Dagon Township, Yangon.
Tel : (95-1) 590227, 591306
Fax : (95-1) 590818


သမ္မတ
သွင်
မင်္ဂလာ (၁)
မင်္ဂလာစံပြ
Top Royal


CAPITAL
hypermarket
Date: 8th - 16th Nov, 2014
HOUSEHOLD
FAIR


ON SITE ZINC GALVANISING SYSTEM
သွပ်ရည်စိမ်ရန် "ကန်"မလိုဘဲ နည်းပညာသစ်ဖြင့် သွပ်ရည်
"coating" လုပ်ပေးသည်။ နေရာမရွေး၊ အရွယ်ပမာဏ
မရွေး ပြုလုပ်နိုင်သည်။
Address - Royal Marine Engineering & Trading Co., Ltd
Tel : 95-1-505665, 530830, 959-73198128

နှင်းဦးလှိုင်
ချစ်မြိုင်အေးသူ
01-582829,09-73198239
01-569782,09-450006779
စာအုပ်စာပေလှူမိတ်ဆွေ
Aptis Test
09-7303 9050, 09-4312 9900, 01-230 1095

## (၃၅)နှစ်မြောက် ကျောက်စိမ်းရတု မင်္ဂလာနှစ်ပတ်လည်ဆုတောင်း

ဖေဖေ ဦးထွန်းလှအောင် (ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)-မေမေ ဒေါ်တင်တင်အေးတို့၏ ၁၁-၁၁-၂၀၁၄ရက်တွင် ကျရောက်သော (၃၅)နှစ်မြောက် ကျောက်စိမ်းရတုမင်္ဂလာနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သော သား၊ မြေးများနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သား၊ ချစ်မြေးများ
ကိုနေလင်းအောင်-မတင်ဇာဇာမင်း
မြေး- မစုနှင်းလတ်၊ မောင်ဟိန်းဇေယျာထွန်း
ကိုကျော်သူထွန်း-မစုမြတ်ထွေး
မြေး- မောင်လင်းအောင်ကျော်ဗိုလ်
ကိုပြည့်ဖြိုးအောင်-မအေးချိုသရဖီကျော်
ကိုကျော်ဇင်ထွန်း မောင်အောင်ထက်သူ









MHR MANAGEMENT INSTITUTE
ABE(UK) Management Diploma
MBA
MHR Management Institute
abe @ MHR
MHR. No. 905, 9th Floor, Thanzay Condo, Lanmadaw Street, Yangon.
Tel:210166, 707822, 395802, 095045551,0973217110 Email:mhr@myanmar.com.mm




သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

## Happy Birthday "ဦး"

တူ၊ တူမများအပေါ် သားသမီးရင်းနှင့်မခြား ကျွေးမွေးပြုစု စောင့်ရှောက်ပေးခဲ့ပါသော ကျေးဇူးရှင် "ဦး" ၏ ၁၁-၁၁-၂၀၁၄ရက်တွင် ကျရောက်သော မွေးနေ့ မင်္ဂလာရက်မြတ်မှသည် နောင်မွေးနေ့ ပေါင်းများစွာတိုင် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် လောကီ၊ လောကုတ္တရာနှစ်ဖြာသော အကျိုးကို ဆောင်ရွက်နိုင်ပြီး ချစ်သော မိသားစုနှင့်အတူ ပိုမိုသာယာပျော်ရွှင်ပြည့်စုံသော ဘဝကို ပိုင်ဆိုင်နိုင်ပါစေလို့ ဂါရဝပြု ဆုမွန်ကောင်းတောင်းလျက်-------

ချစ်သော တူ/တူမများ
သားသား-စုစု၊ အောင်သက်ဦး-မီးမီး
ငြိမ်းချမ်း-ရည်မွန်၊ မွှေးမွှေး
ဂျဲဂျဲ၊ ကဲကဲ၊ ကုကု၊ သုသု၊ တုံတုံ












## Happy Birthday"ဖေဖေ"

သား လေးစားရဆုံးဖေဖေရဲ့ ၁၁-၁၁-၂၀၁၄ရက်မှာ ကျရောက်တဲ့ မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ဖေဖေချစ်တဲ့ မေမေ"ဖြူ"နဲ့ အတူ အသက်ရှည်ကျန်းမာချမ်းသာစွာနဲ့ တိုင်းပြည်အကျိုး၊ ဘာသာ သာသနာအကျိုး ဆတက်ထမ်းပိုးသယ်ပိုးနိုင်ပါစေလို့ ဆုတောင်းလိုက်ပါတယ်-----

ချစ်သော တစ်ဦးတည်းသောသား
ဖိုးသား

